www.burmeseclassic.com

BURMESE CLASSIC .com

# ခန်းခါကြွင်းချမ်း

နံနက်ခင်းများနဲ့
ထုဆစ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၂၆၂၀၆၁၀ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၁၄၈၄၁၂၀၇ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ မတ်လ၊ ၂၀၀၈ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – Rainmaker

■ ကွန်ပျူတာစာစီ – သူသူ (ကွန်ပျူတာ)

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ဒွန်းချိုငြိမ်းချမ်း

BURMESE CLASSIC

---

# နံနက်ခင်းများနဲ့ထုဆစ်ထားတဲ့ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘဝကို
ကျွန်တော် ပြန်မရမချင်း
ဟောဒီညတွေကို
အိပ်စက်ခြင်းနဲ့
အသက်သွင်းနေရဦးတော့မှာပါပဲ. . .။

BURMESE CLASSIC

ဇော်ထက်လူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဝုန်း"

"အား"

" 'အာတူး' ကတော့ လုပ်ပြီကွာ. . . ကဲ"

ကျွန်တော်က နာသွားသောခေါင်းကို ပွတ်ရင်း ကြယ်တာရာ စစ်ပွဲဇာတ်ကားများတွင် ပါဝင်သည့် စက်ရုပ်လေးအာတူး၏ ခါတ်ပုံကားချပ်ကို ကန်ထုတ်လိုက်သည်။ ထိုဓာတ်ပုံကားချပ်မှာ ကျွန်တော့် အရပ်ခန့်မြင့်ပြီး ကြမ်းပြင်ပေါ်တွင် ဒေါက်ထောက်၍ ထောင်ထား၍ ရသည်။

ကျွန်တော်ကြိုက်နှစ်သက်သည့် သိပ္ပံဝတ္ထုစာအုပ်ကို မမ်း မကမ်း လှမ်းယူစဉ် ထိုဓာတ်ပုံကားချပ်က ကျွန်တော့်ခေါင်းပေါ်သို့ ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျလာခြင်းပင်။ အာတူး၏ ခေတ်ပုံကားချပ်ကို ကျွန်တော် မကျေ ချေမ်းဖြင့် ထပ်ကန်မပစ်လိုက်သည်။

"ရော့. . . မှတ်ပြီလား. . . ငါ့ကို ဒုက္ခပေးဦး"

ကျွန်တော့်အိပ်ခန်းကို ကျွန်တော် စိတ်ပျက်ငြီးငွေ့စပြုနေပြီဖြစ်သည်။ ကျွန်တော်၏ ကိုယ်ပိုင်ပစ္စည်းများသည် ပိုင်ရှင်ကို အငြိုးထားသည့်အလား. ကိုယ်ပေါ်သို့ တစ်ခုမဟုတ်တစ်ခု ပြုတ်ပြုတ်ကျလာတတ်၏။

ကျွန်တော်၏အိပ်ခန်းမှာ ပစ္စည်းပစ္စယများဖြင့် အမြဲတစေရှုပ်ပွနေလေ့ရှိသည်။ နံရံပေါ်မှပစ္စည်းများ ကျွန်တော့်ကိုယ်ပေါ်သို့ ပြုတ်ကျတတ်သည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့ပေ။

"ကဲကွာ"

ကျွန်တော်က အာတူး၏ခေတ်ပုံကားချပ်ကို ခပ်ဝေးဝေးသို့ လွင့်သွားအောင် နောက်ဆုံးအကြိမ်အဖြစ် ကန်ထုတ်လိုက်သည်။

"သိပ္ပံရူးရူးနေတဲ့ ဆယ့်ခြောက်နှစ်သားကလေး 'ဇော်ထက်လူ' ဟာ. . ."

ကျွန်တော်၏အစ်ကိုဖြစ်သူ ကျော်မိုးဟန်က အိပ်ခန်းတံခါးဘောင်ကိုမှီရပ်ကာ အသံဖမ်းစက်ထဲသို့ စကားပြောနေ၏။

"ငါ့အခန်းထဲကထွက်သွား"

ကျွန်တော်က သူ့ကို စိတ်ပျက်စွာ မောင်းထုတ်လိုက်သည်။

သို့ရာတွင် ကျော်မိုးဟန်က သူ့ထုံးစံအတိုင်း ကျွန်တော့်ကို လုံးဝလျစ်လျူရှုထား၏။ သူပြောချင်ရာကိုသာ အသံဖမ်းစက်ထဲသို့ ဆက်ပြောနေလေသည်။

"ဇော်ထက်လူဟာ အရွယ်နဲ့မလိုက်အောင် ပိန်ပိန်သေးသေး မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေးတစ်ယောက်ဖြစ်ပါတယ်။ ဇော်ထက်လူ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဆံပင်တွေဟာ နက်မှောင်ဖြောင့်စင်းပြီးတော့ အခပေါ်ဆုံးမှကြည့်ရင် ကတ္တရာပုံးခွံကြီးကို သူ့ခေါင်းမှာ ဆောင်းထားသလိုပါပဲ"

ကျော်မိုးဟန်က တမင်တကာလုပ်ထားသော အသံဖြင့်ကြေငြာနေ၏။ သူက Discovery ထဲမှ စီစဉ်တင်ဆက်သူတစ်ယောက်လို အသံမျိုးဖြင့်ပြောရန် ကြိုးစားနေခြင်းဖြစ်၏။

သို့ရာတွင် ကျွန်တော့်အတွက်တော့ ကျော်မိုးဟန်၏အသံက အစီအစဉ်တင်ဆက်သည့်လူ၏ အသံနှင့်မတူ။ ရပ်ကွက်ထဲတွင် လျှော်ဆားလှည့်လည်ရောင်းနေသည့် လူရွှင်တော်အသံဖြင့် ပိုတူသည်ဟု စိတ်ထဲက အောက်မေ့မိလေသည်။

"ငါ့ဘာသာငါ. . . ကတ္တရာပုံးခွံမကလို့ မီးသွေးအိတ်ပဲ ခေါင်းပေါ်တင်ထား. . . တင်ထား. . . မင်းအပူပါလား"

ဟု ကျွန်တော်က မခံမရပ်နိုင်စွာ အော်လိုက်၏။

ကျွန်တော်၏အစ်ကိုနှင့် အစ်မဖြစ်သူ ကျော်မိုးဟန်နှင့် သက်နှင်းစံတို့၏ ဆံပင်များမှာ ကျွန်တော့်လို နက်မှောင်မနေဘဲ အညိုရောင်ဘက်သန်းသည်။ ကျွန်တော်၏ဆံပင်ကတော့ ပိတုန်းရောင်နက်မှောင်နေ၏။ ဖေဖေ့ဆံပင်တွေက ကျွန်တော်နှင့် တစ်ပုံစံတည်းတူသည်ဟု မေမေက စိတ်လိုလက်ရပြောပြဖူးသည်။ သို့ရာတွင် ကျွန်တော်က ဖေဖေ့ကို ကောင်းကောင်းမမှတ်မိတော့ပါ။ ဖေဖေက ကျွန်တော် ငယ်စဉ်ကတည်းက ဆုံးပါးသွားသောကြောင့် ဖြစ်သည်။

ထိုစဉ် ကျော်မိုးဟန်က ကျွန်တော့်ကို အားရကျေနပ်စွာ ပြုံး၍ကြည့်ရင်း ဘောလုံးပွဲကြေငြာသည့်အသံဖြင့် ဆက်ပြောနေလေသည်။

"ဖော်ထက်လူက သူ့အခန်းကို သီပွဲဖာတ်လမ်းစာအုပ်တွေ ကာတွန်းစာအုပ်တွေ၊ စက်ရုပ်တွေ၊ ကြိုးဟ်သားရုပ်တွေ၊ ဖိနပ်ဟောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com


ဘာမှန်းမသိတဲ့ ဖြုတ်စဖျင်းတောင်း တိုလီမိုလီတွေနဲ့ ပြည့်နှက်နေအောင် ထည့်ထားပါတယ်။ ဒီအခန်းလေးထဲမှာ ဇော်ထက်လူ ဘယ်လိုနေထိုင်သလဲဆိုတာ သိပ္ပံပညာရှင်တွေက လေ့လာသင့်ပါတယ်။ ရှုးကြောင်ကြောင်လူတွေမှာ သာမန်လူတွေနဲ့မတူညီတဲ့ဓလေ့ စရိုက်မျိုးရှိတယ်ဆိုတာ မေ့မထားသင့်ပါဘူး"

"ရှူးတော့ဘာဖြစ်လဲ. . . ရှူးတာကကုလို့ရတယ်၊ မင်းလိုပေါတာက ကုလို့မရဘူး"

"အေး. . . ပေါတာလည်း ပါရမီပါမှ ပေါလို့ရတာကွ၊ မင်းရော ငါ့လို လိုက်ပေါနိုင်လို့လား"

ကျော်မိုးဟန်က ကျွန်တော့်ကိုကြည့်ကာ သူ၏ ပုံမှန်လေသံအတိုင်းပြောရင်း ပြန်ချေပလိုက်၏။

ထိုစဉ် ကျွန်တော့်အစ်မ သက်နှင်းစံက ကျော်မိုးဟန်၏ဘေးမှ တံခါးဝတွင် ဘွားကနဲပေါ်လာသည်။

"ဒီအရှူးကမ္ဘာလေးထဲမှာ ဘာတွေဖြစ်နေကြတာလဲ၊ နင့်ကိုအရှူးဂြိုဟ်ပေါ်က လာမခေါ်သေးဘူးလား. . . ဇော်ထက်လူ"

သက်နှင်းစံ၏စကားကြောင့် ကျွန်တော်က သူမအား ဝတ္ထုစာအုပ်ဖြင့် ဒေါသတကြီး ပိတ်ပေါက်လိုက်၏။

အစ်မသက်နှင်းစံက ဒုတိယနှစ်ကျောင်းသူဖြစ်ပြီး အစ်ကိုကျော်မိုးဟန်ကတော့ တတိယနှစ်ကျောင်းသား ဖြစ်သည်။ သူတို့က ကျွန်တော့်ကို အမြဲတမ်း နှစ်ယောက်ပေါင်းပြီး ဗိုလ်ကျလေ့ရှိသည်။

ထိုစဉ် ကျော်မိုးဟန်က အသံဖမ်းစက်ထဲသို့ ထပ်ပြောပြန်၏။

"ဟော. . . ဒီအရှူးလေးဟာ သူ့ကိုရန်စရင် ပြန်ပြီးရန်မူတတ်ပါတယ်၊ ဒါပေမဲ့ သူဟာ ဘဲဥပုပ်တစ်လုံးထက် ပိုပြီး ကြောက်

www.burmeseclassic.com

www.burmeseclassic.com



စရာမကောင်းပါဘူး''

''ထွက်သွားကြကွာ''

ကျွန်တော်က စိတ်ဆိုးမာန်ဆိုးဖြင့်အော်ရင်း အိပ်ခန်းတံခါးကို ပိတ်ရန် ကြိုးစားလိုက်၏။ သို့ရာတွင် သူတို့နှစ်ယောက်က တံခါးဝတွင် ကိုးလို့ကန့်လန့် ပိတ်ကာ ရပ်နေကြလေသည်။

ကျော်မိုးဟန်က . . .

''ဘာလို့ ထွက်သွားရမှာလဲ၊ ငါ့ကို ကျောင်းကလုပ်ခိုင်းထားတဲ့ လက်တွေ့သင်ခန်းစာလုပ်နေတာ၊ မိသားစုထဲကလူတွေအားလုံးကို သေချာလေ့လာအကဲခတ်ပြီး သူတို့ရဲ့ ပြုမူလှုပ်ရှားပုံတွေအကြောင်းကို တွေ့ရှိချက်ပြန်ရေးရမယ်လို့ ကျောင်းကခိုင်းထားတယ်၊ ဒါ လူမှုရေးသိပ္ပံလို့ခေါ်တယ်ကွ''

''ဘာမှ လူမှုရေးသိပ္ပံမဟုတ်ဘူး၊ ငါ့ကို ဆယ်တန်းကျောင်းသားပဲဆိုပြီး လာမဖြီးနဲ့၊ လူမှုရေးသိပ္ပံဆိုတာ ပထဝီတို့ သမိုင်းတို့ ဘောဂဗေဒတို့လိုဟာတွေကို ခေါ်တာမဟုတ်ဘူးလား''

''ဟာကွာ. . . လူမှုရေးသိပ္ပံပါဆို. . . ဒီအရူးလေးကလည်း၊ ဘာပဲဖြစ်ဖြစ် ငါ့ကို ကျောင်းကခိုင်းထားတာတော့ လုပ်ရမှာပဲ''

''ဒါဆိုလည်း သက်နှင်းစံ နှပ်ချေးကလော်နေတာကို သေချာထိုင်ကြည့်နေပေါ့ကွာ''

ကျွန်တော့်စကားကြောင့် သက်နှင်းစံက ကျော်မိုးဟန်၏ ပခုံးကို ဘေးသို့တွန်းတိုက်လိုက်ရင်း အိပ်ခန်းထဲသို့ ဖိုးဖိုးဖက်ဖက်ဖြင့် ဝင်လာ၏။ ထို့နောက် သူမက ကျွန်တော်၏ တီရှပ်အကျီလည်ပင်းကို ဆွဲယူဆုပ်ကိုင်လိုက်သည်။ သူမက သွားကိုစေ့ထားသောအသံဖြင့် . . .

''ငါ့ကို ဘာပြောလိုက်တာလဲ. . . ပြန်ပြောစမ်း''

''ငါ့အကျီကို လွှတ်၊ နင်ဆွဲတာနဲ့ ငါ့တီရှပ်အကျီလည်ပင်း

www.burmeseclassic.com

www.burmeseclassic.com


ပေါက် ကျယ်သွားမယ်နော်"

ကျွန်တော်က သူမဆွဲထားသည်ကို လွတ်အောင်ရုန်းရင်း စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်သည်။

"အော်ထက်လူဟာ သူ့ရဲ့ ရှုံးကြောင်ကြောင် အဝတ်အစား တွေနဲ့ ပတ်သက်ရင် နည်းနည်းမှအထိမခံပါဘူး"

အရေးထဲ ကျော်မိုးဟန်ကလည်း အသံဖမ်းစက်ဖြင့် စကား ပြောနေသေး၏။

"ငါ့ကို ပြန်တောင်းပန်ရင်တောင်းပန်၊ မတောင်းပန်ရင် ဖြူလုံး ကိုခေါ်ပြီး ကိုက်ခိုင်းလိုက်မယ်"

ဖြူလုံးမှာ ကျွန်တော်တို့အိမ်မှ ရှီဖူးခွေးလေးဖြစ်သည်။ သို့ ရာတွင် ဖြူလုံးမှာ ကျွန်တော်နှင့်မတည့်။ သူ့ကို စနောက်လွန်းသဖြင့် အငြိုးထားပြီး ကျွန်တော့်ကိုတွေ့တိုင်း ရန်မူသည့်ခွေးဖြစ်သည်။

ဖြူလုံးမှာ ကျွန်တော်မှလွဲ၍ ကျန်မိသားစုဝင်အားလုံးနှင့် တည့်သည်။ သူစိမ်းများအိမ်ကိုလာလျှင်ပင် သူက အမြီးနန့်၍ကြိုခြင်း၊ သူတို့၏ခြေထောက်များကို အနံ့ခံပြီး လျှာဖြင့်လျက်ခြင်းများ လုပ် လေ့ရှိသည်။ ကျွန်တော်နှင့်တွေ့လျှင်တော့ 'ဂူး. . .ဂဲ' နှင့် မာန်ဖီနေ တတ်၏။

တစ်ခါကဆိုလျှင် ကျွန်တော် အိပ်ပျော်နေစဉ် ဖြူလုံးက အိပ်ခန်းထဲသို့ခိုးဝင်ပြီး လာကိုက်ဖူးသည်။ ကျွန်တော့်မှာ အအိပ်ကြီး သူဖြစ်သည့်တိုင်အောင် ခွေးကိုက်ခံရသည့်အတွက် ဆတ်ကနဲ လန့်နိုး သွားခဲ့သည်။ ကျွန်တော်ပြောတာ မယုံမရှိပါနှင့်။ သင်လည်း အိပ် ပျော်နေတုန်း ခွေးကိုက်ခံရရင် လန့်နိုးသွားမှာပါပဲ၊ မယုံလျှင် စမ်းကြည့် ပါ။ ကျွန်တော့်လို ကယောင်ကတမ်းထပြီး အအော်ကောင်း၍ ခွေး ကိုက်ခံရမည့်ဘေးမှ သီသီကလေး လွတ်သွားမည်ဆိုလျှင်တော့ သင်

www.burmeseclassic.com

www.burmeseclassic.com


လည်း ကံထူးရှင်စာရင်းထဲ ပါမှာပါပဲ။

"ဖြူလုံးရေ. . . အို. . . အို"

သက်နှင်းစံက ဖြူလုံးကို အော်ခေါ်ဟန်ပြုလိုက်၏။

"မလုပ်နဲ့. . . ငါ တောင်းပန်တယ်ဟာ. . . ဟုတ်ပြီလား"

"အေး. . . ဒီလိုလိမ္မာမှပေါ့၊ ငါ့မောင်လေးကို ဆုပေးရမယ် ရော့. . ."

"ဒေါက်"

"အာ့"

"သိပ္ပံရှူးလေးကို သူ့ရဲ့အစ်မက ခေါင်းခေါက်လိုက်တဲ့အတွက် အရှူးလေးက 'အာ့' လို့ အော်လိုက်ပါတယ်"

နောက်ဆုံးတွင် သက်နှင်းစံက ကျွန်တော့်အင်္ကျီကို ဆွဲထားရာမှ ဆောင့်တွန်းပြီး လွှတ်ပေးလိုက်၏။ ဆောင့်တွန်းလိုက်သည့်အရှိန်ကြောင့် ကျွန်တော့်မှာ ကုတင်ပေါ်သို့ ဝုန်းကနဲ ပက်လက်ကလေးလဲကျသွားသည်။ ကျွန်တော့်ကုတင်ဘေးမှ နံရံကို ဒုန်းကနဲဆောင့်မိသဖြင့် စာအုပ်စင်ပေါ်မှစာအုပ်များက မိုးသီးကြွေကျသလို ကျွန်တော့်ကိုယ်ပေါ်သို့ တဘုတ်ဘုတ်ပြုတ်ကျလာသည်။

"ငါ့ကို အသံဖမ်းစက်ခဏပေး"

သက်နှင်းစံက ပြောပြောဆိုဆိုဖြင့် ကျော်မိုးဟန်၏လက်ထဲမှ အသံဖမ်းစက်ကို ဆတ်ကနဲဆွဲလုကာ အောင်မြင်ဝံ့ကြွားစွာအော်လိုက်၏။

"သိပ္ပံရှူးကလေး လဲကျသွားပါပြီ။ သာမန်လူတွေနေတဲ့ ကမ္ဘာကြီး ငြိမ်းချမ်းသွားအောင်လုပ်ပေးတဲ့အတွက် သက်နှင်းစံကို ကျေးဇူးတင်ကြပါရှင်. . . ဝူး. . . ဟူး. . . ဟူး"

ကိုယ့်အမြီးကိုပြန်မြိုနေတဲ့ မြွေတစ်ကောင်လို ကျွန်တော့်ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွန်တော် မုန်တီးစက်ဆုပ်နေခဲ့တာ ကြာပါပြီ. . .။

ကျော်မိုးဟန်နှင့် သက်နှင်းစံတို့အတွက်တော့ ကျွန်တော် သည် သူတို့ အပျင်းပြေဆော့စရာ လက်ဝှေ့သဲအိတ်တစ်လုံးထက် ပိုပြီး အရေးမပါပါ။ မေမေသာ အိမ်မှာရှိလျှင်တော့ သူတို့ ကျွန်တော့်ကို သည်လိုဗိုလ်မကျရဲပါ။

သို့ရာတွင် မေမေက အိမ်မှာရှိခဲသည်။ မေမေသည် ဖေဖေ ကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သောပစ္စည်းများ လုပ်ငန်းများကိုရောင်း ချပြီး အထည်ချုပ်စက်ရုံတစ်ခု ထူထောင်ထား၏။ အထည်ချုပ် လုပ်ငန်းမှာ မေမေကျွမ်းကျင်သည့်လုပ်ငန်း ဖြစ်သော်လည်း ထိုစက်ရုံ ကို နေ့ရောညပါ ကြီးကြပ်ကွပ်ကဲရသည့်အတွက် မေမေ့မှာ စက်ရုံ၌သာ အနေများလေသည်။

အိမ်တွင် မေမေမရှိသည့်အတွက် ကျော်မိုးဟန်နှင့် သက် နှင်းစံက ကျွန်တော့်ကို ဂရုစိုက်ကြရ၏။ သူတို့က ကျွန်တော့်ကို တကယ်ပင် ဂရုစိုက်ပါသည်။ အဟုတ် ဂရုစိုက်ပါသည်။

တစ်နေ့တွင် နှစ်ဆယ့်လေးနာရီရှိသည့်အနက် တစ်စက္ကန့် လေးမျှ ကျွန်တော့်ကို စိတ်ချမ်းသာခွင့်မရရှိအောင် သူတို့ နည်းမျိုးစုံ ဖြင့် ဂရုစိုက်ကြပါသည်။

"သူ့အခန်းက ညစ်ပတ်နံစော်နေတာပဲ၊ ဒီအခန်းထဲကထွက် ကြစို့ ကျော်မိုး"

သက်နှင်းစံ၏စကားအဆုံးတွင် ကျော်မိုးဟန်က အိပ်ခန်းတံခါး ကို ဝုန်းကနဲ ဆောင့်ပိတ်ပြီး သူတို့နှစ်ယောက်စလုံး အခန်းထဲမှ ထွက်ခွာသွားကြလေ၏။ သူတို့၏တံခါးကို ဆောင့်ပိတ်လိုက်သည့် အရှိန်ကြောင့် ဗီရိုပေါ်မှ အာကာသယာဉ်ပုံစံ အရုပ်တစ်ခုက ကြမ်း ပြင်ပေါ်သို့ ခွပ်ကနဲပြုတ်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သက်ပြင်းချရင်း အိပ်ရာထက်တွင် လဲလျောင်းကာ 'ပလူတိုဂြိုဟ်ပေါ်မှ ပုရွက်ဆိတ်တိုက်ပွဲ' စာအုပ်ကို ဖတ်နေမိ၏။ ဖြစ်နိုင်လျှင် သည်အိမ်တွင်နေရမည့်အစား ပလူတိုဂြိုဟ်ပေါ်မှာသာ သွားနေလိုက်ချင်တော့သည်။ ထိုဂြိုဟ်ပေါ်တွင် ရောမပုရွက်ဆိတ်ကြီးတွေ အကိုက်ခံရသည်ကမှ ကောင်းဦးမည်ဟု တွေးလိုက်မိ၏။

ကျွန်တော့်ကုတင်ပေါ်တွင်လည်း ဘာမှန်းမသိသောအရာများဖြင့် စုပုံရှုပ်ပွနေ၏။ ကျွန်တော်က စာအုပ်များနှင့် အဝတ်အစားပုံလိုက်ကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

တကယ်ပါပဲ. . . ကျွန်တော့်ရဲ့အိပ်ခန်းမှာ သည်အိမ်တစ်ခုလုံးတွင်အကျဉ်းဆုံး၊ အသေးဆုံးဖြစ်သည်။ ကျွန်တော့်ဘဝတွင် သူများမလိုချင်သည့်အရာများကိုသာ ရလေ့ရှိသလားမပြောတတ်ပါ။ ဧည့်သည်များတည်းခိုရန်ထားသည့် အိပ်ခန်းကမှ ကျွန်တော့်အိပ်ခန်းထက်စာလျှင်ပို၍ကျယ်ဝန်းသေးသည်။

ဘာကြောင့် သည်အိပ်ခန်းကျဉ်းကျဉ်းလေးထဲတွင် နေရသည်ကို ကျွန်တော်နားမလည်နိုင်ပါ။ တကယ်ဆိုလျှင် ကျွန်တော့်မှာ အခြားသူများထက်ပင်ပို၍ အိပ်ခန်းကျယ်ကျယ်လိုအပ်သေးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်တွင် ဝတ္ထုစာအုပ်များ၊ အရုပ်များကများပြားစွာရှိသည်။ ထို့ပြင် အခြားတိုလီမိုလီပစ္စည်းများကိုလည်းကျန်အိမ်သားများက လာထည့်ထားကြသဖြင့် စတိုခန်းလိုဖြစ်နေပြီးကျွန်တော့်အတွက်ကျောခင်းစရာ တစ်နေရာကို မနည်းဖွေရှာထားရသည်။

ကျွန်တော်က ကာတွန်းစာအုပ်ကိုဖွင့်ဖတ်လိုက်၏။ ထိုစာအုပ်ကို ကျွန်တော်ဖတ်လာသည်မှာ ကြောက်စရာအကောင်းဆုံးအခန်းသို့

www.burmeseclassic.com

www.burmeseclassic.com


ချောက်နေပြီဖြစ်သည်။ အာကာသယာဉ်မှူးကို မကောင်းဆိုးဝါး ပုရွက်ဆိတ်ကေရာဇ်ကြီးက ဖမ်းခေါ်လာသည့်အခန်းဖြစ်သည်။ ပုရွက်ဆိတ်ကေရာဇ်ကြီးက အာကာသယာဉ်မှူးနှင့် တဖြည်းဖြည်း နီးကပ်လာ၏။ တဖြည်းဖြည်း. . . နီး. . . ကပ်။ တ. . . ဖြည်း. . . ဖြည်း။

ကျွန်တော့်မျက်လုံးများကို ခဏမျှပိတ်ထားလိုက်မိသည်။ တစ်ခဏမျှ ဖျတ်ကနဲ မျက်စိမှိတ်လိုက်ခြင်းသာ ဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲတွင် အိပ်ပျော်သွားသလို မပီပိုးတဝါးဖြစ်နေမိ၏။ ရုတ်တရက် ပုရွက်ဆိတ်ကေရာဇ်ကြီး၏ ညှီစို့နံစော်သောအငွေ့ကို ကျွန်တော့်မျက်နှာပေါ်တွင် ခံစားရှူရှိုက်လိုက်ရ၏။

အော့. . . ဆိုးရွားလိုက်တာ။ ခွေးတစ်ကောင်ရဲ့ အာခံတွင်း နံ့လိုပါပဲလား။

ထို့နောက် မာန်ဖီသံတစ်ချက်ကို ကြားလိုက်ရ၏။

ကျွန်တော့်မျက်လုံးများကို ဖျတ်ကနဲ ဖွင့်ကြည့်လိုက်မိသည်။

ကျွန်တော်ထင်ထားသည်ထက်ပင် ပိုဆိုးသေးသည်။ ပုရွက်ဆိတ်ကေရာဇ်ထက် အများကြီး ပိုဆိုး၏။

ယင်းမှာ ကျွန်တော့်ကိုကိုက်ရန် ကြိုးစားနေသော ဖြူလုံးပင်ဖြစ်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

“ဖြူလုံး. . . သွား”

ဟု ကျွန်တော်က အလန့်တကြားအော်ဟစ်လိုက်သည်။

“ဝူပ်”

ဖြူလုံးက ချွန်မြထက်မြနေသော အစွယ်များဖြင့် ကျွန်တော့်ကို ထိုးဟပ်လိုက်၏။

ကျွန်တော် ငုံ့ရှောင်လိုက်သည့်အတွက် လွတ်သွားသည်။ ကျွန်တော်က ဖြူလုံးကို ကုတင်အောက်သို့ ဆောင့်ကန်ချလိုက်သည်။

ဖြူလုံးက ကျွန်တော့်ကို ဒေါသတကြီးမာန်ဖီရင်း ကုတင်ပေါ်သို့ ပြန်ခုန်တက်ရန် အခွင့်ကို ချောင်းနေ၏။ သို့ရာတွင် ဖြူလုံးမှာ ပုပုလုံးလုံးခွေးကလေးဖြစ်သောကြောင့် အရှိန်ဖြင့် ပြေးခုန်တက်သော

www.burmeseclassic.com

www.burmeseclassic.com


နှင့် ကုတင်ပေါ်သို့ တက်မလာနိုင်ချေ။

ကျွန်တော် ကုတင်ပေါ်တွင် မတ်တတ်ရပ်လိုက်၏။ ဖြူလုံးက ကျွန်တော့်ခြေထောက်အစပ်နားတွင် ပေါင်ရင်း မှန်ဖိနေသည်။

"ကယ်ကြပါဗျို့"

ကျွန်တော်က ကြံရာမရသည့်အဆုံး အော်ဟစ်အကူအညီ တောင်းလိုက်သည်။

ထိုစဉ် ပြုံးဖြဲဖြဲနှင့် တခွိခွိရယ်ကာ သဘောကျနေကြသော ကျော်မိုးဟန်နှင့် သက်နှင်းစံတို့၏ဦးခေါင်းနှစ်လုံးက အခန်းတံခါးဝတွင် ဘွားကနဲ ပေါ်လာကြသည်။

ဖြူလုံးကလည်း ကုတင်ပေါ်သို့ အရှိန်ဖြင့်ပြေးခုန်တက်ရန် နောက်သို့ ခြေလှမ်း အနည်းငယ်ဆုတ်သွားပြီး အားယူနေ၏။

"နင်တို့နှစ်ယောက်. . . ငါ့ကို ကယ်ကြပါဦး"

ကျွန်တော်က ကျော်မိုးဟန်နှင့် သက်နှင်းစံကို တောင်းပန် တိုးလျှိုးလိုက်သည်။

"အေး. . . ကူရမှာပေါ့ဟာ"

ဟု သက်နှင်းစံက ကျွန်တော့်ကိုပြန်ပြော၏။ ကျော်မိုးဟန် ကတော့ ပို၍ပင် ခွက်ထိုးခွက်လန်ဖြင့် ဗိုက်ကိုနှိပ်ပြီး တဟားဟား အော်ရယ်နေတော့သည်။

"လုပ်ပါဟာ. . . ငါ အောက်ကိုဆင်းလို့မရဘူး၊ ဖြူလုံးက ကိုက်လိမ့်မယ်"

ကျွန်တော့်စကားအဆုံးတွင် ကျော်မိုးဟန်က အရယ်ရပ် ကာ အမောဖြေရင်း . . .

"ဖြူလုံးကို မင်း အိပ်ရာထဲထည့်ပေးလိုက်တာ ဘယ်သူတွေ လက်ချက်လို့ထင်ပြီး အကူအညီတောင်းနေရတာလဲ၊ မင်း အိတ်ပုပ်

www.burmeseclassic.com

www.burmeseclassic.com



အိပ်မကြီးနဲ့ ဖော်ထက်၊ အကြာကြီးအိပ်နေတဲ့မင်းကို နိုးမှဖြစ်မယ်လို့ ဒါနဲ့ သက်နှင်းစံ တိုင်ပင်ပြီး ဒီလိုလုပ်လိုက်တာပဲ၊ စေတနာတွေပါ ဟ္မာ၊ မှားသွားတော့လည်း စေတနာအမှားပေါ့ ဟား. . . ဟား''

ဟင်း. . . စေတနာတဲ့. . . ဟု ကျွန်တော် ခါးသက်စွာ တွေး လိုက်မိသည်။

ဦးနှောက်မပါသောစေတနာသည် လမ်းမပေါ် လျှောက်ပြေး နေသော ခွေးရူးတစ်ကောင်ထက် ပိုကြောက်စရာကောင်းမှန်း သူတို့ သိပါလေစ. . .။

သို့သော် ကျော်မိုးဟန်၏စကားကို သက်နှင်းစံက ဝင်ထောက် ခံ ဖြည့်စွက်ပေးလိုက်၏။

''ပြီးတော့ ငါတို့နှစ်ယောက် ပျင်းနေတာလဲပါတာပေါ့ဟာ၊ အဲဒါနဲ့ စိတ်ပြေလက်ပျောက်ဖြစ်အောင် ပျော်စရာလေးတစ်ခု ဖန်တီး လိုက်တာပဲ''

သက်နှင်းစံစကားပြောနေစဉ် ဖြူလုံးက အရှိန်ဖြင့် ဒုန်းစိုင်း ပြေးလာပြီး ကုတင်ပေါ်သို့ လွှားကနဲ ခုန်တက်လိုက်သည်။ သို့ရာတွင် ဖြူလုံးက ကုတင်ပေါ်သို့ခုန်တက်စဉ်မှာပင် ကျွန်တော်လည်း ကြမ်း ပြင်ပေါ်သို့ခုန်ဆင်းပြီးသား ဖြစ်နေလေပြီ၊ ကျွန်တော်က ပြေးရန်ဟန် ပြင်လိုက်စဉ် ကာတွန်းစာအုပ်တစ်အုပ်ကို တက်နင်းမိပြီး ဟန်ချက် ပျက်သွား၏။

ဖြူလုံးကလည်း ကျွန်တော့်နောက်သို့ ပြေးလိုက်လာသည်။ သို့ရာတွင် ကျွန်တော်က အခန်းထဲမှ လေ၏လျင်မြန်ခြင်းမျိုးဖြင့် ပြေး ထွက်ပြီး ဖြူလုံးလိုက်မလာနိုင်အောင် အခန်းတံခါးကို ဆောင့်ပိတ် လိုက်သည်။

ဒေါသစိတ်မွှန်နေသော ဖြူလုံးက ဆောက်တည်ရာမဲ့စွာ

www.burmeseclassic.com

www.burmeseclassic.com



မာန်ဖီနေ၏။

"ဖြူလုံးကို အခန်းအပြင်ထွက်ခွင့်ပေးလိုက်လေ ဖော်ထက်၊ ချစ်စရာဖြူလုံးကလေးကို နင်က ဘာလို့ညှင်းပန်းနှိပ်စက်ချင်ရတာလဲ ဟယ်"

တံခါးတစ်ဖက်မှ သက်နှင်းစံက ကျွန်တော်ကြားအောင် လှမ်းအော်ပြောလိုက်သည်။

"ငါ့အနားကို ဘယ်သူမှမလာကြနဲ့"

ကျွန်တော်ကအော်ပြောရင်း အောက်ထပ်ရှိ ဧည့်ခန်းထဲသို့ ပြေးဆင်းလာခဲ့သည်။ ကျွန်တော်က ဆိုဖာပေါ်သို့ ဝုန်းကနဲပြေးထိုင်ပြီး တီဗွီကို ရီမုကွန်ထရိုးဖြင့် လှမ်းဖွင့်လိုက်၏။ ကျွန်တော့်မှာ တီဗွီချန်နယ် (T.V Channel) ပြောင်းကြည့်တတ်သောအကျင့် မရှိပါ။ သိပ္ပံဇာတ်ကားများလာသည့် တီဗွီလိုင်းတစ်မျိုးတည်းကိုသာ စွဲစွဲမြဲမြဲ ကြည့်လေ့ရှိသည်။

ဇာတ်လမ်းကြည့်နေစဉ် လှေကားထစ်များကို တဒုန်းဒုန်းဖြင့် ပြေးဆင်းလာသော ဖြူလုံး၏အသံကို ကျွန်တော်ကြားလိုက်ရ၏။ ကျွန်တော် ဖျတ်ကနဲသတိဝင်လာပြီး ဖြူလုံးလာလျှင် ခုခံရန် အသင့်ပြင်ဆင်ထားမိသည်။ သို့ရာတွင် ဖြူလုံးမှာ အမြီးလေးဟနန့်နန့်ဖြင့် မီးဖိုချောင်ထဲသို့ ဝင်သွားလေ၏။

ကြည့်ရတာ ဗိုက်ဆာလို့ မီးဖိုချောင်ထဲမှာ စားစရာသွားရှာတာဖြစ်မယ်ဟု ကျွန်တော် စက်ဆုပ်စွာတွေးလိုက်မိသည်။ ခွေးစုတ်လေး ဟု ကျွန်တော် စိတ်ထဲမှကျိတ်ပြီး ကျိန်ဆဲလိုက်သည်။

ထိုစဉ် အိမ်ရှေ့တံခါးပွင့်သွားပြီး မေမေက အထုပ်အပိုးများဖြင့် အိမ်ထဲသို့ ဝင်လာ၏။

"ဟော. . . မေမေပြန်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဝမ်းသာအားရဖြင့် ဆီးကြိုနှုတ်ဆက်လိုက်သည်။ မေမေ အိမ်မှာရှိနေသည့်အချိန်များသည် ကျွန်တော့်အတွက် ဆင်းရဲဒုက္ခအပေါင်းမှကင်းလွတ်သက်သာစေသည့်အချိန်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မေမေရှိနေလျှင် ကျော်မိုးဟာန်နှင့် သုက်နှင်းစံတို့နှစ်ယောက်က ကျွန်တော့်ကို အနိုင်မကျင့်ရဲကြသောကြောင့်ပင်။

"အေး. . . ပြန်လာပြီသားငယ်"

မေမေကပြန်နှုတ်ဆက်ရင်း ဈေးဝယ်လာသည့် အထုပ်အပိုးများကို မီးဖိုချောင်ထဲသို့ သယ်သွားပေ၏။

"ဖြူလုံးကလေးက ဒီရောက်နေတာကိုး။ အောင်မလေး. . . ချစ်စရာဖြူလုံးလေးပါလား"

မေမေကဖြူလုံးအား ချော့မြူနေသံကို ကျွန်တော်ကြားနေရသည်။

ကျွန်တော်မှလွဲ၍ ကျန်မိသားစုဝင်အားလုံးက ဖြူလုံးကို ချစ်ကြပေ၏။

"ကျော်မိုး. . . သား ဒီတစ်ခါ မေမေ့ကို ညစာကူချက်ပေးရမယ်"

"မချက်နိုင်သေးဘူး. . . မေမေ. . . သား ဒီည Assignment တွေ ရေးစရာအများကြီးပဲရှိတယ်၊ ဒီည သား ညစာမချက်နိုင်သေးဘူး"

ဟု ကျော်မိုးဟာန်က အပေါ်ထပ်မှ လှမ်းအော်ပြောသည်။

သေချာပါသည်။ ကျော်မိုးဟာန်မှာ Assignment များဖြင့် အလုပ်ရှုပ်နေခြင်းမဟုတ်။ ကျွန်တော့်အား ဒုက္ခပေးရန် နည်းမျိုးစုံဖြင့် အပတ်တကုတ် ကြိုးစားကြံစည်နေခြင်းသာ ဖြစ်သည်။ အရေးထဲ သက်နှင်းစံ ထဝင်ပြီး ချောက်တွန်းသေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဇော်ထက်ကိုလုပ်ခိုင်း မေမေ၊ သူက ဘာမှလုပ်တာမဟုတ်ဘူး၊ အားအားရှိ တီဗွီပဲထိုင်ကြည့်နေတာ"

"အဲ. . . သားလည်း စာကျက်စရာရှိတယ်. . . မေမေ"

ကျွန်တော့်ဘက်သို့ မြားဦးမလှည့်လာစေရန် ကမန်းကတန်း ငြင်းချက်ထုတ်လိုက်သည်။

ကျော်မိုးဟန်က လှေကားပေါ်မှဆင်းလာရင်း ကျွန်တော့်ကို ခနဲ့တဲ့တဲ့ပြောလိုက်၏။

"အင်းပေါ့လေ. . . ဆယ်တန်းကျောင်းစာတွေက တော်တော်ခက်တာကိုး"

"မင်း. . . ဆယ်တန်းတက်တုန်းကရော ဒီစာတွေလုပ်ရတာ လွယ်လို့လား"

ဟု ကျွန်တော်က အားကျမခံ ပြန်ပက်လိုက်သည်။

"ကဲကဲ. . . ရန်မဖြစ်ကြပါနဲ့ကွယ်၊ စက်ရုံကို မေမေ ပြန်မသွားခင် ကြားထဲမှာ အချိန်က သုံးနာရီလောက်ပဲရတာ၊ ဇော်ထက်သားပဲ ဝိုင်းကူပြီးလုပ်ပေးတော့၊ မေမေ အပေါ်ထပ်တက်ပြီး ခဏနားလိုက်ဦးမယ်၊ ပြီးရင် ပြန်ဆင်းလာခဲ့မယ်"

မေမေ့စကားကြောင့် ကျွန်တော်လည်း မီးဖိုချောင်ထဲသို့ ဝန်းဒိုင်းကြပြီး ဝင်သွားလိုက်သည်။

"မေမေ. . .ဒီနေ့ သား ကူချက်ရမယ့် အလှည့်မဟုတ်ဘူးလေ"

"နောက်နေ့ကျရင် ကျော်မိုး ချက်ပေးလိမ့်မယ်ကွယ်"

ဟု မေမေက ကျွန်တော့်ကို ချော့မော့ပြီးကတိပေးလိုက်၏။

"ဒါဆို အခု သက်နှင်းစံကို ချက်ခိုင်းလို့မရဘူးလား မေမေ"

"ဇော်ထက်. . . တော်ပါတော့သားရယ်၊ သားပဲ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကူချက်ပေးနော်၊ ထပ်အထွန့်မတက်နဲ့တော့ သား''

မေမေက ပြောပြောဆိုဆိုဖြင့် ပင်ပန်းနွမ်းနယ်သော ခြေလှမ်းများဖြင့် သူမ၏အိပ်ခန်းဆီသို့ တက်သွားလေသည်။

''ကျော်မိုးဟန်နဲ့ သက်နှင်းစံ. . . ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သေချင်းဆိုးနဲ့သေပါစေ''

ဟု ကျွန်တော်က ပွစိပွစိဖြင့် ခပ်တိုးတိုးမေတ္တာပို့ရင်း ကြောင်အိမ်တံခါးကိုဖွင့်ကာ အထဲမှ ဧရာသီးနှင့် ကြက်သွန်နီများကို နှိုက်ယူပြီး တံခါးကို ဝုန်းကနဲပြန်ဆောင့်ပိတ်လိုက်သည်။

''ညစာ ဘာတွေချက်နေတာလဲ ဖော်ထက်၊ သိပ္ပံပညာရှင် ဦးနှောက်ဟင်း. . . လား''

ဟု ကျော်မိုးဟန်က ရယ်ချင်နေသည့်အသံဖြင့် ကျွန်တော့်အား လှမ်းအော်မေး၏။

ကျွန်တော်လည်း စိတ်ပေါက်ပေါက်ဖြင့် ပြန်ဖြေလိုက်သည်။

''မဟုတ်ဘူးဟေ့. . . လင်းတသားဆီပြန်နဲ့ ပဒိုင်းသီးလက်သုတ်''

●

''အခု ဖော်ထက်လူက ပါးစပ်ကြီးဟပြီး ထမင်းစားနေပါတယ် ခင်ဗျာ''

ကျော်မိုးဟန်က သူ၏အမြင်ကတ်စရာကောင်းသော အသံဖမ်းစက်ကို လှမ်းပြောနေပြန်သည်။ ကျွန်တော်တို့အားလုံး ညစာစားနေကြခြင်းဖြစ်သည်။ ကျော်မိုးဟန်က . . .

''ဒီညတော့ ကျွန်တော်တို့မိသားစုဟာ ကြ[illegible]

www.burmeseclassic.com



ထမင်းစားနေကြပါတယ်၊ ဒါပေမဲ့ ဇော်ထက်လူက လက်မဆေးဘဲ ကျချက်ပေးလို့လားမသိပါဘူး၊ ကြက်သားဟင်းက နည်းနည်းငန်သွားသလိုပါပဲ"

"ပါးစပ်ပိတ်ထားကွာ"

ဟု ကျွန်တော်က ခပ်တိုးတိုး ရေရွတ်ညည်းတွားလိုက်၏။

သို့ဖြင့် မည်သူမျှစကားမဆိုဘဲ မိနစ်အနည်းငယ်ကြာအောင် ထမင်းကို တိတ်ဆိတ်စွာစားနေမိကြသည်။ ဇွန်းသံခက်ရင်းသံနှင့် ဖြူလုံး၏ ကြမ်းပြင်ကို လက်သည်းဖြင့် ကုတ်ခြစ်နေသံမှတစ်ပါး အခြားမည်သည့်အသံကိုမျှ မကြားရချေ။

"ဒီနေ့ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား သားတို့ သမီးတို့"

မေမေ၏စကားသံက တိတ်ဆိတ်မှုကို ဖြိုခွဲထွက်ပေါ်လာ၏။

"ဒေါ်မြမာလာက သူမရဲ့ကလေးတွေကို ကျောင်းတက်ရတာ အဆင်ပြေရဲ့လား မေးနေပါတယ်"

"ကျော်မိုးရယ်. . . မင်းကတော့ ထမင်းစားရင်းလည်း အဲဒါကြီးကို တကိုင်ကိုင်နဲ့ ပြောနေရတာပဲလား"

ဟု မေမေက သက်ပြင်းချရင်းမေးလိုက်သည်။

"ဒေါ်မြမာလာက သူ့ရဲ့သားကြီး ကျော်မိုးဟန်ရဲ့ အပြုအမူကို ဝေဖန်နေပါတယ်"

"ကျော်မိုးဟန်"

"ကျော်မိုးဟန်ရဲ့မေမေ ဒေါ်မြမာလာရဲ့အသံက ပိုပြီးကျယ်လောင်လာပါတယ်၊ သူမကိုကြည့်ရတာ ဒေါသထွက်နေပုံရပါတယ်"

"ကျော်မိုးဟန်. . . မေမေ. . . မေးနေတယ်လေ"

"သား. . . အသံဖမ်းစက်ထဲကို ပြောနေမှာပါမယ် မေမေ၊

www.burmeseclassic.com

www.burmeseclassic.com


ဒီ ကျောင်းကခိုင်းထားတာ''

ကျော်မိုးဟန်က ပုံမှန်လေသံဖြစ်အောင် ကြိုးစားပြောရင်း မမေ့ကို ဆင်ခြေပေးလိုက်သည်။

''အသံဖမ်းစက်နဲ့ စကားပြောနေတဲ့ မင်းအသံကိုကြားရတာ မမေ အာရုံနောက်တယ်ကွယ်''

မေမေက စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

''သားလည်း ခံစားလို့မရဘူး မေမေ''

ကျွန်တော်ကလည်း ဝမ်းသာအားရဖြင့် မေမေ့စကားကို ထောက်ခံလိုက်သည်။ ကျော်မိုးဟန်က ကျွန်တော့်ကို ဒေါသတကြီး ဖြင့် . . .

''မင်းကို ဘယ်သူကမေးနေလို့လဲ ဇော်ထက်''

''ကဲ. . . မလုပ်မဖြစ်လုပ်ရမယ်ဆိုရင်လည်း ညစာစားပြီးမှ လုပ်၊ ဟုတ်ပြီလား''

မေမေက ကျော်မိုးဟန်ကို ဖျောင်းဖျလိုက်၏။

ကျော်မိုးဟန်က ဘာမှပြန်မပြောချေ။ သူက အသံဖမ်းစက် ကို စားပွဲပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် တင်လိုက်ပြီး ထမင်း ကိုသာ တွင်တွင်ငုံ့စားနေတော့သည်။

ထိုစဉ် သက်နှင်းစံက . . .

''မေမေ. . . သမီးရဲ့ဗီရိုထဲက အနွေးထည်တွေကို ညှော်သည် ဆွလာရင် တည်းတဲ့အခန်းထဲမှာ ထည့်ထားချင်တယ်၊ သမီးရဲ့အခန်း မှာ မဆံ့တော့ဘူး''

''မေမေ စဉ်းစားဦးမယ်သမီး''

ကျွန်တော်က နာလိုခံခက်စွာဖြင့် . . .

''ဟမ်. . . သူ့ဗီရိုကဖြင့် ရောမကြီးဟာကို၊ ဘာလို့ရော

www.burmeseclassic.com

www.burmeseclassic.com


ရှိလဲ၊ သူ့ဗီရိုက သားရဲ့အိပ်ခန်းတစ်ခုနီးပါးလောက် ကြီးတာပဲ”

“အဲဒီတော့. . . ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ၊ ငါ့အခန်းက ဒီအိမ်မှာ အသေးဆုံးပဲ၊ အိပ်ထဲမှာ လမ်းတောင်မနည်းလျှောက်နေရတယ်”

“လမ်းလျှောက်လို့တယ်ရမလဲ၊ နင်က ပစ္စည်းတွေကို စည်းမဲ့ကမ်းမဲ့ လျှောက်ပုံထားတာကိုး”

“ငါက စည်းမရှိကမ်းမရှိကောင်မဟုတ်ဘူး၊ ငါလည်း သပ်သပ်ရပ်ရပ်နေတာပဲ၊ ဒါပေမဲ့ အိပ်ခန်းကျယ်ကျယ်ရမှ ဖြစ်မယ်၊ မေမေ သား ဒီနေ့ကစပြီး ဧည့်သည်တွေအိပ်တဲ့အခန်းထဲမှာ ပြောင်းအိပ်ချင်တယ်”

“မရဘူး ဖော်ထက်”

“ဗျာ. . . ဘာဖြစ်လို့မရတာလဲ မေမေ”

“အဲဒီအခန်းက ဧည့်သည်တွေလာရင် သိပ်ဖို့ထားထားတာလေ သားရဲ့”

မေမေက စိတ်ရှည်လက်ရှည် ပြန်ရှင်းပြ၏။

“အမ်. . . ဘယ်ကဧည့်သည်လဲ မေမေ၊ သားတို့အိမ်ကို ဘယ်တုန်းက ဧည့်သည်လာအိပ်ဖူးလို့လဲ”

“သားရဲ့ အဘိုးနဲ့အဘွား လာအိပ်တတ်တယ်လေ”

“ဒါကလည်း ဘိုးဘိုးနဲ့ဘွားဘွားက နှစ်ဆန်းတစ်ရက်နေ့မှ တစ်နှစ်တစ်ခါလောက် လာအိပ်တာပါ မေမေရယ်။ သားရဲ့ အိပ်ခန်းလေးထဲမှာပဲ သူတို့ကို တစ်ရက်လောက် အိပ်ခိုင်းတာကို ဘိုးဘိုးနဲ့ ဘွားဘွားက စိတ်ကွက်မှာမဟုတ်ပါဘူး၊ ဘာလဲ. . . မေမေ. . . နှစ်ဆန်း တစ်ရက်နေ့မှာ ဘိုးဘိုးနဲ့ဘွားဘွားက အိပ်ခန်းကျဉ်းကျဉ်းလေးနဲ့အိပ်ရရင် နောက်ထပ်တစ်နှစ်ပတ်လုံး ဒီလိုအိပ်ခန်းကျဉ်းကျဉ်းလေးနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရတော့မယ်လို့ မေမေ ယုံကြည်နေတာလား အိပ်ချိန်မရှိတော့ဘူး မေမေရာ''

''အဲဒါကြောင့်မဟုတ်ဘူး သား၊ သားရဲ့အိပ်ခန်းက ဘိုးဘိုး နဲ့ဘွားဘွားတို့ နှစ်ယောက် အိပ်လို့ရအောင်မှမကျယ်တာ မေမေ စိတ်မကောင်းပါဘူး ဖော်ထက်၊ သားကို ညှို့သည်တွေထားတဲ့အခန်း မှာ အိပ်ခွင့်မပေးနိုင်ဘူး''

''မေမေ''

''ဘယ်မှာပဲ အိပ်ရအိပ်ရ နင့်အတွက် အကြောင်းမထူးပါဘူး ဖော်ထက်ရယ်၊ နင့်ရဲ့ အအိပ်ကြီးပုံနဲ့တော့ ကာလနဂါးပြိုင်ပွဲ ကျင်းပ ပေးရင် ကမ္ဘာ့ချန်ပီယံဆုတောင် ရနိုင်သေးတယ်၊ မုန်တိုင်းတွေတိုက် နေရင်တောင် နင်က ဖြိုမှာမဟုတ်ဘူး၊ လေညှင်းတိုက်တယ်ထင်ပြီး အိပ်နေမယ့်သူကများ''

သက်နှင်းစံက အရယ်တစ်ဝက်စွက်နေသော လေသံဖြင့် ခပ်ထေ့ထေ့ပြောလိုက်၏။

ကျော်မိုးဟန်ကလည်း အသံဖမ်းစက်ကို ပြန်ကောက်ကိုင် လိုက်ရင်း . . .

''ဖော်ထက်က တီဗွီကြည့်ရင်းလည်း ငိုက်နေတတ်ပါတယ် ခင်ဗျာ၊ သူဟာ နေရာမရွေး အိပ်နိုင်တဲ့သူပါ၊ သူ့မှာ အိပ်ချိန်က နိုးနိုး ကြားကြားရှိနေတဲ့ အချိန်ထက် ပိုများပါတယ်''

''မေမေ . . . ကျော်မိုးဟန် အသံဖမ်းစက်ကို ကလိနေပြန်ပြီ''

''သိတယ် . . . သား၊ ကျော်မိုး . . . မင်း အသံဖမ်းစက်ကို ချ ထားစမ်းပါကွယ်''

ဟု မေမေက ကျော်မိုးဟန်ကို ပင်ပန်းနွမ်းနယ်နေသည့် လေသံဖြင့် လှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


"မေမေ. . . သားကို အခန်းပြောင်းပေးပါနော်၊ သားမှာ အိပ်ခန်းကျယ်ကျယ်လိုတယ် မေမေ၊ အခု အိပ်ခန်းထဲမှာ သား ကောင်းကောင်းအိပ်လို့မရတော့ဘူး၊ ပြီးတော့ ကျော်မိုးဟန်တို့ သက်နှင်းစံ တို့နဲ့ ဝေးဝေးနေချင်လို့ပါ၊ မေမေမရှိရင် သား ဒီမှာ ဘယ်လောက်ဒုက္ခရောက်သလဲဆိုတာ မေမေမသိဘူးနော်၊ သူတို့က သားကို အမြဲအနိုင်ကျင့်နေကြတာ"

"ဇော်ထက်. . . တော်လောက်ပြီကွယ်၊ သားရဲ့အစ်ကိုနဲ့ အစ်မက သားအပေါ် ကောင်းကြရှာပါတယ်၊ သူတို့က သားကို အမြဲဂရုစိုက်သားပဲ၊ သူတို့နှစ်ယောက်ကို သား တန်ဖိုးထားသင့်တယ်"

"သူတို့ကို သားမုန်းတယ်"

"ဇော်ထက်. . . တော်ပြီ. . , အပေါ်ထပ်တက်ပြီး သွားအိပ်ချည်တော့"

"သားမှာ အိပ်စရာအခန်းမှမရှိတာ မေမေရဲ့"

"အခုသွားအိပ်"

ကျွန်တော်က အပေါ်ထပ်သို့ သုန်သုန်မှုန်မှုန်ဖြင့် ပြေးတက်လာခဲ့စဉ် အသံဖမ်းစက်သို့ လှမ်းပြောနေသော ကျော်မိုးဟန်၏အသံကို ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

"ဇော်ထက်လူ အပြစ်ပေးခံလိုက်ရပါတယ် ခင်ဗျာ၊ ဩော် သူကျူးလွန်တဲ့အပြစ်လား၊ သိပ္ပံရှူးလေးတစ်ယောက် ဖြစ်နေလို့ပါ၊ ခွိခွိ"

ကျွန်တော်က တံခါးကို စိတ်ဆိုးမာန်ဆိုးဖြင့် ဝုန်းကနဲ ဆောင့်ပိတ်လိုက်ပြီး ခေါင်းအုံးကို မျက်နှာဖြင့် ဖိကပ်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



●

ထိုနေ့ညနေခင်းတစ်ခုလုံး ကျွန်တော် အခန်းထဲမှ အပြင်သို့ မထွက်ပါ။

"ဒါ. . . မတရားဘူး။ ကျော်မိုးဟန်နဲ့ သက်နှင်းစံကျတော့ လိုချင်တာမှန်သမျှအကုန်ရတယ်။ ငါကျတော့ အပြစ်ပေးခံရတယ်"

ကျွန်တော်က တစ်ယောက်တည်း မကျေမချမ်းဖြင့် ရေရွတ်နေမိသည်။

ဒါပေမဲ့ ညွှသည်တွေအတွက် အိပ်ခန်းကို ဘယ်သူမှ အသုံးပြုမှာမဟုတ်ဘူးဟု ကျွန်တော် တွေးမိသည်။ မေမေ ဘာပြောပြော ကျွန်တော် ဂရုမစိုက်တော့ပါ။ ဒီနေ့ညကစပြီး ထိုအိပ်ခန်းထဲသို့ ပြောင်းအိပ်တော့မည်။

မကြာမီ မေမေက သူမ၏စက်ရုံသို့ ပြန်ထွက်ခွာသွားသည်။ ကျော်မိုးဟန်နှင့် သက်နှင်းစံတို့က မီးများကိုမှိတ်ပြီး အသီးသီး အိပ်ရာဝင်ကြသည်အထိ ကျွန်တော်စောင့်စားနေမိ၏။ ထို့နောက် ကျွန်တော့် အိပ်ခန်းထဲမှ ကသုတ်ကရက်ထွက်လာခဲ့ပြီး ညွှသည်များ အိပ်ခန်းထဲသို့ လှစ်ကနဲ လှမ်းဝင်လိုက်သည်။

ရင်ဝှေ တထိတ်ထိတ်နှင့်ခုန်နေ၏။ ညွှသည်တွေအိပ်သည့် အခန်းထဲတွင် ကျွန်တော် ဒီညကစပြီး အိပ်တော့မည်။ မည်သည့် အရာကမှ ကျွန်တော့်ကို မဟန့်တားနိုင်ပါ။

သည်ကိစ္စကို ဧရာမစွန့်စားခန်းကြီးတစ်ခုဟုလည်း ကျွန်တော် မထင်မိပါ။ ဘယ်လိုအဆိုးဆုံးအရာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာတဲ့လဲ မေမေက ကျွန်တော့်ကို ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်မှာလား ဘာတွေဖြစ်လာမှာတဲ့လဲ။

မနက်လင်းလာလျှင် ဒုက္ခတွေ တစ်ခုပြီးတစ်ခု ရင်ဆိုင်

www.burmeseclassic.com



ကြုံတွေ့ရတော့မည့်အဖြစ်ကို အဲသည့်အချိန်တုန်းက ကျွန်တော် မသိ ရှိခဲ့ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျွန်တော့်ခြေထောက်တွေ အေးစက်နေကြ၏။ ထိုအဖြစ်ကို ကျွန်တော် မျက်စိနှစ်လုံးဖွင့်ဖွင့်ချင်း သတိထားမိလိုက်သည်။

ခြေထောက်များက ခြုံထားသောစောင်ဖြင့် တစ်ပေခန့် လွတ်နေ၏။ ကျွန်တော်လည်း အိပ်နေရာမှထထိုင်ပြီး ခြေထောက်နှစ်ချောင်းကို စောင်ဖြင့် လုံအောင်ပြန်လွှမ်းအုပ်ပေးလိုက်သည်။

ထို့နောက် ချက်ချင်းဆိုသလို စောင်ကို ပြန်ဆွဲဖယ်လိုက် ကာ ကျွန်တော်၏ခြေထောက်များကို တအံ့တဩ ကြည့်နေမိ၏။ဘုရား ရေ. . . ဒါ ကျွန်တော့်ခြေထောက်တွေတဲ့လား။

ကျွန်တော့်ခြေထောက်များက အကြီးကြီးဖြစ်နေကြသည်။ ဆူဘီလူးကြီး၏ ခြေထောက်များလို ကြီးမားသည်ဟု ဆိုလိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သို့ရာတွင် ကျွန်တော် အသက်အရွယ်နှင့်မလိုက်အောင် သော ခြေထောက်များက ကြီးမားနေကြလေသည်။ မနေ့က ကျွန်တော့် ခြေထောက်နှစ်ချောင်းနှင့် ဒီနေ့မနက် ကျွန်တော့်ခြေထောက်နှစ်ချောင်း မှာ လားလားမျှမဆိုင်အောင် ကွာခြားလွန်းနေ၏။

ငါ လူကြီးဖြစ်သွားပြီလား. . .၊ ကြီးထွားရှုန်းမြန်သည့်လူများ အံကြောင်း ကျွန်တော်လည်း ကြားဖူးပါသည်။ ကျွန်တော့်အရွယ် ချာတိတ်များသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးကြီးထွားတတ်ကြောင်းလည်း ကျွန်တော်သိသည်။ သို့ရာတွင် ယခု ကျွန်တော့်ဖြစ်ပုံက ရယ်စရာ ကောင်းနေသလိုပင်။ နတ်ရေကန်ထဲ ပစ်ချခံလိုက်ရသလို နေ့ချင်းည ချင်းပင် ၄နှစ်ခန့် ကြီးထွားလာခြင်းမျိုး. . .။

ကျွန်တော်လည်း လူရိပ်လူခြည်ကြည့်ပြီး ညီ့သည်များ၏ အိပ်ခန်းထဲမှ ထွက်လာခဲ့၏။ အောက်ထပ်တွင် နံနက်စာစားနေကြသော မေမေ ကျော်မိုးဟာန်နှင့် သက်နှင်းစံတို့၏ အသံများကို ကျွန်တော် အတိုင်းသားကြားနေရသည်။

ဟိုက်. . . ငါ အိပ်တာလွန်သွားပြီဟူသည့် အတွေးက ကျွန်တော့်ခေါင်းထဲသို့ ဝင်လာ၏။ ကျွန်တော့်အိပ်ခန်းထဲမှာ မအိပ် ဘဲ ညီ့သည်တွေရဲ့အိပ်ခန်းထဲ သွားအိပ်တာကို ဘယ်သူမှ မရိပ်မိကြ ပါစေနဲ့ဟု စိတ်ထဲမှ ဆုတောင်းလိုက်မိသည်။

ကျွန်တော် မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ လှမ်းဝင်လိုက် ၏။ အရာရာတိုင်းသည် အနည်းငယ် ထူးဆန်းစွာ ပြောင်းလဲနေသလို ခံစားရသည်။

ရေချိုးခန်းတံခါးလက်ကိုင်ဘုကို ကျွန်တော် လှမ်းကိုင်လိုက် စဉ် ထိုလက်ကိုင်ဘုမှာ နေရာမှားတပ်ထားသလားဟု စိတ်ဝယ်ထင် မိသည်။ ညဘက်တွင် ထိုတံခါးလက်ကိုင်ဘုကို တစ်ယောက်က

www.burmeseclassic.com



အောက်ဘက်သို့ ပြောင်းတပ်လိုက်သလားမသိပါ။ မျက်နှာကြက်က လည်း နဂိုရှိရင်းစွဲထက် အနည်းငယ် နိမ့်သွားသလိုပင်။

ရေချိုးခန်းမီးကိုဖွင့်ပြီး မှန်ထဲသို့ ကျွန်တော် တစ်ချက်ငဲ့ ကြည့်လိုက်မိ၏။

ဟင်. . . အခုမြင်နေရတာ ငါလား။

မှန်ထဲမှ ကျွန်တော့်ပုံရိပ်ကို အချိန်အတန်ကြာအောင် ကျွန် တော်မှင်သက်ငေးမောနေမိသည်။ ယခုမြင်နေရသော ကျွန်တော်သည် ယခင်က ကျွန်တော်နှင့်မတူတော့သလိုပင်။

ကျွန်တော်၏မျက်နှာကလည်း ပြည့်ပြည့်ဝိုင်းဝိုင်းမနေတော့ပါ။ ကျွန်တော့်အပေါ်နှုတ်ခမ်းများကို လက်ဖြင့် တို့ထိကြည့်လိုက်မိ၏။ နှုတ် ခမ်းများက အနည်းငယ် အညိုရောင်သန်းသွားကြသည်။ ထိုမျှမက သေး။ ကျွန်တော်၏အရပ်မှာ မနေ့ကထက်ပို၍ ခြောက်လက်မခန့် တစ်မုဟုတ်ချင်း ရှည်ထွက်လာ၏။

ငါ. . . ငါ အသက်ကြီးသွားပါလား၊ ကျွန်တော်၏ပုံစံက အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်နှင့် တူနေသည်။

မဟုတ်ဘူး။ ဒါ မဖြစ်နိုင်ဘူး. . . ဟု စိတ်ထဲမှ အကြောက် အကန် ငြင်းဆန်နေမိသည်။ ဒါ အဓိပ္ပါယ်လုံးဝမရှိဘူး၊ ငါ အိပ်မှုန် စုံမွှားနဲ့ ယောင်ပြီး လမ်းထလျှောက်နေတာပဲဖြစ်မယ်။

ထိုအတွေးကြောင့် ကျွန်တော်၏မျက်လုံးများကို ခေတ္တမျှ မှိတ်ထားလိုက်၏။ မျက်လုံးများ ပြန်ဖွင့်လိုက်ချိန်တွင် ကျွန်တော် သည် တစ်ဆယ့်ခြောက်နှစ်သားအရွယ် ပြန်ဖြစ်သွားမည်ထင်သည်။

ကျွန်တော်၏မျက်လုံးများကို တင်းကြပ်စွာ စုံမှိတ်ထားခဲ့၏။ ထို့နောက် စိတ်ထဲမှနေ၍ တစ်မှ တစ်ဆယ်အထိ ရေရွတ်နေမိသည်။

တစ်ဆယ်သို့ရောက်သောအခါ ကျွန်တော်၏မျက်လုံးများကို

www.burmeseclassic.com



ချက်တခဲ ပြန်ဖွင့်လိုက်သည်။

ဘာမှ မထူးခြားပါချေ။

ကျွန်တော်သည် အသက်နှစ်ဆယ်လူငယ်အရွယ်ပင် ဖြစ်နေသေးသည်။

ကျွန်တော့်ရင်ခုန်သံတွေ ကျယ်လောင်လာ၏။ ဂရင်းညီနောင် ပုံပြင်စာအုပ်ထဲမှ 'ဆိတ်ကျောင်းသူနှင့် အံ့ဖွယ်တောင်ကြီး' (Peter The Goatherd) ဆိုသည့် ပုံပြင်ကို သတိရသွားမိသည်။ ထိုပုံပြင်ထဲတွင် ဆိတ်ကျောင်းသူသည် ထူးဆန်းသောတောင်ပေါ်၌ တစ်ညတာမျှ အိပ်စက်မိရုံဖြင့် ရှိရင်းစွဲအသက်ထက် အနှစ်နှစ်ဆယ်ခန့် ပို၍ အိုမင်းသွားလေ၏။ သူနိုးထလာသည့်အခါ အရာရာသည် ပြောင်းလဲသွားလေပြီ။

'ကျွန်တော့်အဖြစ်ကရော သည်လိုမျိုးလား. . .' ဟု တွေးကြောက်လာမိသည်။ ကျွန်တော်က လေးနှစ်လုံးလုံး နိုးထလာခြင်း မရှိဘဲ တစ်ဆက်တည်း အိပ်ပျော်သွားခဲ့မိတာလား။

မေမေ့ကိုရှာရန် အောက်ထပ်သို့ ကျွန်တော် အူလျားဖားလျား ပြေးဆင်းသွားမိသည်။ ကျွန်တော် ဘာဖြစ်သွားတာလဲဆိုတာ မေမေတော့ သိမှာပါပဲ။

ညဝတ်အင်္ကျီများကိုပင် မချွတ်အားဘဲ ကျွန်တော် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ သည်လို ခြေထောက်ရှည်ရှည်ကြီးများဖြင့် ကျွန်တော် လှေကားပေါ်မှ ဆင်းဖူးသည့်အလေ့အထမရှိပါ။ တတိယလှေကားထစ်သို့အရောက်တွင် ကျွန်တော်၏ ဘယ်ဘက်ခြေထောက်က ကိုယ့်ဘာသာကိုယ် ပြန်တက်နင်းပြီး ယိုင်ထိုးသွား၏။

"သွားပြီ"

"ဒုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကျန်လေ့ကားထစ်များအတိုင်း ကျွန်တော် ဒလိမ့်ခေါက်ကွေး မြှုတ်ကျသွားလေတော့သည်။

ကျွန်တော်၏မျက်နှာက မီးဖိုချောင်ကြမ်းပြင်ဖြင့် ပြင်းထန်စွာ ဆောင့်မိသဖြင့် အီစလံဝေသွားသည်။ ကျော်မိုးဟန်နှင့် သက်နှင်းစံတို့ကတော့ ကျွန်တော့်ကိုကြည့်ပြီး ဟားတိုက်ရယ်နေကြ၏။

ကျော်မိုးဟန်က ရယ်ရင်း . . .

"ကမ္ဘာပေါ်မှာ အကောင်းဆုံးဒိုင်ဗင်ထိုးနည်းပဲ. . . ဇော်ထက်"

"ဟုတ်တယ်. . . ရေကူးကန်ထဲမှာမဟုတ်ဘဲ ကြမ်းပြင်ပေါ် ဖြစ်သွားတာတစ်ခုပဲဆိုးတာ ခစ်. . . ခစ်"

သက်နှင်းစံကလည်း ကျော်မိုးဟန်၏စကားကို တခစ်ခစ် ရယ်ရင်း ဝင်ထောက်ခံလိုက်သည်။

ကျွန်တော် အားတင်းပြီး မတ်တတ်ထရပ်လိုက်၏။ ကျော်မိုးဟန်နှင့် သက်နှင်းစံတို့အား ဂရုစိုက်နေဖို့ ကျွန်တော့်တွင် အချိန်မရှိပါ။ မေမေ့အား ကျွန်တော် ဘာဖြစ်သွားတာလဲဟု မေးရမည်။

မေမေက ထမင်းစားပွဲတွင်ထိုင်ပြီး မှုန်ဟင်းခါးစားနေ၏။

"မေမေ. . . သားကိုကြည့်ပါဦး"

မေမေက ကျွန်တော့်စကားကြောင့်လှမ်းကြည့်ရင်း

"အေးလေ. . . သားကိုမေမေတွေ့နေတာပဲ။ သားကကျောင်းတက်စုံမလဲရသေးဘူး"

"မေမေ. . . သား လူကြီးဖြစ်နေတယ်ဗျ"

"မေမေလည်း သားလူကြီးဖြစ်နေပြီဆိုတာ စဉ်းစားနေမိတာပါပဲ။ ကဲ. . . မြန်မြန်လုပ်. . . ဇော်ထက်။ နောက်ဆယ့်ငါးမိနစ်ဆိုရင် သားတို့ကို မေမေ ကျောင်းလိုက်ပို့ပေးမယ်"

ကျွန်တော်က စိတ်တိုတိုဖြင့်ပြန်ပြောရန် မေမေ့ကိုမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သို့ရာတွင် ကျွန်တော်၏နှုတ်ဖျားမှ မည်သည့်စကားမှထွက်မလာနိုင်တော့ချေ။ အံ့သြမှုကြောင့်စကားလုံးများသည် ကျွန်တော်၏လည်ချောင်းတစ်လျှောက် ပြန်လည်ပြုတ်ကျလိမ့်ဆင်းသွားကြ၏။

မေမေနှင့်ကျော်မိုးဟန်မှာ မုန့်ဟင်းခါးအတူတူထိုင်ပြီး စားနေကြသည်။

ထိုကိစ္စမှာ မထူးဆန်းပါ။

ထူးဆန်းသည်မှာ ကျော်မိုးဟန်နှင့်သက်နှင်းစံတို့ နှစ်ယောက်ပင်ဖြစ်သည်။

အကယ်၍ကျွန်တော်သာ နှစ်ဆယ်အရွယ်ခန့်ဖြစ်သွားခဲ့လျှင် ကျော်မိုးဟန်နှင့်သက်နှင်းစံတို့၏ အသက်မှာလည်း နှစ်ဆယ့်သုံးနှစ်နှင့် နှစ်ဆယ့်လေးနှစ်အရွယ်ခန့် ရှိနေပေရမည်။

သို့ရာတွင် ထိုသို့ဖြစ်မလာပါ။ သူတို့၏ နဂိုအသက်အရွယ်ဖြစ်သော တစ်ဆယ့်ရှစ်နှစ်နှင့် တစ်ဆယ့်ကိုးနှစ်အရွယ်ပင် မဟုတ်ကြတော့ချေ။

သူတို့နှစ်ယောက်မှာ တစ်ဆယ့်ငါးနှစ်နှင့် တစ်ဆယ့်ခြောက်နှစ်အရွယ်ခန့်သို့ပင် ငယ်ရွယ်သွားကြလေသည်။

ဘုရားရေ. . . သူတို့ကျတော့ ပိုတောင်ငယ်သွားပါသေးလား။

"အဲဒါ မဖြစ်နိုင်ဘူး"

ကျွန်တော် တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်မိ၏။

"အဲဒါ မဖြစ်နိုင်ဘူး"

ကျော်မိုးဟန်ကလည်း ကျွန်တော့်စကားကို သံယောင်လိုက်ပြောကာ နောက်ပြောင်လိုက်သည်။

သက်နှင်းစံကတော့ ထုံးစံအတိုင်း တခစ်ခစ်နှင့်ရယ်နေ၏။

"မေမေ. . . သားပြောတာနားထောင်ပါဦး ထူးဆန်းတာတစ်

www.burmeseclassic.com

www.burmeseclassic.com



ခုခုတော့ ဖြစ်နေပြီ၊ မနေ့က သားအသက်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ ဒီနေ့မနက်ကျတော့ သားက အသက် နှစ်ဆယ်အရွယ် ဖြစ်နေတယ်"

"မင်းတော့ ရူးနေပြီ"

ကျွန်တော့်စကားကို ကျော်မိုးဟန်က ဟာသဝင်ဖောက်သည်။ သူနှင့်သက်နှင်းစံက သဘောကျစွာ ဝါးကနဲရယ်လိုက်ကြ၏။ မပြောင်းလဲသည်မှာ သူတို့၏အမူအကျင့်များပင်။ ကျော်မိုးဟန်နှင့် သက်နှင်းစံတို့သည် သူတို့ အသက်ကြီးခဲ့စဉ်ကအတိုင်း ကျွန်တော့်အား အခွင့်အရေးရလျှင်ရသလို ဒုက္ခပေးချင်ဆဲပင်။

မေမေကလည်း ကျွန်တော့်စကားကို စိတ်မဝင်စားသလို နားထောင်နေ၏။ မေမေ အာရုံစိုက်လာအောင် သူမ၏လက်မောင်းကို ကျွန်တော် ကိုင်လှုပ်လိုက်မိသည်။

"မေမေ. . . ကျော်မိုးဟန်နဲ့သက်နှင်းစံက သားရဲ့ အစ်ကိုနဲ့အစ်မ မဟုတ်ဘူးလား၊ ဒါပေမဲ့ အခု. . . အခု သူတို့က ဖြုန်းစားကြီးဆိုသလို သားရဲ့ ညီနဲ့ညီမဖြစ်နေကြတယ်၊ မေမေ မမှတ်မိတော့ဘူးလား၊ ကျော်မိုးဟန်က သားတို့အစ်ကိုအကြီးလေ"

"ဇော်ထက်တော့ ရူးသွားရှာပြီ၊ ကျွတ်. . . ကျွတ်၊ ငါသာ အစ်ကိုအကြီးဆုံးဖြစ်ခဲ့လို့ကတော့ မင်းတော့ မချောင်ဘူး ဇော်ထက်"

ကျော်မိုးဟန်က ကျွန်တော့်ကို နောက်ပြောင်၍ကောင်းနေဆဲပင်။ သက်နှင်းစံကလည်း အားကျမခံ။

"အေး. . . ဟုတ်တယ်၊ ငါသာ သူ့အစ်မဆိုလို့ကတော့ ကြိမ်လုံးနဲ့ကို နာနာတွယ်ပစ်လိုက်ဦးမယ်. . . ခွိခွိ"

မေမေက ပန်းကန်သွားဆေးရန် မတ်တတ်ထရပ်လိုက်၏။

"ဇော်ထက်. . . မေမေ့မှာ မင်းရဲ့ ပေါက်ကရ[illegible]

www.burmeseclassic.com

www.burmeseclassic.com


တွေကို နားထောင်ဖို့အချိန်မရဘူးသား၊ အခုချက်ချင်း အပေါ်ထပ်တက်ပြီး အဝတ်အစားသွားလဲတော့"

"ဒါပေမဲ့. . . မေမေ. . ."

"အခုချက်ချင်းအဝတ်သွားလဲ"

ကျွန်တော်ဘာလုပ်ရရင်ကောင်းမလဲ။ မည်သူမှလည်း ကျွန်တော့်စကားကို အလေးအနက်ထား၍ နားမထောင်ကြပါ။ ကျွန်တော့်စကားသည်သူတို့အတွက် ပုရွက်ဆိတ်နှစ်ကောင်အား ကားကြိတ်သွားသည်ဆိုသည့် သတင်းလောက်တော့ စိတ်ဝင်စားစရာမကောင်းပါ။ ပိုဆိုးသည်မှာ အရာရာသည်သူတို့အတွက် ပုံမှန်အတိုင်းဖြစ်နေကြခြင်းပင်။ ဘာမှမထူးခြားမပြောင်းလဲသလိုပင်. . .။

ကျွန်တော်လည်း စိတ်ပျက်လက်ပျက်ဖြင့် အပေါ်ထပ်သို့တက်လာခဲ့ပြီး အဝတ်အစားလဲရန်ဟန်ပြင်လိုက်သည်။ သို့ရာတွင် ကျွန်တော်၏ အရင်အဝတ်အစားဟောင်းများကို ရှာမတွေ့တော့ချေ။ ကျွန်တော်၏ ဗီရိုထဲတွင် တစ်ခါမှမမြင်ဖူးသောအဝတ်အစားများဖြင့်သာ ပြည့်နှက်နေကြလေသည်။ ထိုအဝတ်အစားများသည် ထွားကျိုင်းလာသည့် ကျွန်တော့်ခန္ဓာကိုယ်နှင့်ကွက်တိပင် ဖြစ်နေကြ၏။

ဒါဟာ ဟာသတစ်ခုလားဟု ကျွန်တော်ဖိနပ်စီးရင်း စဉ်းစားနေမိသည်။

ဟာသဆိုလျှင်တော့ ကျော်မိုးဟန်ရဲ့လက်ချက်ဖြစ်မှာ ကျိန်းသေသည်။

သို့ရာတွင် သူ မည်သို့လုပ်သလဲ။ ကျွန်တော့်ကို ကြီးထွားအောင် လုပ်ပြီး သူနှင့်သက်နှင်းစိကျတော့ ငယ်ရွယ်သွားအောင် သူဘယ်လိုလုပ်ပါသလဲ။

သည်ကိစ္စကို ကျော်မိုးဟန်မလုပ်နိုင်တာ ကျိန်းသေ၏။

www.burmeseclassic.com



ထိုစဉ် ဖြူလုံးက ကျွန်တော့်အိပ်ခန်းထဲသို့ ဝင်လာ၏။

"ဟာကွာ. . . ဝေးဝေးနေစမ်း ဖြူလုံး၊ ဝေးဝေးသွားနေ. . . သွား"

သို့ရာတွင် ဖြူလုံးက ကျွန်တော့်စကားကိုနားမထောင်ပါ။ သူက ကျွန်တော့်ဆီသို့ တည့်မတ်စွာပြေးလာပြီး ကျွန်တော်၏ခြေအစုံကို လျှာဖြင့်လျက်နေလေသည်။

ဖြူလုံးမှာ အရင်လို ဟောင်လည်းမဟောင် ကိုက်လည်း မကိုက်တော့ချေ။ ထိုအစား သူက အမြီးလေးပင် တနန့်နန့် လှုပ်ခြနေသေးသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ကျွန်တော် ရုတ်တရက် အံ့သြသွား၏။

သို့ရာတွင် ကျွန်တော့်ကိုယ်ကျွန်တော် ချက်ချင်း ဖြေသိမ့်လိုက်မိသည်။ တစ်လောကလုံး ထူးထူးခြားခြား ပြောင်းလဲသွားချိန်မှာ ဖြူလုံး၏ကိစ္စကလည်း သိပ်မဆန်းတော့ပါ။

"ဖော်ထက်. . . ကျောင်းသွားမယ်"

ထိုစဉ် မေမေက အောက်ထပ်မှ စိတ်မရှည်သည့်အသံဖြင့် လှမ်းအော်၏။

ကျွန်တော်လည်း အောက်ထပ်သို့ ကပျာကယာ ပြေးဆင်းလာခဲ့ပြီး အိမ်ရှေ့တံခါးပေါက်မှ ပြေးထွက်လာခဲ့မိသည်။

ကျွန်ုပ်တော်မှလွဲ၍ အားလုံး ကားပေါ်သို့ရောက်နေနှင့်ကြပြီဖြစ်သည်။

မေမေက ကျွန်တော်တို့၏ကျောင်းဆီသို့ ကားကို မောင်းထွက်လာခဲ့သည်။ ကျွန်တော်တက်နေကျ အထက်တန်းကျောင်းရှေ့တွင် ကားကို ညင်သာစွာရပ်လိုက်၏။ ကျွန်တော်လည်း ကားပေါ်မှဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိ ဟန်ပြင်လိုက်သည်။

"ဖော်ထက်. . . ဒါက ဘယ်ကိုသွားမလို့တုန်း။ ကားပေါ်ပြန်တက်စမ်း"

မေမေက ကျွန်တော့်ကို လှမ်းဆူလိုက်၏။

မေမေ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားပြီး . . .

"သား ကျောင်းထဲဝင်မလို့လေ မေမေ၊ မေမေက သားကို ကျောင်းတက်ဖို့ခေါ်လာတာမဟုတ်လား"

"သမီး. . . သွားပြီ မေမေ"

သက်နှင်းစံက မေမေ့ကိုချွဲနွဲ့၍ နှုတ်ဆက်လိုက်သည်။ ထို့နောက် ကျော်မိုးဟန်နှင့် သက်နှင်းစံတို့က မေမေ့ကိုနှုတ်ဆက်ပြီး ကားပေါ်မှဆင်းသွားကြသည်။

"မင်းတက်ရမှာ ဒီကျောင်းမဟုတ်ဘူးဆိုတာ သိရဲ့သားနဲ့ မေမေ့ကို အရှုံမလုပ်နဲ့ဖော်ထက်ရယ်၊ မေမေ အလုပ်နောက်ကျတော့မယ်၊ လာ ကားပေါ်ပြန်တက်"

ကျွန်တော်လည်း ကားပေါ်သို့ မတက်ချင်တက်ချင်ဖြင့် ပြန်တက်လိုက်၏။ မေမေက ကားကို အတော်ဝေးဝေးသို့ ရောက်အောင် ဆက်မောင်းလာပြီးနောက် တက္ကသိုလ်ကျောင်းရှေ့တွင် ကားကိုရပ်လိုက်၏။

"ရန်ကုန်အလယ်ပိုင်းတက္ကသိုလ်"

ဆိုသည့် ကျောက်သားဆိုင်းဘုတ်ကြီးကို ကျောင်းရှေ့တွင် ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

"ကဲ. . . အခု မင်းရဲ့ကျောင်းရောက်ပြီ၊ ကားပေါ်က ဆင်းပေတော့"

ဟု မေမေက ပြုံး၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် ကျွန်တော့်ရင်ထဲ အလုံးကြီးတစ်ခု တက်လာပြီး ဟင်ကနဲဖြစ်သွား၏။ 'ဗျာ. . . တက္ကသိုလ်'

"မေမေ. . . သား. . . သားက တက္ကသိုလ်တက်ဖို့ ဉာဏ်မမီသေးဘူးလေ"

ဟု ကျွန်တော်က အကြောက်အကန် ငြင်းဆန်လိုက်မိသည်။

"ဒီတစ်မနက်ခင်းလုံး မင်း ဘာဖြစ်နေတာလဲ ဖော်ထက်လူ"

မေမေက စိတ်မရှည်သည့်လေသံဖြင့် ပြောလိုက်၏။ ထို့နောက် သူမက ယာဉ်မောင်းထိုင်ခုံမှထကာ ကားထဲမှထွက်လာပြီး ကျွန်တော်၏ကားတံခါးကို ဆွဲဖွင့်ပေးရင်း. . .

"ကဲ. . . ကားပေါ်ကဆင်း. . . ကိုယ်တော် သွား"

ကျွန်တော် ကားပေါ်မှဆင်းရတော့မည်။ ထိုမှတပါး ကျွန်တော့်မှာ ရွေးချယ်စရာနည်းလမ်းမရှိပါ။

"ကဲ. . . ကျောင်းမှာ ဒီနေ့ ပျော်ပျော်ရွှင်ရွှင်နဲ့ စာသင်နိုင်ပါစေကွယ်"

မေမေက ကားကိုမောင်းထွက်ရင်း လှမ်းအော်သွား၏။

တက္ကသိုလ်ကျောင်းကြီးကို ကျွန်တော် မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်မိစဉ်မှာပင် ကျွန်တော် ဒီနေ့တစ်နေ့လုံး ပျော်ရွှင်ရလိမ့်မည်မဟုတ်ကြောင်း စိတ်ထဲမှသိလိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖြာကျနေသော နံနက်ခင်းရောင်ခြည်က စိမ်းစိုပြလက်နေသော ပင်လယ်ကဗွီးပင်များကို နွေးထွေးစွာ ပွေ့ပိုက်ထား၏။ တက္ကသိုလ်ပရဝဏ်ထဲသို့ ရာပေါင်းများစွာသော ကျောင်းသားကျောင်းသူများက တဖွဲဖွဲဝင်သွားကြသည်။

ကျွန်တော့်ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်သွား၏။ ကျွန်တော် ငယ်စဉ်က ပထမဆုံးကျောင်းတက်သည့်နေ့ကို ဝိုးတဝါး ပြန်အမှတ်ရလိုက်မိသည်။ အဲသည်တုန်းက ကျောင်းဝင်းတံခါးရှေ့တွင် ခြေပစ်လက်ပစ်ထိုင်ပြီး ကျောင်းမတက်ချင်ဘူးဟု အော်ငိုနေခဲ့သလိုမျိုး ယခုလည်း အော်ငိုခွင့်ရလျှင် ကောင်းမည်။

ကျွန်တော် တက္ကသိုလ်မတက်ချင်ဘူးဟု အော်ငိုပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်မိသည်။ ကျွန်တော် အခုမှ ဆယ်တန်းကျောင်းသားပဲရှိသေးတယ် လေ။

ရာပေါင်းများစွာသော ကျောင်းသားများကြားတွင် ဦးတည် ရာကင်းမဲ့စွာ လိုက်လံမျောပါနေမိသည်။ ငါ ဘယ်အတန်းကို သွား တက်ရမှာပါလိမ့်ဟု ကျွန်တော် အပူတပြင်း စဉ်းစားနေမိ၏။ ညီသည့်အတန်းသို့ သွားတက်ရမည်ဆိုသည်ကိုပင် ကျွန်တော် မသိ ပါ။

ထိုစဉ် ဘောလုံးဂျာကင်ဝတ်ဆင်ထားသည့် လူကောင်ခပ်ထွား ထွားနှင့် လူတစ်ယောက်က ကျွန်တော့်ဆီဦးတည်၍ ဒေါနှင့်မောနှင့် လျှောက်လာပြီး သူ့မျက်နှာကြီးအား ကျွန်တော်၏မျက်နှာနှင့် ထိလု နီးပါးဖြစ်အောင် တိုးကပ်လိုက်သည်။

"အဟဲ. . . နေကောင်းတယ်နော်"

နှုတ်ဆက်မယ့်သာ နှုတ်ဆက်လိုက်ရသည်။ သူ ဘယ်သူ လဲဆိုတာ ကျွန်တော်မသိပါ။

ထို ဗလတောင့်တောင့်နှင့်လူက အင်းမလှုပ် အဲမလှုပ်ပင်။ စကားတစ်ခွန်းမှလည်း ပြန်မပြော။ နေရာမှာပင်ရပ်နေရင်း သူ့နှာခေါင်း နှင့် ကျွန်တော့်နှာခေါင်းချင်း ထိလုနီးပါးဖြစ်အောင် မျက်နှာကြီးကို တိုးကပ်လာ၏။

"ဟော့. . . ဒီမှာ. . .။ ငါ ဘယ်အတန်းကိုသွားတက်ရမယ် ဆိုတာ မသိလို့။ ဟို. . . ငါနဲ့သက်တူရွယ်တူတွေဆိုရင်ပေါ့လေ. . . သူတို့ ဘယ်အတန်းမျိုးကို သွားတက်ကြသလဲဆိုတာ မင်းသိလား"

ကျွန်တော်က သူ့ကို ရွံ့တွန့်တွန့်ဖြင့်မေးလိုက်၏။

ထိုလူထွားကြီးက ကျွန်တော့်ကို မျက်ထောင့်နီကြီးဖြင့်ကြည့် ရင်း

www.burmeseclassic.com

www.burmeseclassic.com


"အပိုတွေလျှောက်ပြောမနေနဲ့။ မနေ့က မင်းလုပ်သွားတဲ့ ကိစ္စအတွက် ဒီနေ့ လက်တုံ့ပြန်ရအောင်လာခဲ့တာပဲ"

ဟု သွားများကိုစေ့ထားသောလေသံဖြင့် တစ်လုံးချင်းပြော လိုက်၏။

ကျွန်တော် ထိတ်ကနဲဖြစ်သွား၏။ သူ ငါ့ကိုဘာတွေလာပြော နေတာပါလိမ့်။

"ငါက. . . မင်းကိုတစ်ခုခုလုပ်ခဲ့ဖူးတယ်. . . ဟုတ်လား။ မင်း လူမှားနေပြီထင်တယ်။ မင်းနဲ့ငါ တစ်ခါမှမတွေ့ဖူးဘူး။ ဒီနေရာကိုလည်း မနေ့ကအထိငါမရောက်ဖူးသေးဘူး"

ထိုလူထွားကြီးက ကြီးမားတုတ်ခိုင်သော သူ့လက်ဖဝါးကြီး တစ်ဖက်ဖြင့် ကျွန်တော့်ပုခုံးသားများကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"အား"

နာလွန်း၍ ကျွန်တော်ယောင်ယမ်းပြီး အော်လိုက်မိ၏။

ဗလကြီးက အေးစက်စက်လေသံဖြင့် ခပ်တိုးတိုးပြောလိုက် သည်။

"ဒီနေ့ ကျောင်းဆင်းရင်. . . မင်း ငါ့အကြောင်းသိစေရမယ်"

ထို့နောက် သူကကျွန်တော့်ကို ဆောင့်တွန်းလွှတ်လိုက်ပြီး တစ်လောကလုံးကို သူပိုင်ဆိုင်သည့်အလား ဆောင့်ကြွားကြွားဖြင့် ထွက် ခွာသွားလေသည်။

ကျွန်တော် တုန်လှုပ်ချောက်ချားသွား၏။ ပထမဆုံးတွေ့ရသည့် စာသင်ခန်းထဲသို့ ဘာမှမစဉ်းစားဘဲ ပြေးဝင်လာခဲ့မိ၏။

အတန်း၏နောက်ဆုံးတွင် ကျွန်တော်ကုပ်ချောင်းချောင်းဖြင့် ဝင်ထိုင်လိုက်သည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဆရာတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com


ကျောက်သင်ပုန်းရှေ့တွင် မတ်တတ်ရပ်နေလေ၏။

"ကဲ. . . အားလုံးစာအုပ်တွေဖွင့်ကြ"

ဆရာမ၏အသံကြောင့် ကျောင်းသားကျောင်းသူအားလုံး မီးကိုရေနှင့်ငြိမ်းလိုက်သလို ရှဲကနဲ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

"ကဲ. . . မင်းတို့ရဲ့စာအုပ်တွေကို စာမျက်နှာငါးဆယ့်ခုနစ် ကို လှန်လိုက်ကြ"

ဒါ ဘယ်ဘာသာသင်တဲ့ စာသင်ခန်းလဲဟု ကျွန်တော် တွေးနေမိသည်။ ကျွန်တော့်ဘေးတွင်ထိုင်နေသော ကောင်မလေးတစ်ယောက်က လွယ်အိတ်ထဲမှ ဖတ်စာအုပ်ထုတ်နေသည်ကို မသိမသာ အကဲခတ်နေမိ၏။ ထိုဖတ်စာအုပ်အဖုံးကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

အဲ. . . သေပါပြီဗျ။

ဒီလို. . . မဟုတ်သေးဘူးလေ။

စာအုပ်အဖုံး၌ 'အဆင့်မြင့်ကဲကူးလပ် သင်္ချာပညာ' ဟု ရေးထားလေသည်တကား။

'ကဲကုလပ်သင်္ချာ' ကျွန်တော် တစ်ခါမှ ကြားတောင်မကြားဖူးပါ။

ပိုဆိုးသည်မှာ ကျွန်တော်က သင်္ချာဘာသာရပ်တွင် ညံ့ဖျင်းသူဖြစ်သည်။ ဆယ်တန်းသင်္ချာကိုပင် ကျွန်တော် ဖြောင့်အောင်မတွက်တတ်။ တက္ကသိုလ်ဆိုလျှင်တော့ ဝေလာဝေးပင်။

ထိုစဉ် ဆရာမက ကျွန်တော့်ကို သတိထားမိသွားပြီး သူ့ခေါ်မျက်လုံးအိမ်များကို အနည်းငယ် ကျဉ်းမြောင်း၍ စိုက်ကြည့်နေလေ၏

www.burmeseclassic.com



"ဇော်ထက်လူ. . .မင်း ဒီအတန်းကမဟုတ်ဘူးထင်တယ်"

"မဟုတ်ဘူး. . .ဆရာမ၊ ကျွန်တော် ဒီအခန်းကမဟုတ်ပါဘူး"

ကျွန်တော် စိတ်လှုပ်ရှားစွာ ဝုန်းကနဲ ထရပ်ရင်း ပြန်ဖြေလိုက်မိသည်။

ဆရာမက ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျွန်တော့်စကား ကို ဖြည့်စွက်လိုက်၏။

"ဟုတ်တယ်. . .သီရေတာ (၂) ဆရာမက နှစ်နာရီခွဲမှဝင်သင်ရမှာ ဇော်ထက်လူ၊ သားက အခန်းပြောင်းပြီးတက်ချင်လို့လား"

"အဲ. . .နေပါစေဆရာမ၊ မတက်ချင်ပါဘူး။ အဟဲ. . .သွားဦးမယ်နော် ဆရာမ"

ကျွန်တော် ထိုစာသင်ခန်းထဲမှ လေဇါလျှင်မြန်ခြင်းမျိုးဖြင့် ပြေးထွက်လာခဲ့မိသည်။ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလွတ်လပ်သွားသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။ ကံကောင်းလို့ သီသီလေးလွတ်သွားတယ်ဟု တွေးလိုက်မိသည်။ သေချာတာတစ်ခုက ထိုသချ်ာဆရာမလာသင်မည့် နှစ်နာရီခွဲအချိန်ကို ကျွန်တော် သွားမတက်ဖြစ်ခြင်းပင်။

ငါ ဒီနေ့ သချ်ာအချိန် မတက်မှဖြစ်မယ်ဟု ကျွန်တော် တွေးလိုက်မိသည်။

အခု ငါ ဘာလုပ်ရင်ကောင်းမလဲ၊ ကျောင်းဆောင်များထဲတွင် ကျွန်တော် ယောင်လည်လည်ဖြင့် လျှောက်သွားနေမိသည်။ မကြာမီ အချိန်အကူးအပြောင်း ခေါင်းလောင်းထိုးသွား၏။ ရွှေကိုင်းမျက်မှန်နှင့် ထိပ်ပြောင်ပြောင်ဆရာတစ်ယောက်က စာသင်ခန်းတစ်ခုအတွင်းမှ ထွက်လာသည်။ ကံဆိုးချင်တော့ ဆရာက ကျွန်တော့်ကို မြင်သွားပြီး လှမ်းအော်ငေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း နောက်ကျပြန်ပြီ ထက်လူ. . . လာ. . . လာ"

ထိုဆရာခေါ်သွားသည့် စာသင်ခန်းထဲသို့ ကျွန်တော် ကသော ကမျော လိုက်ဝင်သွားမိသည်။ ကံကောင်းထောက်မလို့ သမိုင်းဘာသာ ဆို ငြီးငြွန်းလို့ရတဲ့ ဘာသာမျိုးသင်တဲ့ဆရာ ဖြစ်ပါစေဟု ဆုတောင်း မိ၏။ ဒါမှမဟုတ် ပုံတိုပတ်စလေးတွေသင်သည့် အင်္ဂလိပ်စာလို ဘာသာရပ်မျိုးဆိုရင်လည်း မဆိုးဘူးဟု တွေးမိသည်။

သို့ရာတွင် ကျွန်တော့်ဆုတောင်းက တစ်ဝက်သာပြည့်ဝပါ သည်။

ထိုစာသင်ခန်းမှာ အင်္ဂလိပ်စာသင်သောအခန်း ဖြစ်သည် ကားမှန်ပါသည်။

သို့ရာတွင် ကျွန်တော် သင်နေကျ ဆယ်တန်းအင်္ဂလိပ်စာ ဆို ပုံတိုပတ်စလေးတွေ သင်ကြားခြင်းမဟုတ်ပါ။ လီယိုတော်စတွိုင်း ရေးသည့် အန်နာကရီးနီးနားဆိုသည့် ဝတ္ထုကြီးဖြစ်လေသည်။

ပထမဆုံးအနေဖြင့် ထိုဖတ်စာအုပ်မှာ ကျွန်တော်မြင်ဖူးနေ ကျ ဆယ်တန်းအင်္ဂလိပ်ဖတ်စာအုပ်ထက် ပိုထူသည်။ ဒုတိယအချက် မှာ ထိုဖတ်စာအုပ်ကို မဖတ်တတ်သည့်သူဆို၍ တစ်တန်းလုံးတွင် ကျွန်တော်တစ်ယောက်တည်းသာ ရှိပုံရ၏။ တတိယအချက်မှာ မည်မျှ ပင် ကျွန်တော် ကြိုးစား၍ဖတ်သော်လည်း တစ်လုံးတစ်ပါဒမျှ နားလည် သဘောပေါက်မှု မရှိခြင်းပင်ဖြစ်သည်။

"မင်းက အတန်းထဲကို နောက်ဆုံးမှ ဝင်လာတဲ့သူဆိုတော့ ဖတ်စာအုပ်ကို မင်း အရင်ဆုံးဖတ်ပြရမယ် ထက်လူရေ၊ ကဲ. . . စာမျက်နှာလေးဆယ့်ခုနစ်က စဖတ်"

ကျွန်တော်လည်း ခုံမှာထိုင်နေရင်း ဇောချွေးများပင်ပြန်လာ သော ဘီဝဲယာကို လှည့်ပတ်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ဟို. . . ဆရာ"

ထိုဆရာ၏အမည်ကိုလည်း ကျွန်တော်မသိပါ။

"ကျွန်တော့်မှာ ဖတ်စာအုပ်ပါမလာဘူး"

"နောက်ဆို ဖတ်စာအုပ်ယူလာခဲ့ ကြားလား"

ဆရာက သက်ပြင်းချရင်းပြောလိုက်၏။

"စိန်ဝင်း. . . ထက်လူကို သမီးရဲ့ဖတ်စာအုပ် ခဏငှားလိုက်ပါလား"

ဘေးတွင်ထိုင်နေသော စိန်ဝင်းဟုအခေါ်ခံရသည့် ကောင်မလေးက ကျွန်တော့်ဘက်လှည့်ကြည့်လိုက်သည်။ ကျွန်တော်ကတော့ ဆရာ့ကိုငေးကြည့်ရင်း လူတိုင်းကို သူတို့ရဲ့ နောက်ဆုံးနာမည်တွေပဲ လိုက်ခေါ်နေတတ်တာ ဒီဆရာရဲ့အကျင့်လားဟု စဉ်းစားနေမိသည်။

ထိုကောင်မလေးက သူမ၏စာအုပ်ကို ကျွန်တော့်အား ကမ်းပေးလိုက်၏။

"အဲ. . . ကျေးဇူးတင်ပါတယ်. . . မစိန်ဝင်း"

မစိန်ဝင်းဟုခေါ်လိုက်သောကြောင့် ထိုကောင်မလေးက ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။

ဒီကောင်မလေးက သူ့ကို မစိန်ဝင်းလို့ခေါ်တာ ကြိုက်တဲ့ပုံမရဘူးဟု ကျွန်တော်တွေးလိုက်မိသည်။ သို့ရာတွင် စိတ်ဆိုးလည်းမတတ်နိုင်ပါ။ သူမ၏နာမည်အပြည့်အစုံကိုမှ ကျွန်တော်မသိဘဲလေ။ ပြီးတော့ သည်ကောင်မလေးကိုလည်း ကျွန်တော် ဒီနေ့မှ စတွေ့ဖူးခြင်းဖြစ်သည်။

"စာမျက်နှာလေးဆယ့်ခုနစ်ကို ဖတ်. . . ထက်လူ"

ဆရာက ကျွန်တော့်ကို သတိလှမ်းပေးလိုက်၏။

ကျွန်တော်လည်း ဖတ်စာအုပ်ကို ထိုစာမျက်နှာသို့ လှန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြင်လိုက်ရသောစကားလုံးများက စိတ်မချမ်းသာစရာ။ ခက်ခဲနက်နဲလှသည်။ ကျွန်တော်မသိသော စကားလုံးများသာဖြစ်သည်။

တစ်ခါတစ်ရံ ခပ်ဆန်းဆန်းဝေါဟာရများပင် ပါသေးသည်။

ကျွန်တော်တော့ အရှက် လုံးလုံးကွဲပြီဟု စိတ်ထဲကနားလည်လိုက်၏။

စာတစ်ကြောင်းကို အချိန်တစ်နာရီလောက်ကြာအောင် ဖတ်ရမယ်နဲ့တူတယ်ဟု ကျွန်တော် နှုတ်ခမ်းလှုပ်ရုံ တီးတိုးရေရွတ်လိုက်မိသည်။

ရှည်လျားလှသောစာကြောင်းများက ကျွန်တော့်ကို အခက်တွေ့စေသည်။ စာကြောင်းတစ်ကြောင်းစီက မြို့ပတ်ရထားတွဲများလို ရှည်လျားလွန်းသည်။

"ထက်လူ. . . မင်း ဖတ်မပြသေးဘူးလား"

ဆရာက ကျွန်တော့်ကို စိတ်မရှည်သလို လှမ်းမေးလိုက်၏။

ကျွန်တော် ပင့်သက်ကိုရှူသွင်းရင်း ပထမဆုံးစာကြောင်းကို စဖတ်လိုက်သည်။

"ငယ်ရွယ်လှပတဲ့မင်းသမီးလေး စာ. . . စာကလေး. . . အဲ စာကလေးကြော်စမူဆာ. . . အဲ"

ဘေးမှ စိန်ဝင်းဆိုသည့်ကောင်မလေးက တခွိခွိနှင့်ရယ်လိုက်သည်။

"'ရှာချာဘက်စကာရာ' ပါကွ၊ စာကလေးကြော် စမူဆာ မဟုတ်ပါဘူး"

ဆရာက ကျွန်တော့်အမှားကို ပြန်ပြင်ပေး၏။

"ဆရာတို့ ဒီဖတ်စာအုပ်ကို လေ့ကျင့်လာခဲ့တာကြာပြီ။ အခု ထက်ထိ မင်း ကောင်းကောင်းမဖတ်တတ်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



'ရှာချာဘက်စကာရာ' ဆရာက စကားလုံး၏အသံထွက် အမှန်ကို ရွတ်ပြသည့်တိုင်အောင် ကျွန်တော် ထိုစကားလုံးကို အသံ မထွက်တတ်သေးဘဲ ဖြစ်နေသည်။ ကျွန်တော်၏ ဆယ်တန်းဖတ်စာ အုပ်တွင် သည်လို ခဲရာခဲဆစ်ဝေါဟာရမျိုး တစ်လုံးမျှမရှိပါ။

"စိန်ဝင်း. . . ထက်လူကိုဖတ်ပြလိုက် သမီး"

ဆရာက ကျွန်တော်၏ဘေးမှကောင်မလေးကို လှမ်းခိုင်းလိုက် ၏။

မစိန်ဝင်းက သူမ၏စာအုပ်ကို ကျွန်တော့်ထံမှပြန်ယူပြီး အသံ ကျယ်ကျယ်ဖြင့် စတင်ဖတ်ပြလေတော့သည်။ ထိုသင်ခန်းစာ၏ ဆိုလို ရင်းကို သဘောပေါက်အောင် ကျွန်တော် မနည်းလိုက်နားထောင်နေ ရသည်။ ရှာချာဘက်စကာရာ၏ အကြောင်းကို ရေးသားထားခြင်း ဖြစ်ကြောင်းကိုတော့ ကျွန်တော် ရေးတေးတေးသဘောပေါက်လိုက်၏။ 'ရှာချာဘက်စကာရာ' ပျင်းစရာကောင်းလိုက်တာ. .. ထိုအတွေးဖြင့် ကျွန်တော် သတိလက်လွှတ်သမ်းဝေလိုက်မိသည်။

"ဗွား"

"အိပ်ငိုက်နေပြီလား ထက်လူ. . . မင်းကို အိပ်ချင်ပြေအောင် ဆရာ လုပ်ပေးနိုင်မယ်ထင်တယ်၊ အဲဒီအပိုဒ်ရဲ့ အဓိပ္ပါယ်လေး ဆရာ့ ကိုရှင်းပြပါဦး"

"အဓိပ္ပါယ်. . . ဆရာဆိုလိုတာက. . . ဘာအဓိပ္ပါယ်လဲ"

"အေး. . . ဆရာသိချင်နေတာလည်း အဲဒါပဲ"

ကျွန်တော် နဝေတိမ်တောင်ဖြင့် ရပ်ရင်း စဉ်းစားနေမိသည်။ သည်အင်္ဂလိပ်စာအချိန်ကလည်း မကုန်နိုင်တော့ဘူးလား။

"အင်း. . . အဲ. . . အဲဒါ ဘာအဓိပ္ပါယ်လဲ. . . ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုချင်တာလဲပေါ့နော်၊ အဲ. . . ပြောရရင် နည်းနည်းခက်တယ်ဆရာရဲ့''

အတန်းထဲရှိ ကျောင်းသားကျောင်းသူအားလုံးက ကျွန်တော့်ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေကြသည်။

''ကဲ. . . အားလုံးက နားထောင်ချင်နေပြီ. . . ထက်လူ''

ကျွန်တော်ဘာလုပ်ရမလဲ၊ ဘာတွေဖြစ်နေမှန်း ကျွန်တော်မသိတော့ပါ။ ထွက်ပေါက်မရှိသော စကြဲ့ထောင့်ချိုးတစ်ခုထဲတွင် ချောင်ပိတ်မိနေသလို ခံစားရသည်။ နောက်ဆုံးတွင် ကျွန်တော်အရှုံးကွက်နင်းရန် ဆုံးဖြတ်လိုက်၏။

''ဆရာ. . . ကျွန်တော် အိမ်သာခဏသွားချင်လို့''

ကျွန်တော့်စကားကြောင့် ဆရာမှလွဲ၍ ကျန်ကျောင်းသားအားလုံး ဝါးကနဲ ဝိုင်းရယ်ကြလေသည်။ ဆရာက မျက်လုံးကိုပင့်ကြည့်ရင်း . . .

''တားလို့မှမရတာ. . . သွားလေ၊ အပြန်မှာ မော်ကွန်းထိန်းပါမောက္ခရဲ့ ရုံးခန်းထဲဝင်ခဲ့. . . ကြားလား''

''ဗျာ. . . ဆရာ''

''ဆရာပြောတာကြားလား။ မင်းဒီနေ့ မော်ကွန်းထိန်းနဲ့ တွေ့စရာရှိတယ်လေ။ ကဲ. . . သွားတော့''

ကျွန်တော်လည်း ကဆုန်ပေါက်ပြီးစာသင်ခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့မိသည်။ အားပါး. . . တက္ကသိုလ်ဆရာတွေက မလွယ်ဘူး . . .။

ဤနေရာမှ အမြန်ဆုံးထွက်ခွာခွင့်ရလျှင် အပြစ်[illegible]

ခံရမည်ဆိုလျှင်လည်း ကျွန်တော်အတိုင်းမသိဝမ်းသာမိမှာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမဖြစ်ပေါ်ဖူးသောဆန္ဒများ ရင်ထဲ၌ တဖွားဖွားပေါ်ပေါက်လာကြသည်။ ကျွန်တော်၏ ဆယ်တန်းကျောင်းသားဘဝလေးသို့ ပြန်ရောက်ချင်စိတ်များ ဖြစ်ထွန်းလာ၏။ အရာရာသည် နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားလျှင်ကောင်းမည်. . .

(သို့တည်းမဟုတ်)

အိပ်မက်တစ်ခုဖြစ်လျှင်ကောင်းမည်ဟု ကျွန်တော်မျှော်လင့်တောင့်တနေမိသည်။

ကျွန်တော်သည် ကျောင်းဆောင်များထဲတွင် တဝဲလည်လည်ဖြင့် လျှောက်သွားရင်း မော်ကွန်းထိန်း၏ ရုံးခန်းကိုရှာဖွေနေမိသည်။ ရှာဖွေနေရင်း စိမ်းရောင်မှန်များတပ်ထားသည့်ပြတင်းပေါက်တစ်ခု၏ ရှေ့သို့ ရောက်လာ၏။ ထိုပြတင်းပေါက်၏ အပေါ်ဘက်တွင် 'မော်ကွန်းထိန်းအဆင့်(၁) ပါမောက္ခဒေါ်ခင်စန်းရီ'ဟု ရေးသားထားသော ကျွန်းသားဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရလေသည်။

ငါ ရုံးခန်းထဲဝင်သွားရင်ကောင်းမလားဟု ကျွန်တော် ချိန်ဆနေမိသည်။ ငါ ဘာလုပ်သင့်သလဲ။ မော်ကွန်းထိန်းရုံးခန်းထဲ ဝင်သွားလျှင်တော့ ပါမောက္ခ၏အဆုံးခံထိတာပဲ အဖတ်တင်လိမ့်မည်။

ကျွန်တော်က ဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်ရင်း ထိုနေရာမှ အမြန်ဆုံးထွက်သွားရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် ကျွန်တော့်ထံသို့ လက်သီးလက်မောင်းတန်း၍ ဦးတည်လျှောက်လာ သောလူတစ်ယောက်ကို ကျွန်တော် တွေ့လိုက်ရလေသည်။ ဒီကမ္ဘာ ပေါ်တွင် ကျွန်တော် မတွေ့ချင်ဆုံးလူတစ်ယောက်ပင်။ မနက်ခင်းက ကျွန်တော့်ကို ခြိမ်းခြောက်စကားပြောသွားသော ဗလတောင့်တောင့် နှင့်လူ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငကြောက်လေး မင်းက ဒီရောက်နေတာကိုး။ မင်းရဲ့မျက်နှာကို မြေကြီးထဲဝင်သွားအောင် လက်သီးနဲ့ထုပစ်ရမယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဘုရား . . . ဘုရား။

ယခုအချိန်မှာတော့ မော်ကွန်းထိန်း၏ရုံးခန်းသည် ကျွန်တော့်အတွက် သိပ်ကြောက်စရာမကောင်းတော့ချေ။ ထိုဗလကြီးမှာ ဘာကောင်ကြီးပဲဖြစ်နေပါစေ။ မော်ကွန်းထိန်းပါမောက္ခ၏ ရုံးခန်းထဲတွင်တော့ ကျွန်တော့်ကို သူ ဒုက္ခပေးနိုင်မည်မဟုတ်ပါ။

"ငါသာ မင်းမျက်ခွက်ကို စုတ်ပြတ်သတ်သွားအောင် ထိုးလွှတ်လိုက်ရရင် မင်းတော့ ပလတ်စတစ်ဆာဂျရီ ပြန်လုပ်ရမှာ သေချာတယ်"

ဗလကြီးက ဒေါသချောင်းချောင်းဖြင့် ကြိမ်းဝါးလိုက်၏။

ကျွန်တော်လည်း ဘာမှမစဉ်းတော့ဘဲ မော်ကွန်းထိန်းရုံးခန်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ကသောကမျောဆွဲဖွင့်ပြီး အခန်းထဲသို့ ဖျတ်ကနဲ လှမ်းဝင်လိုက်သည်။

ခေါင်းတွင် ဆံပင်များကျိုးတိုးကျဲတဲဖြူနေသော မိန်းမကြီးတစ်ယောက်က စားပွဲနောက်တွင်ထိုင်ပြီး တစ်စုံတစ်ရာကို ငုံ့ရေးနေ၏။

"လာပါဦး. . . ဘာဖြစ်လာလို့တုန်း"

သူမက စာရေးနေရာမှ ခေါင်းမော့ပြီး ကျွန်တော့်ကိုမေးလိုက်၏။

ကျွန်တော်က အသက်ပင်မရှူရဲဘဲ သည်ရုံးခန်းထဲကို ဘာကြောင့် ရောက်လာရတာလဲဟု စဉ်းစားနေမိသည်။

ဩော်. . . ဟုတ်ပြီ. . . အင်္ဂလိပ်စာဆရာ. . .။

"ကျွန်တော့်ရဲ့ အင်္ဂလိပ်စာဆရာက လွှတ်လိုက်လို့ပါ ဆရာမကြီး၊ ကျွန်တော့်ကိုယ်ကျွန်တော် ဒုက္ခရောက်နေတယ်ထင်လို့ပါ"

ဟု ကျွန်တော်က မရဲတရဲ ရှင်းပြလိုက်သည်။

"ကဲ. . . ထိုင်ပါဦး မောင်ဖော်ထက်လူ၊ ဘာဖြစ်လာတာလဲ ကိုယ်တော်ချော"

ပါမောက္ခက ကျွန်တော့်အား သူမ၏ရှေ့မှထိုင်ခုံကို ညွှန်ပြရင်း ထိုင်ခိုင်းလိုက်၏။ သူမကိုကြည့်ရသည်မှာ သဘောကောင်းပြီး ကြင်နာတတ်မည့်ပုံပေါ်သည်။

"ဒီကျောင်းမှာ ကျွန်တော့်အတွက် အမှားအယွင်းတစ်စုံတစ်ရာများ ရှိနေသလားလို့ပါ ဆရာမကြီး၊ ဒီကျောင်းဟာ ကျွန်တော်တက်ရမယ့်ကျောင်း မဟုတ်ပါဘူး၊ ကျွန်တော့်အသက်အရွယ်နဲ့လည်း ဒီလို တက္ကသိုလ်ကျောင်းမျိုးတက်ဖို့ မဖြစ်နိုင်သေးပါဘူး ခင်ဗျာ"

ကျွန်တော်ကစပြီး နိဒါန်းပျိုးလိုက်၏။

ကျွန်တော့်စကားကြောင့် ပါမောက္ခကြီးက မျက်မှောင်ကြုတ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်ပြီး . . .

"မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဆရာမ နားမရှင်းဘူး"

"ကျွန်တော့်အသက်က ဆယ့်ခြောက်နှစ်ပဲရှိသေးတယ်၊ ကျွန်တော်တက်နေကျအတန်းက အထက်တန်း၊ ဒီတက္ကသိုလ်ကျောင်းစာတွေ ကျွန်တော် လိုက်မမီသေးဘူး၊ တကယ်ဆိုရင် ကျွန်တော် အထက်တန်းကျောင်းမှာပဲတက်သင့်တာ"

ကျွန်တော်က စိတ်မထိန်းနိုင်ဘဲ သတိလက်လွတ်အော်လိုက်မိသည်။

ဆရာမကြီးကိုကြည့်ရသည်မှာ ဇဝေဇဝါနှင့် စိတ်ရှုပ်ထွေးသွားပုံရ၏။ သူမက ထိုင်နေရာမှထလာပြီး ကျွန်တော်၏နဖူးကို လက်ဖြင့်စမ်းသပ်ကြည့်သည်။

ကျွန်တော် ဖျားနေလားလို့ သူမ စမ်းသပ်တာဖြစ်မယ်ဟု စိတ်ထဲက နားလည်သဘောပေါက်လိုက်သည်။ ကျွန်တော်၏စကားတွေကလည်း အရူးတစ်ယောက်ပြောသလို ဖရိုဖရဲဖြစ်နေသည်မဟုတ်လား။

ဆရာမကြီးက လေသံအေးအေးဖြင့် ဖြည်းဖြည်းချင်းပြောလိုက်၏။

"မောင်ဇော်ထက်လူ . . မင်းက တက္ကသိုလ်ကျောင်းသားပါကွယ်။ မင်းထင်သလို ဆယ်တန်းတက်နေတဲ့ ကျောင်းသားမဟုတ်ပါဘူး၊ ဆရာမပြောတာ နားလည်လား"

"အင်း . . . အဲ . . . ကျွန်တော့်ပုံစံက တက္ကသိုလ်ကျောင်းသားနဲ့ တူချင်တူနေမှာပေါ့၊ ဒါပေမဲ့ တက္ကသိုလ်ကျောင်းစာတွေ ကျွန်တော် မလိုက်နိုင်ဘူး၊ အခုလည်း အင်္ဂလိပ်စာအချိန်မှာပဲ ကြည့်၊ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြဒ္ဒါန်းစာအုပ်အထူကြီးကို ဖတ်ခိုင်းတယ်။ အဲဒီ စာပိုဒ်ထဲက စာကြောင်းလေးတစ်ကြောင်းတောင် ကျွန်တော့်မှာ နားမလည်ဘူးဖြစ်နေတယ်''

''စိတ်ကို အေးအေးထားပါ မောင်ဖော်ထက်လူ၊ ဒီကျောင်းစာတွေကို မင်း သင်နိုင်ပါတယ်၊ ဒီစာတွေက မင်းနဲ့ မစိမ်းပါဘူး၊ ရင်းနှီးပြီးသားပါ၊ ဆရာမ မင်းကို သက်သေပြမယ်''

ဆရာမကြီးက ပြောပြောဆိုဆိုနှင့် ကျောင်းမှတ်တမ်းမှတ်ရာများထားသည့် ဗီရိုများဆီသို့ လျှောက်သွား၏။ သူမက ဖိုင်တွဲ တစ်တွဲကို ဆွဲထုတ်ယူပြီး စားပွဲပေါ်သို့ ဖြန့်ချလိုက်သည်။ ကျွန်တော် လည်း ထိုဖိုင်တွဲမှထွက်လာသော ကဒ်ပြားများကို ငေးကြည့်နေမိ သည်။ ထိုကတ်ပြားများမှာ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ ပညာရည်တိုးတက်မှု မှတ်တမ်းများနှင့် မှတ်ချက်များပင် ဖြစ်လေ သည်။

ထိုပညာရည်တိုးတက်မှုမှတ်တမ်း၏ အပေါ်ဖက်ထိပ်နားတွင် ကျွန်တော့်နာမည်ကို တွေ့လိုက်ရ၏။ ထို့နောက် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် ပထမနှစ်ဝက်စာမေးပွဲအထိ ရမှတ်များနှင့် အဆင့်များအား ရေးသားထားသည်ကိုပါ ဖတ်ရှုလိုက်ရသည်။

''ကိုင်း. . . ဆရာမကြီးပြောတာ လက်ခံပြီလား မောင်ဖော်ထက်လူ၊ ကျောင်းစာတွေကို မင်းလိုက်လုပ်နိုင်ပါတယ်၊ တက္ကသိုလ် စာမေးပွဲတိုင်း မင်းဟာ အောင်မှတ်ရရုံတင်မကဘူး၊ ဂုဏ်ထူးမှတ် နားမှာတောင် ကပ်နေသေးတယ်၊ ဒါတင်မကသေးဘူး၊ နှစ်ဝက်စာ မေးပွဲတွေမှာလည်း ဒီလိုပဲ''

မော်ကွန်းထိန်းပြောသည့်အတိုင်းပင်။ အချို့စာမေးပွဲများ[illegible] ကျွန်တော်က ဂုဏ်ထူးတစ်လုံးစ၊ နှစ်လုံးစပင် ပါလိုက်သေးသ[illegible]

''ဒါ. . . ဒါပေမဲ့. . . ကျွန်တော် အခု ကျော[illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုက်မလုပ်နိုင်ဘဲ ဆရာမကြီးရယ်"

ကျွန်တော်က လေသံဖျော့ဖျော့ဖြင့် ငြင်းဆန်လိုက်၏။ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမှာလဲ၊ ငါ့ရဲ့ အနာဂတ်မှာ ပညာရေးက ဘယ်လိုအဆုံးသတ်သွားမှာလဲ၊ သည်နေ့မှ သည်ကျောင်းကို စရောက်လာခဲ့တဲ့ ကျွန်တော်က ပြီးခဲ့တဲ့နှစ်တွေမှာ စာမေးပွဲတွေကို ဘယ်လိုဖြေခဲ့တာပါလိမ့်။

"ပါမောက္ခ ဒေါ်ခင်စန်းရီ. . . ဆရာမ နားမလည်သေးဘူးနော်၊ မနေ့ကဆိုရင် ကျွန်တော်က ဆယ့်ခြောက်နှစ်သားပဲ ရှိသေးတယ်၊ ဒီနေ့မနက် ကျွန်တော် အိပ်ရာထလာတော့ အဲ. . . အသက်နှစ်ဆယ်အရွယ်ဖြစ်နေပြီ၊ ကျွန်တော်ဆိုလိုတာက ကျွန်တော့်မှာ လူကသာ အသက်နှစ်ဆယ်အရွယ်ဖြစ်သွားတာ၊ စိတ်ကတော့ ဆယ့်ခြောက်နှစ်ပဲရှိပါသေးတယ်"

"အင်း. . . အဲဒါ ဆရာမသိတယ်"

ပါမောက္ခကြီးဒေါ်ခင်စန်းရီ၏ အဖြေစကားကြောင့် ကျွန်တော် အံ့သြသွားသည်။ သူမ သည်လို လွယ်လင့်တကူ ယုံကြည်လက်ခံလိမ့်မည်ဟု ကျွန်တော် မထင်မှတ်ခဲ့မိရိုးအမှန်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သို့ရာတွင် ကျွန်တော့် အံ့ဩဝမ်းသာမှုက နေရောင်ထိ၍ လွင့်ပြယ်သွားသည့် မြူနှင်းငွေ့များလိုပင် ကြာရှည်မခံလိုက်ပါ။

"မောင်ဇော်ထက်လူက သိပ္ပံစိတ်ကူးယဉ်ဝတ္ထုတွေ အရမ်းဇတ်တယ်ဆိုတာ ဆရာမသိတယ်၊ ဒါပေမဲ့ ဒီစိတ်ကူးတည့်ရာ ယုံတမ်းစကားတွေကို ဆရာမ ယုံကြည်လိမ့်မယ်လို့ မင်း မျှော်လင့်ထားရင်တော့ မှားမယ်"

မော်ကွန်းထိန်းပါမောက္ခက စကားပြောရင်း လက်နှစ်ဖက်ကိုပိုက်ကာ သက်ပြင်းရှည်ကြီးချလိုက်၏။ သူမတွင် သည်းခံနိုင်စွမ်း သိပ်မကျန်တော့မှန်း ကျွန်တော် ရိပ်စားမိလိုက်သည်။

"အခု အင်္ဂလိပ်စာသင်ပြီးရင် ကာယလေ့ကျင့်ခန်း ထုံးရှ

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်အချိန်မဟုတ်လား မောင်ဖော်ထက်လူ"

"ဗျာ. . . ဘာအချိန်"

"မင်းပြောနေတာအားလုံးဟာ မဟုတ်ကဟုတ်ကတွေချည်းပဲ"

သူမကပြောရင်း ဖိုင်တွဲတွင်ညှပ်ထားသည့် ကျွန်တော်တို့စာသင်ခန်း၏ အချိန်ဇယားကို ဖျတ်ကနဲ လှမ်းကြည့်လိုက်သည်။

"ဆရာမသိတယ်၊ မင်းမကြာခင် ကာယလေ့ကျင့်ခန်းလုပ်ရမယ် မဟုတ်လား၊ အဲဒီအချိန်မှာ လေ့ကျင့်ခန်းမဆင်းချင်လို့ ဆရာမကို မင်း လာညာနေတာပဲ"

"မ. . . မဟုတ်ပါဘူးဆရာမကြီး၊ ကျွန်တော်ပြောနေတာတွေအားလုံး အမှန်တွေချည်းပါပဲ"

"အားကစားကွင်းထဲမှာ ကာယလေ့ကျင့်ခန်းသွားလုပ်တော့လေ၊ ကာယအချိန်က နောက်ငါးမိနစ်ဆို 'စ'တော့မှာ"

ကျွန်တော်က မော်ကွန်းထိန်းပါမောက္ခအား တွေတွေငေးငေးစိုက်ကြည့်နေမိသည်။ ကျွန်တော့်ခြေထောက်များက ကြမ်းပြင်တွင် ကော်ဖြင့်ကပ်ထားသလို မလှုပ်မယှက်။ ကျွန်တော်၏စကားများကို ဆရာမကြီး ယုံကြည်လိမ့်မည်မဟုတ်မှန်း အစောကြီးကတည်းက ကြိုသိသင့်သည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်နေမိ၏။

"လေ့ကျင့်ခန်းသွားလုပ်တော့လေ၊ ဒါမှမဟုတ် အားကစားကွင်းထဲအထိ ဆရာမကိုယ်တိုင် လိုက်ပို့ပေးရမလား"

ပါမောက္ခက အေးစက်ပြတ်သားသောလေသံဖြင့် ကျွန်တော့်ကို မေးလိုက်သည်။

"ကျွန်တော့်ဘာသာသွားပါ့မယ်၊ ကျွန်တော် သွားပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ကျွန်တော်လည်း ရုံးခန်းထဲမှ ကသော ကမျောထွက်ခဲ့ပြီး ကျောင်းအဆောင်များထဲသို့ အပြေးတစ်ပိုင်းလျှောက် သွားခဲ့မိ၏။ ဒါတောင်မှ မော်ကွန်းထိန်းပါမောက္ခက ရုံးခန်းတံခါးဝမှ ခေါင်းပြူထွက်လာပြီး လှမ်းအော်လိုက်သေးသည်။

"ကျောင်းဆောင်တွေထဲမှာ လျှောက်ပြေးမနေနဲ့ဦး"

အားကစားကွင်းဆီသို့ပြေးလာရင်း တက္ကသိုလ်တက်ရတာ မလွယ်ဘူးဟု အမြဲတစေ ညည်းတွားနေတတ်သည့် ကျော်မိုးဟန်နှင့် သက်နှင်းစံတို့၏ စကားသံများကို စိတ်ထဲမှ ပြန်လည်ကြားယောင် နေမိ၏။ ကံဆိုးမှုများကို ထပ်ဆင့်အကာယ်ဒမီရနေသော ကျွန်တော့် အတွက် ကာယလေ့ကျင့်ခန်းအချိန်သည်လည်း အိပ်မက်ဆိုးတစ်ခုပင် ဖြစ်လေသည်။

●

"ရှိ"

ကာယဆရာ ဦးစံထွေးက ဝီစီမှုတ်လိုက်၏။

"ဘော်လီဘောကစားကြမယ်၊ အသင်းခွဲဖို့ လူတွေတန်းစီ ကြ"

ကာယဆရာဦးစံထွေးမှာ ကာယဆရာပီသစွာ ဗလတောင့် တောင့် ဂင်တိုတိုနှင့်ဖြစ်ပြီး ဦးစွန်းမှုတ်ဆံပင်နှင့်ဖြစ်သည်။ ကာယဆရာ က နှစ်ဖက်အသင်းအတွက် အသင်းခေါင်းဆောင်များကို ရွေးချယ် ပေး၏။ ထိုမှတဖန် အသင်းခေါင်းဆောင်နှစ်ယောက်က ပါဝင်မည့် အသင်းသားများကို ဆက်လက်ရွေးချယ်ကြပြန်သည်။

'ငါ့ကိုမရွေးပါစေနဲ့၊ ငါ့ကို မရွေးပါစေနဲ့. . .' ဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ တဖွဖွ ဆုတောင်းနေမိသည်။

သို့ရာတွင် ကျွန်တော့်ဆုတောင်းမပြည့်ပါ။ အသင်းတစ်ခု၏ခေါင်းဆောင်ဖြစ်သော ရတနာဆိုသည့် ဆံပင်ရှည်ရှည်နှင့် ကောင်မလေးက ကျွန်တော့်အား ရွေးချယ်လိုက်၏။

ကျွန်တော်တို့၏အသင်းသားများက ဘော်လီဘောပိုက်၏ တစ်ဖက်တွင် နေရာယူလိုက်ကြသည်။ တစ်ဖက်အသင်းမှ စပေးဘောကို ရိုက်ထုတ်လိုက်၏။ ဘောလုံးက ကျွန်တော့်ဆီသို့ အမြောက်ဆံတစ်ခုလို တည့်တည့်မတ်မတ် ပြေးဝင်လာသည်။

"ငါ ကာမယ်. . . ငါ ကာမယ်"

ဟု ကျွန်တော်က အော်လိုက်၏။

ကျွန်တော်က ဘောလုံးကို ပြန်ရိုက်ထုတ်ရန် လက်ရွယ်လိုက်ရုံရှိသေးသည်။

"ဗုန်း"

ဘောလုံးက ကျွန်တော့်မျက်နှာတည့်တည့်ကို အရှိန်ပြင်းစွာ ထိမှန်သွား၏။

"အား"

ကျွန်တော်၏ခေါင်းထဲတွင် ကြယ်တွေလတွေမြင်သွားပြီး ပက်လက်လန်လဲကျသွားသည်။ နာကျင်သွားသော နဖူးကိုလက်ဖြင့်ပွတ်နေမိသည်။ ကျွန်တော့်အရပ်မှာ နဂိုကထက်ရှည်လာသည်ကို မေ့လျော့သွားသောကြောင့် ယခုလို ဘောလုံးမှန်ရခြင်းပင်. . .။

"ပြန်ထပါဟဲ့. . . ဖော်ထက်ရဲ့"

ရတနာက လှမ်းအော်လိုက်သည်။

မတ်တတ်ပြန်ရပ်ရင်း ကျွန်တော် ဘော်လီဘောသည်း ကောင်းကောင်းမကစားတတ်ကြောင်း နားလည်သဘောပေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘောလုံးက ကျွန်တော့်ဆီသို့ပင် ပြေးဝင်လာပြန်သည်။

"ပြန်ကာလိုက် ဇော်ထက်"

နာမည်မသိသော ကောင်လေးတစ်ယောက်က လှမ်းအော်လိုက်၏။

သည့်တစ်ကြိမ်တွင်တော့ ကျွန်တော် ခပ်မြင့်မြင့်ခုန်လိုက်သည်။ ကျွန်တော့်စိတ်ထဲတွင် အနေတော်ခန့် အံကွာအဝေးသည် ပိုမိုရှည်လျားနေသည့်ခြေထောက်များကြောင့် လိုအပ်သည်ထက် ပိုမိုမြောက်တက်သွား၏။ ထို့နောက် ကျွန်တော်လေထဲတွင် ကိုယ်တန်ချက်မထိန်းနိုင်တော့ဘဲ ဘေးတွင်ကစားနေသော ကျွန်တော့် အသင်းသားတစ်ယောက်ပေါ်သို့ ခြေကားယားလက်ကားယား ပြုတ်ကျသွား၏။

"ဘုန်း"

"အွတ်. . . သေပါပြီဗျ"

"ဇော်ထက်. . . သတိထားပြီးကစားကွ"

ထိုကောင်လေးက မကျေမနပ်ဖြင့်အော်လိုက်သည်။

"ငါ့ကိုယ်ပေါ်ကဖယ်ပေးဦး၊ အားလားလား. . . တံတောင်ဆစ်ကလည်း နာလိုက်တာ"

ထို့နောက် သူက တံတောင်ဆစ်တစ်ဖက်ကို လက်ဖြင့်အုပ်ကိုင်ထားရင်း အော်ဟစ်ညည်းညူနေလေသည်။

ကာယဆရာ ဦးစံထွေးက ဝီစီတစ်ချက်မှုတ်လိုက်ပြီး ထိုကောင်လေးအား ကပျာကယာဖြင့် လာစစ်ဆေးကြည့်ရှုသည်။

"မင်း တက္ကသိုလ်ဆေးရုံမှာ ဆေးသွားထည့်ရင်ကောင်း[illegible]

ထိုကောင်လေးမှာ ရှုံ့မဲ့ရှုံ့မဲ့ဖြင့် အားကစားကွင်းထဲမှ [illegible]သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာကစားဟာ ဖော်ထက်၊ ဒီတစ်ခါ အဆင်ပြေအောင် ကြိုးစားပြီးကစားနော်"

ရတနာက ကျွန်တော့်ကို ငေါ့တော့တော့လေသံဖြင့် သတိပေးလိုက်၏။

ကျွန်တော့်မျက်နှာတစ်ခုလုံး ရှက်စိတ်ဖြင့် နီရဲသွားသည်။ ကိုယ့်ကိုယ်ကို နလပိန်းတုံးတစ်ယောက်နှင့် တူနေပြီမှန်းလည်း သတိထားမိသည်။ သို့ရာတွင် ယခင်က ကျွန်တော် သည်လိုအရပ်အမောင်းမျိုး မပိုင်ဆိုင်ခဲ့ဖူးပါ။ သည်လို ခြေတံလက်တံရှည်ရှည်များလည်း မရှိခဲ့ဖူးပါ။ ကျွန်တော်၏ခြေထောက်များနှင့် လက်များကို ဘယ်လိုချုပ်ထိန်းကစားရမည်ဆိုတာကို မသိဘဲဖြစ်နေမိသည်။

နောက်ထပ် မိနစ်အနည်းငယ်ကြာသည်အထိ ကျွန်တော် မည်သည့်အမှားမျှ ထပ်မကျူးလွန်မိသေးပါ။ အပွင့်လင်းဆုံးဝန်ခံရလျှင် ဘောလုံးက ကျွန်တော့်ထံ ထပ်မရောက်လာသေးသောကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မှာ အမှားတစ်ခု ထပ်ကျူးလွန်မိဖို့ အခွင့်အရေးမရဘဲဖြစ်နေသည်။ ထိုစဉ် ရတနာကလှမ်းပြောလိုက်၏။

"စပေးဘောကို နင်ပုတ် . . . ဖော်ထက်"

မြသနာစတော့မည်ကို ကျွန်တော်သိသည်။ သူများတွေ စပေးဘောပုတ်စဉ်က သေချာကြည့်ထားသဖြင့် ဘယ်လိုစပေးဘောပုတ်ရသည်ကိုတော့ နားလည်၏။

'ဒီတစ်ခါ ငါ အမှားထပ်မလုပ်တော့ဘူး'ဟု သန္နိဋ္ဌာန်ချလိုက်သည်။ စပေးဘောကို တစ်ဖက်အသင်း မဆယ်နိုင်အောင်ပုတ်ပြီး ကျွန်တော့်အသင်းအတွက် အမှတ်များများရအောင် လုပ်ပေးရမည်။ သို့မှသာ ရှုံးသွားလျှင် ကျန်အသင်းသားများက ကျွန်တော့်ကို အပြစ်တင်ကြတော့မဟုတ်. . . ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘောလုံးကို လေထဲသို့မြှောက်လိုက်၏။ တစ်ဖက်အသင်းထံသို့ ဘောလုံးရောက်သွားအောင် ကျွန်တော်က ခိုခို သမျှအားကုန်သုံးပြီး လက်ဖြင့် ပုတ်ထည့်လိုက်သည်။

"ဖြန်း"

တစ်ခါမှမသုံးဖူးသော အားအင်မျိုးဖြင့် ဘောလုံးကို အားရပါးရရိုက်ပုတ်မိ၏။ ဘောလုံးက လေထဲသို့ ဝှီးကနဲ လျင်မြန်စွာ ပြေးထွက်သွားပြီး မျက်စိဖြင့်မြင်အောင် မနည်းကြိုးစားကြည့်နေရသည်။

"ဘုန်း"

"အား"

ရတနာမှာ နောက်ပြန် ပက်လက်လန်လဲကျသွား၏။ သူမက ဘောလုံးထိမှန်သွားသော ဦးခေါင်းကို လက်ဖြင့်ဖိအုပ်ထားသည်။

"ဘာလို့ ဒီလောက်တောင်အရှိန်ပြင်းပြင်းနဲ့ ဘောလုံးကို ပုတ်ရတာလဲ"

ရတနာက သူမ၏ခေါင်းကို လက်ဖြင့်အခါခါပွတ်သပ်ရင်း ရှုံ့မဲ့၍အော်လိုက်၏။

ကာယဆရာက ရတနာ့ကို အပြေးအလွှားသွားကြည့်ရင်း. . .

"ရတနာ. . . မင်းရဲ့ခေါင်းမှာ အာလူးဘုသီး အကြီးကြီးထွက်လာပြီ။ မင်းလည်း တက္ကသိုလ်ဆေးရုံကိုသွားပြီး ဆေးသွားထည့်လိုက်ဦး"

ရတနာက ကျွန်တော့်ကို မကျေမချမ်းဖြင့်ကြည့်ရင်း အားကစားကွင်းထဲမှ ထွက်ခွာသွားလေသည်။

ကာယဆရာဦးစံထွေးက ကျွန်တော့်ကို ပြုံးစိစိကြည့်နေရင်း. . .

"ဘာတွေဖြစ်နေတာလဲ ကောင်လေး။ ကိုယ့်မှာခွန်အားတယ်

www.burmeseclassic.com


လောက်ရှိသလဲဆိုတာ ကိုယ့်ဘာသာကိုယ်မသိဘူးလား။ ဒါမှမဟုတ် မင်းရဲ့အသင်းထဲကလူတွေကုန်အောင် တစ်ယောက်ပြီးတစ်ယောက် အမှည့်ခြွေ ခြွေနေတာလား"

"ကျွန်တော် တမင်တကာရည်ရွယ်ပြီး လုပ်တာမဟုတ်ပါဘူး"

"အေး. . . ယုံပါတယ်ကွာ။ ဒါပေမဲ့ မင်းဆက်မကစားဘဲ နားလိုက်ပါတော့. . .။ နို့မို့ဆို တက္ကသိုလ်ဆေးရုံမှာ လူနာတွေ ပြည့်သွားလိမ့်မယ်"

ကာယဆရာ၏စကားအဆုံးတွင် ကျွန်တော်လည်း ခေါင်းငိုက်စိုက်ချရင်း အဝတ်လဲခန်းသို့ ထွက်လာခဲ့မိသည်။

ဒီနေ့ထက် ကံဆိုးမိုးမှောင်ကျတဲ့နေ့ မရှိနိုင်တော့ဘူးဟု စိတ်ထဲမှခါးသီးစွာတွေးနေမိ၏။ ဒီထက်ပိုဆိုးတာတွေတောင် ဒီ့ထက်ပိုမဆိုးနိုင်တော့ပါဘူး. . .။

အခုအချိန်ပေါ်ပေါက်လာတဲ့ အခြေအနေကို ဘယ်လိုအခွင့်ကောင်းယူရမလဲ. . . ဟု ကျွန်တော်တွေးနေမိသည်။

ယခုနေ့လည်ခင်း ကျောင်းဆင်းချိန်ရောက်နေပြီဖြစ်သည်။ နောက်ထပ်နေ့တစ်ဝက်ခန့် ကျောင်းဆက်တက်ရဦးမည်။

သို့ရာတွင် ဘယ်ကိုသွားရမလဲ၊ ဘာကိုလုပ်ရမလဲ။ မသိသော အခြေအနေသို့ ရောက်ရှိနေ၏။ သေချာတာတစ်ခုကတော့ ဒီတက္ကသိုလ်မှာ ဆက်တက်နေလို့ မဖြစ်တော့ဘူးဆိုသည့်အချက်ကို ကျွန်တော် ကောင်းကောင်းသိလိုက်သည်။

တက္ကသိုလ်ကျောင်းသားဘဝက ဆိုးရွားလွန်းသည်။ မပော် တဆ ကံကောင်းထောက်မပြီး ကျွန်တော်၏နဂိုဘဝသို့ ပြန်ရောက် သွားခဲ့လျှင် တက္ကသိုလ်တက်ရန် ကျွန်တော် တော်တော်ဦးစားရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်လည်း ဘာမှတွေးမနေတော့ဘဲ အားကစားကွင်းထဲမှ ထွက်ကာ ကျောင်းအဆောင်များအတွင်းမှ ကမူးရှူးတိုး လျှောက်လာခဲ့မိတော့၏။ ခန်းမကျယ်ကြီးကို ဖြတ်ကာ ကျောင်းဝင်းတံခါးပေါက်မှတစ်ဆင့် အပြင်သို့ ပြေးထွက်လာခဲ့သည်။

အပြင်ဖက်တွင် သန့်ရှင်းလတ်ဆတ်သော လေချိုအေးက ကျွန်တော့်ကို ဆီးကြိုနှုတ်ဆက်လျက်ရှိသည်။

ကျွန်တော့်မှာ အသက်ပင်မရှူအားသေးဘဲ ကျွန်တော့်နောက်မှ ဗလကြီးလိုက်လာသေးလားဟု လှည့်ကြည့်အကဲခတ်လိုက်၏။

မြင်ကွင်းထဲတွင် မည်သူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှမတွေ့ရဘဲ ရှင်းလင်းနေသည်။

ဒါဆိုလည်း ဒီနေရာက မြန်မြန်လစ်မှ. . .။

"အွတ်"

ဒုက္ခပဲ။ နောက်ထပ်ပြဿနာတစ်ခုကို ရင်မဆိုင်ပါရစေနဲ့တော့။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

တစ်စုံတစ်ယောက်နှင့် ကျွန်တော် ဝင်တိုက်မိခြင်းဖြစ်သည်။ တိုက်မိသည့်အရှိန်ကြောင့် ကျွန်တော်လည်း နောက်ပြန်လန်သွားပြီး မြေပြင်ပေါ်သို့ ဖင်ထိုင်လျက်လဲကျသွား၏။

ဟိုက်. . . ဘာတွေဖြစ်ကုန်ပြီလဲမသိ။

မိန်းကလေးတစ်ယောက်က လမ်းဘေးတွင် ခွေခွေလေး လဲနေ၏။ စာအုပ်များက သူမ၏ဘေးနားတွင် ဖရိုဖရဲပြန့်ကျဲနေကြ သည်။

ကျွန်တော်က သူမကိုဆွဲထူပေးရင်း စိုးရိမ်တကြီးမေးလိုက် ၏။

"ဘာဖြစ်သွားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခေါင်းကိုခါယမ်းပြသည်။

"ငါ. . . တကယ်စိတ်မကောင်းပါဘူး၊ ဒီနေ့ တစ်နေ့လုံး အလွဲလွဲအချော်ချော်တွေချည်းပဲ လျှောက်လုပ်မိနေတယ်"

"ကိစ္စမရှိပါဘူး. . . ငါလည်း ဘာမှဖြစ်သွားတာမှ မဟုတ်တာ"

ဟု သူမက ပြုံးရင်း ပြန်ပြောလိုက်၏။

ထိုကောင်မလေးမှာ တက္ကသိုလ်ကျောင်းသူတစ်ယောက်ပုံစံမပေါက်ပါ။ ကျွန်တော်ဆိုလိုသည်မှာ သူမသည် ကျွန်တော်၏ နဂိုအသက်တစ်ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေးသည်။

ဘာမှမလိမ်းခြယ်ထားသည့် ဖော့ဖယောင်းလို ဖြူဖွေးနုနယ်သောမျက်နှာလေးပေါ်တွင် ဆံနွယ်စလေးများက ကပိုကရိုကျနေသည်။ ကော့ရှွန်းသောမျက်တောင်၊ အနက်ရောင် မျက်ဝန်းတစ်စုံနှင့် နီထွေးသော နှုတ်ခမ်းဖျားအကြားတွင် သေသပ်ကျနသော နှာတံစင်းစင်းလေးက နေရာယူထားသည့် အလှတရားကို ပိုင်ဆိုင်သည့် သူမသည် ကျွန်တော့်အမြင်တွင် နတ်သမီးလေးတစ်ပါးလို ရင်ခုန်သံများချင်စရာ။ ကျွန်တော့်ကိုကြည့်လိုက်စဉ် သူမ၏မျက်ဝန်းများက တဖျတ်ဖျတ်ခတ်သွားကြ၏။

ကောင်မလေးက စာအုပ်များနှင့် အခြားပစ္စည်းများကို ပြန်ကောက်ယူလိုက်သည်။

"ငါလည်း ဝိုင်းကောက်ပေးမယ်လေ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် သူမအား စာအုပ်များကို ကောက်ပေးရန် လက်လှမ်းလိုက်၏။

"ဒုန်း"

"အွတ်"

www.burmeseclassic.com

www.burmeseclassic.com



"အာ့"

ကျွန်တော့်နဖူးက သူမ၏နဖူးဖြင့် အရှိန်ပြင်းစွာ ဆောင့်မိပြန်သည်။

"ဖြစ်ပြန်ပြီကွာ"

ကျွန်တော် စိတ်ပျက်လက်ပျက် ညည်းတွားလိုက်၏။ သည်မတော်တဆဖြစ်ရပ်တွေကို ကျွန်တော် စိတ်ကုန်လှပါပြီ။

"သိပ်လည်း စိတ်ပျက်မနေပါနဲ့ဟာ"

ထိုကောင်မလေးက ကျွန်တော့်ကို နှစ်သိမ့်သလိုပြုံးပြရင်း ကျန်စာအုပ်များကို ကောက်ယူလိုက်၏။

"ဒါနဲ့ နင့်နာမည် ဘယ်လိုခေါ်လဲဟင်"

ကျွန်တော်က စိတ်တင်းကြပ်မှုသက်သာစေရန် စကားမရှိစကားရှာ၍ မေးလိုက်သည်။

"ငါ့နာမည်က 'ပြည့်သီဂီ' လို့ ခေါ်တယ်"

"ငါ့နာမည်ကတော့ ဇော်ထက်လူပါ"

ဒီကောင်မလေးရဲ့နာမည်က အဆန်းပဲဟု ကျွန်တော် တွေးလိုက်မိသည်။ သူမ၏နာမည်က အခုခေတ် ကောင်မလေးတွေ၏နာမည်မျိုးနှင့်မတူ။ ရှေးခေတ်ရာဇဝင်ထဲက နာမည်မျိုးဖြစ်နေသည်ဟု စိတ်ထဲကထင်မိသည်။

ထိုစဉ် သူမ၏မေးခွန်းကြောင့် ကျွန်တော်၏တွေးလက်စအတွေးများ ရပ်သွားကြ၏။

"ဒါနဲ့. . . နင် ဘာတွေဖြစ်လာတာလဲ ဇော်ထက်လူ၊ နင်ဘာတွေ ရေးကြီးသုတ်ပျာဖြစ်လာတာလဲ"

ဒီနေ့မနက်တွင် ကျွန်တော်၏ဘဝတစ်ခုလုံးပြောင်းလဲသွားသည့် အကြောင်းအား သူမကို ဘယ်လိုရှင်းပြရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလျှင်ကော သူမက ယုံကြည်ပါ့မလား။

ဟု ကျွန်တော် စဉ်းစားချင့်ချိန်နေမိသည်။

ထိုစဉ် ဖြူန်းကနဲ ကျောင်းတံခါးပွင့်လာ၏။ မော်ကွန်းထိန်းပါမောက္ခ ဒေါ်ခင်စန်းရီ၏ကားက ထိုတံခါးပေါက်မှ အပြင်သို့ ထွက်လာသည်ကို ကျွန်တော် လှမ်းမြင်လိုက်၏။

"ဒုက္ခပဲ. . . ငါ ဒီက အမြန်ထွက်သွားမှဖြစ်မယ်၊ ငါ အိမ်ပြန်ရတော့မယ်၊ နောက်မှတွေ့ကြတာပေါ့ ပြည်ဖိုး. . . တာ့တာ"

ထို့နောက် ကျွန်တော်လည်း မော်ကွန်းထိန်းမြင်မသွားခင် ထိုနေရာမှ အမြန်ဆုံးပြေးထွက်လာခဲ့တော့သည်။

●

ကျွန်တော် အိမ်ပြန်ပြီး အေးအေးဆေးဆေး အခွေထိုင်ကြည့်နေစဉ် ကျော်မိုးဟာန်နှင့် သက်နှင်းစံတို့ကျောင်းမှ ပြန်ရောက်လာကြသည်။

ကျော်မိုးဟာန်နှင့် သက်နှင်းစံ. . . အာရုံတွေထွေပြားလွန်းသဖြင့် သူတို့နှစ်ယောက်ကို မေ့လျော့နေခဲ့မိ၏။

ယခုအခါ သူတို့နှစ်ယောက်သည် ကျွန်တော်၏ညီလေးနှင့် ညီမလေးဖြစ်နေကြလေပြီ။ သူတို့နှစ်ယောက်ပုံစံမှာ ကျွန်တော်က သူတို့အား ဂရုစိုက်စေချင်ပုံရသည်။

"ငါးမုန့်ကြော်ကျွေး၊ ငါတို့ကို ငါးမုန့်ကြော်ကျွေး"

သက်နှင်းစံက ကျွန်တော့်အား ဂျီဂျောင်လာကျနေ၏။

"ကိုယ့်ဘာသာကိုယ် သွားကြော်စားပါလား"

ကျွန်တော်က ဒေါသတကြီး ပြန်ငေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေလာရင်တိုင်ပြောမယ်၊ ငါတို့ ဗိုက်ဆာနေတာကို နင်က အစ်ကိုအကြီးဆုံးဖြစ်ပြီး ငါးမုန့်ကြော်မကျွေးဘူးလို့. . . ဟွန်း"

သက်နှင်းစံကလည်း ကျွန်တော့်အားပြန်အော်သည်။

ယခင်က ကျွန်တော့်အား သူတို့မလုပ်ချင်သော တစ်စုံတစ်ခုကိုခိုင်းလိုလျှင် ကျော်မိုးဟန်နှင့်သက်နှင်းစံတို့ အမြဲပြောနေကျ ဆင်ခြေကို ပြန်အမှတ်ရလိုက်မိ၏။ ကျွန်တော်က ခပ်တည်တည်ဖြင့်. . .

"ငါ့မှာ Assignment တွေ ရေးစရာရှိသေးတယ်၊ မအားသေးဘူး"

ဪ. . . ဟုတ်သားပဲ။

တကယ်တမ်းလည်း ကျွန်တော့်တွင် Assignment တွေ ရေးစရာ ရှိသေးသည်။

Assignment တွေတောင် ရိုးရိုး Assignment တွေမဟုတ်။ တက္ကသိုလ် Assignment တွေ။

Assignment ရေးရမည့်ကိစ္စမှာ ကျွန်တော့်အတွက် အဓိပ္ပါယ် မရှိသလိုပင်။

သို့ရာတွင် သည်နေ့ Assignment တွေ ရေးမသွားလျှင် ကျွန်တော် မနက်ဖြန် အကြီးအကျယ် ဒုက္ခရောက်လိမ့်မည်။

ထိုစဉ် တက္ကသိုလ်ကျောင်း၌ ကျွန်တော့်ကို လိုက်လံရန်မူနေသော ဗလကြီးကို မဆီမဆိုင် သတိရလိုက်မိသည်။ ငါ သူ့ကို ဘာများလုပ်ခဲ့မိလို့ သူက ငါ့ကို သည်လောက်တောင် ရန်မူနေရတာလဲ။

●

အိပ်ရာဝင်ချိန်တွင် ကျွန်တော် ယခင်အိပ်နေကျ အခန်း

www.burmeseclassic.com

www.burmeseclassic.com



ဘဦးလေးဆီသို့ လျှောက်လာခဲ့မိသည်။ သို့ရာတွင် သက်နှင်းစ်က ဆိုအခန်းလေးထဲတွင် အိပ်နေနှင့်လေပြီ။

သည်လိုဆိုလျှင် ညသည်တွေအိပ်သည့်အခန်း၌သာ ကျွန်တော် ပြန်အိပ်ရဦးမည်။ အတွေးဖြင့် ထိုအခန်းထဲသို့ လျှောက်လာရင်း ဘုတင်ပေါ်သို့တက်ကာ လဲလျောင်းလိုက်သည်။

ဘာဆက်လုပ်ရမလဲ။ မျက်စိကိုစုံမှိတ်ရင်း ကျွန်တော် တွေး နေမိ၏။

ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမလဲဆိုတာ ကျွန်တော် မသိ ပါ။

ဘယ်အရာမဆို ပုံမှန်အတိုင်းဖြစ်အောင် ကျွန်တော် မလုပ် နိုင်ပါ။

ကျွန်တော့်ဘဝက ရှေ့လျှောက် တစ်သက်လုံး သည်လိုပဲ ဆန်းသွားနေတော့မှာလား . . ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ နေရောင်ခြည်က ပြတင်းပေါက်မှတဆင့် အခန်းတွင်းသို့ ဖြာလဲ့တောက်ပစွာ ကျဆင်းနေလေ၏။ နံနက်ခင်းရောက်ပြန်ပြီ။

အုံ့မခန်းပါပဲဟု ကျွန်တော် တွေးလိုက်မိ၏။ တက္ကသိုလ်ကျောင်းတော်ကြီး၏ ဂန္တဝင်မြောက် ဒုတိယနေ့ရက် စတင်တော့မည်။

အတွေးနှင့်အတူ ကျွန်တော့်မျက်လုံးများကို ပြန်မှိတ်ထားလိုက်မိသည်။ ဒီပြဿနာတွေ ငါရင်ဆိုင်နိုင်မှာမဟုတ်ဘူးဟု စိတ်ထဲမှ စဉ်းစားနေမိ၏။ ကျွန်တော်သာ အိပ်ရာထဲ၌ ဆက်ပြီးအိပ်နေလျှင်သည်နေ့အဖို့ ဘာပြဿနာမှ တက်စရာအကြောင်းမရှိတော့။

"ဖော်ထက် . . . သား . . . အိပ်ရာထတော့လေ"

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှလှမ်းအော်သည့် မေမေ့အသံကို ကြားလိုက်ရ၏။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ မေမေက ကျွန်တော့်အား မည်သည့်အခါမှ ကျောင်းမတက်ဘဲ အိပ်မှာနေခွင့်မပြုပါ။ ဘယ်လိုနည်းနဲ့မှ ရမည်မဟုတ်။

"ဇော်ထက်"

မေမေ့အော်သံကို ဒုတိယမ္ဗိ ထပ်မံကြားလိုက်ရပြန်သည်။

မေမေ့အသံက ရယ်စရာကောင်းနေသလိုပဲဟု ကျွန်တော် တွေးလိုက်မိ၏။ နဂိုအသံထက် ပိုကျယ်လာသည်ဟု ထင်မှတ်ရ သည်။

ကေ့န္တ သည်နေ့ ထူးထူးခြားခြား မေမေ အလုပ်မပင်ပန်း သောနေ့ ဖြစ်မည်။

ကျွန်တော် အိပ်ရာမှ မထချင်ထချင်ဖြင့် ထလိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ခြေချလိုက်၏။

**ခဏလေးနေကြပါဦး။**

ကျွန်တော့်ခြေထောက်တွေ ဘာတွေဖြစ်ကုန်ပြန်ပြီလဲ။

ကျွန်တော်၏ခြေနှစ်ဖက်ကို သေချာစူးစိုက် အကဲခတ်နေမိသည်။ ထိုခြေထောက်များသည် မနေ့ကလို ကြီးမားခြင်းမရှိတော့ပါ။ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြလေပြီ။

ခြေထောက်များသည် နဂိုမူလအရွယ်အတိုင်း ပြန်သေးငယ်သွားကြလေပြီ။ 'ငါ့ခြေထောက်တွေ ပုံမှန်ပြန်ဖြစ်သွားပြီကွ'

ကျွန်တော်၏လက်များကိုလည်း သေချာစိုက်ကြည့်ရင်း လက်ချောင်းလေးများအား ကွေးချည်ဆန့်ချည် လုပ်ကြည့်နေမိသည်။

ဒါ ကျွန်တော့်ခန္ဓာကိုယ်အစစ်ပဲ။ ကျွန်တော်သည် ဆယ့်ခြောက်နှစ်သားအရွယ်သို့ ပြန်ဖြစ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com


သေချာသွားအောင် ရေချိုးခန်းထဲသို့ပြေးဝင်ပြီး ကိုယ့်ကိုယ်ကိုယ် မှန်ထဲ၌ ပြန်ကြည့်လိုက်မိသည်။

ရေချိုးခန်းနံရံမှ မီးခလုတ်ကို ကပျာကယာဖွင့်လိုက်၏။

ကျွန်တော် တစ်ဆယ့်ခြောက်နှစ်သားဘဝသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း မှန်ထဲမှ ပုံရိပ်က သက်သေထူလျက်ရှိသည်။

ကျွန်တော် ဝမ်းသာလွန်း၍ လက်နှစ်ဖက်ကိုဆန့်တန်းပြီး ရေချိုးခန်းထဲ၌ ခုန်ပေါက်နေမိ၏။

"ဝေး. . . ဟေး. . . ဟေး၊ ငါ ဆယ့်ခြောက်နှစ်သား ပြန်ဖြစ်ပြီ၊ ဆယ့်ခြောက်နှစ်သား ပြန်ဖြစ်ပြီကွ"

ယခုအခါ ပြဿနာအားလုံး ရှင်းလင်းသွားလေပြီ။ တက္ကသိုလ်သို့ ကျွန်တော်သွားတက်ရန်လည်း မလိုအပ်တော့ပါ။

ကျွန်တော့်ကို အနိုင်ကျင့်သည့် ဗလကြီး၏အန္တရာယ်ကိုလည်း တွေးကြောက်နေစရာမလိုတော့ပါ။

အိပ်မက်ဆိုးတစ်ခု အဆုံးသတ်သွားခဲ့လေပြီ။

ယခုအခါ အရာရာသည် ချောမွေ့ဖြောင့်ဖြူးလျက်ရှိသည်။ ကျော်မိုးဟန်၊ သက်နှင်းစံနှင့် ဖြူလုံးတို့ရော အရင်ကအတိုင်း ပြန်ဖြစ်သွားပြီလားဆိုသည့်အတွေးကြောင့် ကျွန်တော် သူတို့ကို တွေ့ချင်စိတ် ပြင်းပြလာ၏။

"ဖော်ထက်. . . ရေ၊ သား ကျောင်းနောက်ကျတော့မယ်နော်"

မေမေက ကျွန်တော့်အား အောက်ထပ်မှ လှမ်းပြီးသတိပေးလိုက်ပြန်သည်။

မေမေဖျားပြီး _အသံဝင်နေသလားမသိဘူးဟု ကျွန်တော် တွေးရင်း အဝတ်အစားလဲကာ အောက်ထပ်သို့ ကပျာကယာ ပြေး

www.burmeseclassic.com

www.burmeseclassic.com


ဆင်းခဲ့မိသည်။ မေမေ့ရဲ့အသံက ပုံမှန်မဟုတ်သလိုပဲ။

မီးဖိုချောင်ထဲသို့ ကျွန်တော် ပြေးဝင်လာခဲ့၏။

"ဒီနေ့ သား မုန့်ဟင်းခါးစားမှာနော်. . . မေမေ. . . အဲ"

ကျွန်တော်၏ ပြောလက်စ,စကားက တိုးလို့တန်းလန်းဖြင့် ရပ်သွားသည်။

ကျွန်တော်တို့၏ ထမင်းစားစားပွဲတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ထိုင်နေကြ၏။

သူတို့နှစ်ယောက်ကို ကျွန်တော် တစ်ခါမှမမြင်ဖူးပါ။

ဘဝတွင် တစ်ခါမှမြင်တွေ့ဖူးခြင်းမရှိသော သူစိမ်းနှစ်ယောက်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သားအတွက် နံပြားနဲ့ပဲပြုတ်ဝယ်ထားတယ်. . . ဇော်ထက်"

ထိုမိန်းမက ကျွန်တော့်ကို လှမ်းပြောလိုက်၏။

"ကျွန်တော့်အမေ ဘယ်ရောက်နေလဲ။ ကျော်မိုးဟန်နဲ့ သက်နှင်းစံရော ဘယ်ရောက်သွားကြလဲ"

ထိုယောကျ်ားနှင့်မိန်းမက ကျွန်တော့်ကို နားမလည်နိုင်သလို ငေးစိုက်ကြည့်နေကြသည်။

"သား. . . ဒီနေ့ နေမကောင်းဘူးလား"

ထိုယောကျ်ားက ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်၏။

သား. . . ဆိုပါလား။ သူက ငါ့ကို ဘာဖြစ်လို့ သားလို့ခေါ်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက အအေးခွက်ကိုကိုင်ကာ လျှောက်လာရင်း. . .

"ဖျော်ရည်သောက်လိုက်ဦးသား၊ လန်းသွားအောင်၊ ဒီနေ့ သား အဖေက ကျောင်းလိုက်ပို့ပေးမယ်တဲ့"

ကျွန်တော့်ဖေဖေ၊ ဘာတွေလဲ။

"ကျွန်တော့်မှာ အဖေမှမရှိတော့တာ။ ကျွန်တော့်အဖေက ကျွန်တော်ငယ်ငယ်လေးထဲက ဆုံးသွားပြီ"

ယောက်ျားကြီးက ခေါင်းကိုခါယမ်းရင်း ပဲပြုတ်နှင့်နံပြားကို ဆက်စားနေ၏။ ထို့နောက် သူက. . .

"ငါ့သား ဒီအရွယ်ရောက်လာရင် ထူးထူးခြားခြားတွေ ပြု မူလိမ့်မယ်လို့ သူတို့ပြောထားတာမှန်သားပဲ။ ဒါပေမဲ့ ကိုယ့်အဖေကို ဒီလိုပြန်ပြောလိမ့်မယ်လို့ ဖေဖေ မထင်ထားခဲ့မိဘူး"

"ဒါနဲ့. . . ကျွန်တော့်မိသားစု ဘယ်ရောက်သွားလဲ၊ ကျွန် တော့်မိသားစုကို ခင်ဗျားတို့ ဘာလုပ်ပစ်လိုက်ကြပြီလဲ"

"မင်းရဲ့ ပေါက်ကရလေးဆယ်တွေကို ဖေဖေ နားမထောင် အားသေးဘူး ဖော်ထက်၊ မနက်စာစားပြီးရင် ကျောင်းသွားကြစို့"

ထိုလူကြီး၏ စကားအဆုံးတွင် တစ်ကိုယ်လုံး မည်းနက်နေ သော ကြောင်တစ်ကောင်က မီးဖိုချောင်ထဲသို့ဝင်လာ၏။ ထိုကြောင်က ကျွန်တော်၏ခြေထောက်များကို သူ့ခေါင်းဖြင့် တိုးဝှေ့ပွတ်သပ်နေလေ သည်။

"စိတ်ညစ်ရတဲ့အထဲ အဲဒီကြောင်နက်က ဒီမှာ ဘာလာ လုပ်နေတာလဲ။ ဖြူလုံးရော ဘယ်ရောက်သွားပြီလဲ"

ကျွန်တော်က စိတ်ရှုပ်ထွေးစွာ မေးလိုက်၏။

"ဖြူလုံးဆိုတာဘယ်သူလဲ၊ သား ဘာတွေလျှောက်ပြောနေ တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက ကျွန်တော့်ကိုမေးလိုက်သည်။

ကျွန်တော် တုန်လှုပ်ချောက်ချားစပြုလာ၏။ ရင်ဘတ်ထဲမှ နှလုံးခုန်သံက တဒုတ်ဒုတ်ဖြင့် မြည်လာသည်။ ခြေထောက်များက အားမရှိတော့သလို ပျော့ခွေလာ၏။

ကျွန်တော်လည်း အားအင်ဖျော့တော့စွာ ကုလားထိုင်ကိုမှီပြီး ဖျော်ရည်ကို တစ်ကျိုက်မော့သောက်လိုက်ရင်း . . .

"ခင်ဗျားတို့ပြောပုံအတိုင်းဆို . . . ခင်ဗျားတို့က ကျွန်တော့်ရဲ့အဖေနဲ့အမေပေါ့ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့သားရယ်၊ မေမေကိုယ်တိုင် သားကို ဝမ်းနဲ့လွယ်ပြီး မွေးထားရတာ၊ သူက သားဖေဖေလေ။ ဒါက သားရဲ့ ကြောင်လေး သံသရာတဲ့"

ကျွန်တော်၏အမေဆိုသည့် မိန်းမကြီးက ကျွန်တော့်နဖူးဆံစများကို နမ်းရင်းဖြေလိုက်၏။

"ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမတွေ မရှိကြတော့ဘူးလား"

ကျွန်တော့်စကားကြောင့် မိန်းမကြီးက မျက်ခုံးပင့်ရင်း ယောက်ျားကြီးကို လှမ်းကြည့်လိုက်သည်။

"တခြားညီအစ်ကိုမောင်နှမတွေ . . . မရှိပါဘူး ကလေးလေးရယ်"

ကျွန်တော် ကျောတွန့်သွား၏။ ကျွန်တော်၏အမေအရင်းတောင် ကျွန်တော့်ကို 'ကလေး' ဟု တစ်ခါမှ ခေါ်ရိုးထုံးစံမရှိပါ"

"သားက ညီလေးလိုချင်တယ်ဆိုတာ မေမေသိပါတယ်၊ ဒါပေမဲ့ ညီလေးရှိရင်လည်း သားနဲ့ဖြစ်မှာမဟုတ်ဘူး၊ သားက ဘာမဆို တစ်ယောက်တည်းပဲ မောင်ပိုင်စီးချင်တတ်တာကိုး"

ထိုမိန်းမကြီးက ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆက်ပြီးသည်းခံနိုင်စွမ်းမရှိတော့ချေ။

"တော်ပြီဗျာ၊ ကျွန်တော်ကို အရူးမလုပ်ကြနဲ့တော့၊ ကျွန်တော် သိချင်တာတစ်ခုပဲရှိတယ်၊ ကျွန်တော့်ဘဝက ဘာဖြစ်လို့ ဒီလိုမျိုး ဖြစ်သွားရတာလဲ"

ဟု ကျွန်တော်က တောင်းဆိုလိုက်၏။

ကျွန်တော်၏မိဘဆိုသည့် သူစိမ်းနှစ်ယောက်က အကြည့်ချင်းဖလှယ်လိုက်ကြသည်။ ထို့နောက် ကျွန်တော့်ကို သူတို့နှစ်ယောက်စလုံး ဝိုင်းကြည့်နေကြသည်။

"ခင်ဗျားတို့ ဘယ်သူလဲဆိုတာ ကျွန်တော် အမှန်အတိုင်း သိချင်တယ်၊ ကျွန်တော့်ရဲ့ တကယ့်မိသားစုရော ဘယ်ရောက်သွားလဲ၊ ကျွန်တော်ပြောတာ ခုချက်ချင်းဖြေကြ"

BURMESE CLASSIC

ကျွန်တော်က စိတ်ပေါက်ပေါက်ဖြင့် အော်လိုက်၏။

ယောကျ်ားကြီးက စိတ်မရှည်သလို မတ်တတ်ထရပ်ရင်း ကျွန်တော့်ပုခုံးကို ဆွဲထူလိုက်သည်။

"ကဲ. . . ကားပေါ်သွားတက်တော့. . . သား"

ဟု သူက အမိန့်ပေးလိုက်၏။

"မတက်ဘူး"

ကျွန်တော်က ပေကတ်ကတ်ဖြင့် ပြန်ပြောလိုက်သည်။

"ဟာသလုပ်နေတာတွေ တော်လိုက်တော့။ အခု ကားပေါ်တက်စမ်း"

ကျွန်တော့်မှာ ရွေးစရာလမ်းမရှိတော့ပါ။ ကျွန်တော်လည်း ထိုလူကြီး၏နောက်မှလိုက်သွားပြီး ကားရှေ့၌ရပ်လိုက်၏။ ထိုလူကြီး၏ ကားက ပြောင်လက်တောက်ပနေပြီး တန်ဖိုးကြီးမှန်း မြင်ရုံဖြင့်သိသာနိုင်သည်။ ကျွန်တော့်မေမေ၏ကားအိုလေးနှင့်တော့ တစ်ခြားစီပင်။ ကျွန်တော်လည်း ကားထဲသို့ စိတ်မပါလက်မပါဖြင့် ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မေမေဆိုသည့် မိန်းမက အပြင်သို့ ပြေးထွက်လာသည်။

"သား. . . စာအုပ်တွေမထားခဲ့နဲ့ဦး"

ထိုမိန်းမကြီးကလှမ်းအော်ရင်း ကားအနားသို့ရောက်လာ၏။ သူမက ကျောပိုးအိတ်ကိုဖွင့်ထားသောကြောင့် ပြတင်းပေါက်မှတဆင့် ကျွန်တော့်အား လှမ်းပေးလိုက်သည်။ ထို့နောက် သူမက ကျွန်တော့်ကို ထပ်နမ်းပြန်၏။

"အာ. . . တော်ပါတော့ဗျာ"

ကျွန်တော် တွန့်ခနဲဖြစ်သွားပြီး နဖူးကို လက်ဖြင့် မသတီသလိုပွတ်သပ်လိုက်မိသည်။ ကျွန်တော်နှင့် အခုမှသိရသော မိန်းမတစ်ယောက်အား ယခုလို နမ်းခွင့်မပေးချင်ပါ။

ထိုစဉ် ဖေဖေဆိုသည့်လူက ကားစက်နှိုးပြီး မောင်းထွက်လာခဲ့၏။ မိန်းမကြီးကတော့ လက်တပြပြလုပ်ရင်း ကျန်ရစ်ခဲ့၏။ သူမက လှမ်းအော်လိုက်သေးသည်။

"ဒီနေ့ ကျောင်းမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စာသင်နိုင်ပါစေ ကွယ်"

ထိုယောက်ျားကြီးနှင့် မိန်းမကြီး၏ အရေးတယူပြုမူ ဆောင်ရွက်ပုံများကို ကြည့်ခြင်းအားဖြင့် သည်ဘဝတွင် သူတို့သည် ကျွန်တော်၏မိဘများ ဖြစ်ပုံရသည်ဟု တွေးလိုက်မိ၏။

ထိုအတွေးကြောင့် ကျွန်တော် ပုခုံးတွန့်လိုက်မိသည်။

ငါ့ဘဝက ဘာတွေဖြစ်နေတာလဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ယခင်တုန်းက ကျွန်တော့်မှာ ဆယ့်ခြောက်နှစ်သားသာ ရှိသေးသည်။ ဖြုန်းစားကြီးဆိုသလိုပင် နောက်တစ်နေ့တွင် ကျွန်တော့်မှာ အသက်နှစ်ဆယ်အရွယ်သို့ ရောက်နေ၏။

ထို့နောက် ယနေ့တွင် ယခင်ကနှင့် လုံးဝကွဲပြားခြားနားသော မိသားစုအသစ်တစ်ခုနှင့်အတူ ဆယ့်ခြောက်နှစ်သား ပြန်ဖြစ်နေလေသည်။

ဖေဖေဆိုသည့်လူကြီး ကားမောင်းနေစဉ် ကျွန်တော်က ပတ်ဝန်းကျင်ရှုခင်းများကို ကားပြတင်းပေါက်မှတဆင့် ငေးမောနေသည်။ တစ်ခါမှမရောက်ဖူးသည့် ပတ်ဝန်းကျင်အသစ်တစ်ခုအတွင်း ကားစီးနေရသလိုပင်။ မြင်ကွင်းအားလုံးသည် ကျွန်တော့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြစ်နေကြ၏။ သစ်ပင်များ. . . အိမ်များ. . . လမ်းမများ။

"ကျွန်တော်တို့ အခု ဘယ်ကိုသွားနေတာလဲဟင်"

ကျွန်တော်က ညောင်နာနာအသံလေးဖြင့် မေးလိုက်သည်။

"ဖေဖေ. . . မင်းကို ကျောင်းလိုက်ပို့ပေးနေတာလေ၊ ဘယ်ကိုသွားနေတယ်ထင်လို့လဲ၊ မင်းကို ဆပ်ကပ်ရုံလိုက်ပို့နေတယ်ထင်လို့လား"

ဟု ထိုယောကျ်ားကြီးက စိတ်မရှည်တော့သလို ပြန်ဖြေ လိုက်၏။

"ဒါ. . . ဒါ ကျောင်းကိုသွားတဲ့လမ်းမှ မဟုတ်ဘဲ"

ကျွန်တော်က နားမလည်နိုင်စွာ ပြောလိုက်သည်။

ဖေဖေဆိုသည့်လူက နာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ကျွန်တော့်ကို ယုံကြည်ပုံမပေါ်။

နောက်ဆုံးတွင် သူက အထက်တန်းကျောင်းတစ်ကျောင်း ရှေ့တွင် ကားကိုရပ်လိုက်၏။ သို့ရာတွင် ထိုကျောင်းမှာ ယခင် ကျွန်တော်တက်နေကျ အထက်တန်းကျောင်းမဟုတ်ချေ။ သည်အထက်တန်းကျောင်းကိုလည်း ကျွန်တော် တစ်ခါမှ ရောက်ဖူးခြင်းမရှိ။

"ကဲ. . . ကျောင်းရောက်ပြီ. . . သား"

ထိုလူကြီးက ကားပေါ်မှဆင်းကာ ကျွန်တော့်ဘက်မှ ကားတံခါးကို လာဖွင့်ပေးရင်းပြောလိုက်၏။

ငါ ဘာလုပ်ရမလဲဟုတွေးရင်း ကျွန်တော် ကားပေါ်မှဆင်း လိုက်သည်။

ဖေဖေဆိုသည့်ထိုလူကြီးက ကားကို ဝေါခနဲမောင်းထွက် သွား၏။

အခု ဘာတွေဖြစ်ကုန်ပြီလဲဟု ကျွန်တော် ပြန်စဉ်းစားနေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကျွန်တော့်မှာ ဆယ့်ခြောက်နှစ်သားဘဝကို ပြန်ရသော်လည်း တစ်ခါမှမတက်ဖူးသောကျောင်း၌ တက်ရဦးမည်။

ငါ ကယောင်ကတမ်းနဲ့ အိပ်မက်မက်နေတာများလား။

အတွေးနှင့်အတူ ကိုယ့်လက်မောင်းကို ကိုယ်ပြန်ဆွဲဆိတ်ကြည့်လိုက်၏။ အား လား လား. . .နာ တယ် ဟ။

ဒါဆို တကယ်ဖြစ်နေတာပဲဟု ကျွန်တော် သိလိုက်သည်။

ကျောင်းသားကျောင်းသူများက ကျောင်းဝင်းထဲသို့ စကားတပြောပြောဖြင့် ဝင်သွားကြသည်။ ကျွန်တော်လည်း သူတို့နောက်မှ မယောင်မလည်ဖြင့် လိုက်ဝင်သွား၏။ ဘယ်ကိုသွား၍ ဘယ်မှ အတန်းတက်ရမည်မှန်းလည်း ကျွန်တော်မသိချေ။

ကျွန်တော်၏ရှေ့ မနီးမဝေးတွင် ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက်ကို လှမ်းမြင်နေရသည်။ ထိုစဉ် သူမက ကျွန်တော့်ကို ချာကနဲလှည့်ပြီး ပြုံးပြသည်။

သူမကို တစ်နေရာရာတွင် မြင်ဖူးသည်ဟု စိတ်တွင် ထင်မှတ်မိ၏။ သို့ရာတွင် မည်သည့်နေရာတွင် မြင်ဖူးမှန်း ရုတ်တရက် စဉ်းစား၍မရ. . .။

"မင်္ဂလာပါ"

ဟု ကျွန်တော်က သူမကို နှုတ်ဆက်လိုက်၏။

"မင်္ဂလာပါရှင်"

သူမကလည်း ကျွန်တော့်ကို ပြန်နှုတ်ဆက်လိုက်သည်။ ကျွန်တော့်ကိုကြည့်လိုက်စဉ် သူမ၏မျက်ဝန်းများက အရောင် တဖျတ်ဖျတ် လက်သွားကြ၏။

"ငါ့နာမည်က ဖော်ထက်လှုပါ"

ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ရင်း သူမအား ညော်

www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာတွင် မြင်ဖူးခဲ့ပါလိမ့်ဟု ခေါင်းထဲ၌ အပြင်းအထန် စဉ်းစားနေမိသည်။

"ငါ့နာမည်က ပြည်ဂီလို့ခေါ်တယ်"

ပြည်ဂီ. . . ဟုတ်သားပဲ၊ သူမမှာ မနေ့က တက္ကသိုလ်ရှေ့တွင် ကျွန်တော်နှင့် ဝင်တိုက်မိခဲ့သော ကောင်မလေးမှန်း ကျွန်တော် အမှတ်ရသွားသည်။

ကျွန်တော် ရုတ်တရက် လွှတ်ကနဲပြောလိုက်မိ၏။

"ငါ မနေ့က မင်းနဲ့တွေ့သေးတယ်လေ၊ မှတ်မိသေးလား"

သို့ရာတွင် ကျွန်တော်က စကားကို တိုးလို့တန်းလန်းနှင့် ရပ်ပစ်လိုက်သည်။

သူမက ကျွန်တော့်ကိုမှတ်မိသေးရဲ့လား။ ကျွန်တော်မသိပါ။ သို့ရာတွင် မှတ်မိနိုင်စရာအကြောင်းတော့ မရှိပါ။ ကျွန်တော်၏ပုံပန်းသွင်ပြင်မှာ မနေ့ကဖော်ထက်လူနှင့် မတူတော့ပါ။ ယခု သူမ၏ဘေးတွင် ရပ်နေသည့် ဆယ့်ခြောက်နှစ်အရွယ်ကောင်လေးမှာ မနေ့က သုတ်သီးသုတ်ပြာနိုင်လှသော အသက်နှစ်ဆယ်အရွယ် တက္ကသိုလ်ကျောင်းသားဖြစ်ကြောင်း သူမ မှတ်မိနိုင်စရာအကြောင်းမရှိပါ။ ထိုစဉ် ပြည်ဂီက . . .

"နင့်ရဲ့ ပထမအချိန်က ဘာအချိန်လဲ၊ ငါကတော့ နေ့လည်စာသွားစားလိုက်ဦးမယ်"

"နေ့လည်စာ. . . အမ်၊ အခုမှ မနက်ရှစ်နာရီခွဲပဲ ရှိသေးတယ်လေ"

"နင်က ဒီကျောင်းမှာ လူသစ်ဖြစ်ရမယ်၊ ဟုတ်တယ်. . . မဟုတ်လား"

ဟု သူမက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီကျောင်းမှာ မုန့်စားဆင်းချိန်ဆို ကျောင်းသားတွေက တိုး ခပေါက်အောင်များတယ်ဟ၊ မုန့်ဈေးတန်းမှာ မုန့်တစ်ခုရဖို့အရေး နေ့ညည်းတိုးဝှေ့နေရတာ၊ ဒါကြောင့် ငါက စားစရာရှိတာကို မနက် ကတည်းက စားထားတယ်လေ"

"ဒါဆို ငါလည်း ကြိုစားထားမယ်"

ကျွန်တော်လည်း သူမ၏စကားကို ချော်လဲရောထိုင် လုပ် လိုက်၏။ သို့ရာတွင် ကျွန်တော် လိမ်ညာပြောခြင်းတော့မဟုတ်ပါ။ ကျွန်တော် ဘာလုပ်ရမှန်းမသိသောကြောင့်လည်း ဖြစ်သည်။ သည် ကျောင်းကိုကြည့်ရသည်မှာ ပျော်ရမည့်အချိန်ထက် ဒုက္ခရောက်ရမည့် အချိန်က ပိုများလိမ့်မည်ထင်သည်။

သူမခေါ်ဆောင်သွားသည့် မုန့်ဈေးတန်းဆီသို့ ကျွန်တော် လိုက်လာခဲ့၏။ ထိုမုန့်ဈေးတန်းတွင် တကယ်ပင် နေ့လည်စာတည် ခင်းရောင်းချနေလေပြီ။ မွှေးကြိုင်သော ခေါက်ဆွဲကြော်ရနံ့က လေထဲ မှ ပျံ့လွင့်လာ၏။ ကျွန်တော်ယောင်ပြီး တံတွေးပင်မျိုချလိုက်မိသည်။

"မနက်စောစောစီးစီး ခေါက်ဆွဲကြော်စားနေကြတယ်နော်"

ဟု ကျွန်တော်က မှတ်ချက်ချလိုက်သည်။

ကျွန်တော်နှင့်ပြည်သီဂီသည် ကြာဇံသုတ်နှစ်ပွဲနှင့် အအေးနှစ် ထုပ် ဝယ်လိုက်၏။

"ဘောလုံးကွင်းထဲမှာ သွားစားကြရအောင်၊ ရာသီဥတု သာယာတယ်ဟ"

ကျွန်တော်တို့နှစ်ယောက်မှာ မုန့်ဈေးတန်းဘေးမှ ဘောလုံး ကွင်းအစပ်သို့ လျှောက်လာခဲ့မိသည်။ ထို့နောက် ပိတောက်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်လိုက်၏။ ပြည်သီဂီက နှုတ်ခမ်းလေးသွားကို

www.burmeseclassic.com

www.burmeseclassic.com



လှပဝိုင်းစက်စွာစု၍ အအေးပိုက်ကို ငုံ့သောက်နေသည်။ ကျွန်တော်ကတော့ အိမ်မှ ထမင်းဘူးထည့်ပေးလိုက်သလားဟု ကျောပိုးအိတ်ထဲ၌ လှန်လှောရှာဖွေလိုက်မိ၏။ ကျွန်တော်၏ မေမေအသစ်က ကျွန်တော့်အတွက် စားစရာတစ်ခုခု စီစဉ်ပေးလိုက်လိမ့်မည်ဟု စိတ်ထဲမှ ထင်နေမိသည်။

ကျွန်တော်ထင်သည့်အတိုင်းပင်။ သူမက ကျွန်တော့်အတွက် ထမင်းဘူး စီစဉ်ပေးလိုက်သည်။ ဖွင့်ကြည့်လိုက်တော့ ငါးကြော်နံ့က ထောင်းကနဲထွက်လာသဖြင့် နှာခေါင်းရှုံ့လိုက်မိ၏။ မုန်လာဥနီများကိုလည်း ကြော်ပြီးထည့်ပေးလိုက်သေးသည့်အပြင် ပူတင်းတစ်ဘူးလည်း ပါလိုက်သေးသည်။

ကျွန်တော်မကြိုက်ဆုံးအရာအားလုံးကို ရွေးပြီးထည့်ပေးလိုက်သလားဟု မှတ်ထင်ရ၏။

ထမင်းဘူးထဲမှ အရာအားလုံးကို မလှမ်းမကမ်းရှိအမှိုက်ပုံးထဲသို့ သွားသွန်ပစ်လိုက်၏။ ပြည်ဂီကတော့ ကျွန်တော်လုပ်သမျှကို ဘာမှဝင်မပြောဘဲ အေးအေးဆေးဆေး ကြာဇံသုတ်စားလိုက်၊ အအေးသောက်လိုက်လုပ်နေ၏။

ကျွန်တော်ကလည်း လွတ်သွားသောထမင်းဘူးထဲသို့ ကြာဇံသုတ်ထည့်ပြီး စားနေလိုက်သည်။

နှစ်ယောက်စလုံး ကြာဇံသုတ်စားပြီးချိန်တွင် ပြည်ဂီက ကျွန်တော့်အား ချောကလက်ကိတ်မုန့်ပိုင်းလေးတစ်ခု ထုတ်ပေး၏။

"စားမလား. . . ငါကတော့ မနက်စောစော ချောကလက် မစားချင်ဘူး"

"စားမယ်. . . ကျေးဇူးပဲ"

ကျွန်တော်က သူမကို ကျေးဇူးတင်စကားဆိုပြီး ချောက

www.burmeseclassic.com

www.burmeseclassic.com


လက်ကိုတ်ကို လှမ်းယူလိုက်သည်။

ပြည်ဗီဂီက စိတ်ထားတော်တော်ကောင်းသည်ဟု ကျွန်တော် တွေးလိုက်မိ၏။ သည်အိပ်မက်ဆိုးကြီး ဖြစ်ပွားချိန်မှစပြီး ကြုံတွေ့ရသမျှ လူတွေထဲတွင် ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံသည့် သူဆို၍ သူမတစ်ယောက်တည်းသာရှိသေးသည်။

ကျွန်တော်၏အဖြစ်အပျက်အားလုံး ပြည်ဗီဂီကိုပြောပြရလျှင် သူမ နားလည်သဘောပေါက်တန်ကောင်းပါရဲ့။ ကျွန်တော့်တွင် ဖွင့်ဟ ပြောပြစရာ တစ်စုံတစ်ယောက်ကို အရေးတကြီး လိုအပ်နေသည်။ ကျွန် တော်တစ်ယောက်တည်း မျိုသိပ်ခံစားနိုင်စွမ်း မရှိတော့ပါ။

"နင် ငါ့ကို မြင်ဖူးသလားဟင်"

ကျွန်တော်က ပြည်ဗီဂီကို မေးလိုက်၏။

သူမက ကျွန်တော့်မျက်နှာကို သေသေချာချာ အကဲခတ်နေ ပြီးမှ . . .

"နင့်မျက်နှာက သမားရိုးကျ မြင်နေကျမျက်နှာမျိုးပဲ၊ နင့် ကို ဒီကျောင်းအနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ ငါ တွေ့ဖူးတယ်"

"ငါပြောတာ အဲသလိုမျိုးမဟုတ်ဘူးလေ. . ."

အဖြစ်အပျက်အားလုံးကို သူမအားမခြွင်းမချန် ပြောပြရန် စိတ်ပိုင်းဖြတ်လိုက်မိသည်။ ကျွန်တော့်အဖြစ်အပျက်မှာ သူမအတွက် တော့မယုံနိုင်လောက်အောင် ထူးဆန်းကောင်းထူးဆန်းနေပေလိမ့်မည်။ သို့ရာတွင်ကျွန်တော့်မှာ တစ်ယောက်ယောက်ကို ရင်ဖွင့်ပြောပြမှရတော့ မည်။ ခံစားမှုအားလုံးကို ကျွန်တော်တစ်ယောက်တည်း မျိုသိပ်ထား နိုင်စွမ်းမရှိတော့. . .။

ကျွန်တော်က ဖြည်းဖြည်းချင်းပြန်ပြောလိုက်၏။

"မနေ့က နင်တက္ကသိုလ်ရှေ့ကဖြတ်လျှောက်သွားသလား . . .

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အေးလေ. . . ငါနေ့တိုင်းအိမ်ကိုပြန်ရင် တက္ကသိုလ်ရှေ့ကဖြတ်လျှောက်ပြီး ပြန်နေကျပဲ"

"မနေ့က နင် လူတစ်ယောက်နဲ့ ဝင်တိုက်ခဲ့မိသေးလား။ အသက်နှစ်ဆယ်အရွယ်လောက်ရှိတဲ့ လူငယ်တစ်ယောက်လေဟာ။ တက္ကသိုလ်ရှေ့မှာလေ. . ."

ပြည်ဂီက ကျွန်တော့်မေးခွန်းကိုပြန်ဖြေရန် ဟန်ပြင်လိုက်၏။ သို့ရာတွင်သူမ၏ မျက်ဝန်းများက တစ်နေရာတွင်ရပ်တန့်သွားကြသည်။ ကျွန်တော်လည်း သူမငေးစိုက်ကြည့်နေသည့် ကျောင်းတံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။

ကျွန်တော်တို့ထံသို့ တည့်တည့်မတ်မတ်လျှောက်လာသော လူနှစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူနှစ်ယောက်၏ ပုံသဏ္ဌာန်က ခက်ထန်ကြမ်းတမ်းမည့်ပုံရပြီး တီရှပ်အနက်နှင့်အနက်ရောင် ဂျင်းဘောင်းဘီကို ဆင်တူဝတ်ဆင်ထားကြသည်။ လူတစ်ယောက်၏ နဖူးတွင် ပဝါအဖြူအနီနှစ်စကို စည်းနှောင်ထား၏။ နောက်တစ်ယောက်ကတော့ ကျွဲပုခုံးထနေသော လက်မောင်းအိုးကြီးများပေါ်လွင်အောင် တီရှပ်အကျီလက်စများကို ဆုတ်ဖြဲထားလေသည်။ နှစ်ယောက်စလုံးမှာ ကတုံးပြောင်ပြောင်၊ ပုကွကွ၊ ဂင်တိုတိုနားရွက်ချွန်ချွန်နှင့်ဖြစ်ပြီး အသက်အရွယ်က ကျွန်တော်တို့နှင့် မတိမ်းမယိမ်းပင်။

ကြီးမားတုတ်ခိုင်သောခန္ဓာကိုယ်နှင့် မလိုက်အောင် ဦးခေါင်းများက အနည်းငယ်စီသေးငယ်နေကြသော ထိုလူနှစ်ယောက်ကိုကြည့်ရသည်မှာ လူဖြင့်မတူ. . .။ ပြိတ္တာကောင်ကြီးများဖြင့်ပင် ဆင်သလားလို့ရှိသည်ဟု ကျွန်တော့်စိတ်ထဲ၌ ထင်မိသည်။ သူတို့နှစ်ယောက်က ဒီနေရာကို ဘာလာလုပ်ကြတာပါလိမ့်. . .။

www.burmeseclassic.com

www.burmeseclassic.com


ထိုလူနှစ်ယောက်ကတော့ ကျွန်တော်နှင့် ပြသိဂီထံသို့သာ ဦးတည်ပြီးလျှောက်လာသည်။

ကျွန်တော့်ရင်ဘတ်ထဲမှ နှလုံးခုန်သံကတဒုတ်ဒုတ်ဖြင့် ကျယ်လောင်လာသည်။ သူတို့နှစ်ယောက်ကိုကြည့်ရင်း ကျွန်တော်၏စိတ်ထဲတွင် အန္တရာယ်ရနံ့တစ်ခုကို ရလာသည်။

သူတို့၏မျက်နှာပေါ်မှ အေးစက်တင်းမာသော အကြည့်များကြောင့်လည်း ဖြစ်နိုင်ပါသည်။

"သူတို့က ဘယ်သူတွေလဲမသိဘူးနော်"

ကျွန်တော်က ပြသိဂီကို တီးတိုးမေးလိုက်၏။

ပြသိဂီက ဘာမှပြန်မဖြေ. . .။ ဖြေရန်လည်းသူမမှာ အချိန်မရှိတော့. . .။

ထိုလူတစ်ယောက်က ကျွန်တော့်ကိုလက်ညှိုးထိုးရင်း လှမ်းအော်လိုက်၏။

"ဒီကောင်ပဲ"

"သူ့ကို မလွှတ်စေနဲ့"

ထို့နောက် လူနက်ကြီးနှစ်ယောက်က ကျွန်တော့်ထံပြေးဝင်လာကြ၏။

သူတို့ ဘယ်သူတွေမှန်း ကျွန်တော်မသိပါ။

သို့ရာတွင် တွေးနေဖို့အချိန်မပေးနိုင်။ ထိုင်နေရာမှ ကျွန်တော် ဖျတ်ကနဲခုန်ထပြီး မြန်နိုင်သမျှမြန်အောင် သုတ်ခြေတင်ပြေးလေတော့သည်။

သူတို့ ကျွန်တော့်နောက်မှလိုက်လာသေးလား. . .ဟု ပြေးရင်း ကျွန်တော် နောက်သို့သမင်လည်ပြန်လှည့်ကြည့်လိုက်၏။

"သူ့ကို တားထား!"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူတစ်ယောက်က အသံနက်ကြီးဖြင့်လှမ်းအော်လိုက်သည်။ ထိုစဉ် ပြသိဂီက ထိုလူနှစ်ယောက်၏ရှေ့မှခင်ရပ်ကာ သူတို့နှစ်ယောက် ပြေးမည့်လမ်းကို ပိတ်ထားလိုက်၏။

"ကျေးဇူးပဲ. . . ပြသိဂီ"

ကျွန်တော်ကပြေးရင်း တီးတိုးရွေရွတ်လိုက်၏။ ထို့နောက်က စားကွင်းထဲမှ ကသောကမျော ပြေးလွှားလာရသဖြင့် အိမ်သို့ပြန်ရောက်မည့်လမ်းကို မနည်းစဉ်းစားရွေးချယ်နေရသေးသည်။

ကျောင်းနှင့်အတော်ဝေးဝေးသို့ ရောက်သောအခါ ကျွန်တော် ခဏနားပြီး အသက်ဝအောင်ရှူနေမိသည်။

ထိုလူနက်ကြီးနှစ်ယောက်၏ အရိပ်အယောင်ကိုသာမက ပြသိဂီကိုပါ မတွေ့ရတော့ချေ။

ပြသိဂီ ဘာမှအေးမသိရန်မခဲ့ဘူးလို့ မျှော်လင့်ရတာပဲဟု ကျွန်တော် တွေးနေမိသည်။ ထိုလူနှစ်ယောက်ကလည်း သူမကိုရန်မူမည့်ပုံ မရှိပါ။

သူတို့နှစ်ယောက်၏ ပစ်မှတ်မှာကျွန်တော်သာဖြစ်သည်။

ဒါပေမဲ့ ဘာကြောင့်လဲ ကျွန်တော်စဉ်းစား၍မရ။

မနေ့ကလည်း ဖလကြီးတစ်ယောက်က ကျောင်းပြီးရင်တွေ့မယ် ဟု ကြိမ်းဝါးသွားပြီးပြီ။

သို့ရာတွင် ဒီနေ့ ကျွန်တော်၏ရှုးကြောင်ကြောင် ဘဝအသစ် တွင်တော့ ထိုဖလကြီးကိုမတွေ့ရတော့ပြန်ပါ။ ခုနကလိုက်လာသော အနက်ရောင်လူနှစ်ယောက်မှာလည်း ထိုဖလကြီးနှင့် ရုပ်ချင်းမဆင်။

ဒီနေ့တော့ အနိုင်ကျင့်မယ့်သူကနှစ်ယောက်ဖြစ်သွားပြီပေါ့ဟု ကျွန်တော် မချိတရိတွေးလိုက်မိ၏။

ငါ တစ်ယောက်ယောက်ကို အကူအညီတောင်းမှဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းတစ်ယောက်တည်း ဆက်သွားနေရင်သေလိမ့်မယ်ဟု စဉ်းစားမိသည်။

ဘာ့တွေဖြစ်နေမှန်း ကျွန်တော်နားမလည်နိုင်တော့ပါ။ သို့ရာတွင် အဖြစ်အပျက်တွေက သည်းခံနိုင်သည့်အတိုင်းအတာကို နည်းနည်းတော့လွန်နေလေပြီ။ ပြီးတော့ တုန်လှုပ်ချောက်ချားစရာလည်းကောင်းသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဘယ်ဘဝရောက်လို့ရောက်မှန်းမသိတော့။

ကျွန်တော်၏အိမ်ကိုပြန်ရှာမတွေ့ခင်အထိ လမ်းများပေါ်၌ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။ ဖေဖေနှင့်မေမေဆိုသည့် သူနှစ်ယောက်က အိမ်တွင်ရှိမနေကြပါ။ အလုပ်သွားကြသည်နှင့်တူသည်။ အိမ်ရှေ့တံခါးကိုတော့ သော့ခတ်ထား၏။ စေ့ထားသောမီးဖိုချောင်ပြတင်းပေါက်မှတဆင့် အိမ်အတွင်းသို့ ကျွန်တော်ကျော်ဝင်လာခဲ့သည်။

ကျွန်တော်၏မေမေ အစစ်လည်းဘယ်ရောက်နေမှန်းမသိ. . .။ ကျွန်တော့်အစ်ကို၊ အစ်မနှင့် ခွေးလည်းမရှိတော့။

သို့ရာတွင် တစ်နေရာရာ၌ ကျွန်တော်နှင့်သိသည့်လူတစ်ယောက်တော့ ရှိနိုင်သေးသည်ဟု စဉ်းစားနေမိသည်။ တစ်နေရာရာမှာ ရှိမယ့်တစ်စုံတစ်ယောက်ကတော့ ကျွန်တော့်ကို အကူအညီပေးနိုင်လိမ့်မည်။

ကျွန်တော်၏ တကယ့်မေမေအစစ်က တစ်နေရာရာသွားနေတာလည်း ဖြစ်နိုင်၏။ အမျိုးများထံသို့ အလည်အပတ် သွားနေတာလည်း ဖြစ်နိုင်သည်။

ကျွန်တော်က အန်တီနီလာကျော်နှင့် ဦးလေးကျော်သက်စိုးသို့ ဖုန်းဆက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ အန်တီ နီလာကျော်၏ ဖုန်းနံပါတ်ကို တစ်ခုချင်းနှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်သံနှင့်အတူ ယောက်ျားကြီးတစ်ယောက်က ဖုန်းလာကိုင်သည်။

"လေးကျော်. . . သားပါ. . . ဇော်ထက်"

တစ်ဖက်မှ ဖဝေဖဝါဖြင့်ပြန်မေးလိုက်၏။

"ဘာ. . . ဘယ်သူလဲ"

"ဇော်ထက်လေ. . .။ လေးကျော်ရဲ့တူလေ"

"ငါ့အသိထဲမှာ ဇော်ထက် ဆိုတဲ့ နာမည်နဲ့လူတစ်ယောက်မှ မရှိဘူး။ ငါ့နာမည်လည်း လေးကျော်မဟုတ်ဘူး။ မင်းဖုန်းနံပါတ် မှားနေပြီ ထင်တယ်"

"မဟုတ်ဘူး။ နေပါဦး လေးလေးကျော်သက်စိုး"

ကျွန်တော်က တုန်လှုပ်ချောက်ချားစွာအော်ရင်း တားလိုက်၏။

"ငါ့နာမည် ကျော်သက်စိုးမဟုတ်ဘူး. . . ဒီအိမ်မှာ လေးကျော်လဲမရှိဘူး ငါးကြော်လဲမရှိဘူး"

တစ်ဖက်မှလူကြီးက စိတ်မရှည်တော့ဟန်ဖြင့် ဒေါသတကြီးပြောပြီး ဖုန်းကိုဂွက်ကနဲချလိုက်သည်။

ကျွန်တော်သည် တယ်လီဖုန်းကို ကြက်သေသေပြီး စိုက်ကြည့်နေမိ၏။ ထိုလူကြီး၏အသံက ဦးလေးကျော်သက်စိုး၏အသံနှင့် မတူတာတော့အမှန်ပင်။

သူပြောသလို ဖုန်းနံပါတ်မှားနှိပ်တာဖြစ်မယ်ဟု တွေးရင်းအန်ကယ်နှိလာကျော်၏ ဖုန်းနံပါတ်ကိုပြန်နှိပ်လိုက်၏။

"ဟယ်လို"

ခုနကလူကြီး၏အသံပင်။

သည်တစ်ခါတွင်တော့ အလိမ္မာသုံးပြီးချဉ်းကပ်ရန် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိုက်သည်။

"ကျေးဇူးပြုပြီး. . . ဦးကျော်သက်စိုးကို ခေါ်ပေးလို့ရမလား ခင်ဗျာ"

"မင်း ဆက်ပြန်ပြီလား။ ဒီမှာ ကျော်သက်စိုးဆိုတဲ့လူ မရှိဘူးလို့ မင်းကိုဘယ်နှစ်ခါပြောရမလဲ။ ဖုန်းမှားနေတယ်"

ကျယ်လောင်စွာ ဂွက်ကနဲချလိုက်သောဖုန်းသံကြောင့် ကျွန်တော့်နားပင်အူသွားသည်။

ကျွန်တော် ကြက်သီးဖြန်းကနဲထသွား၏။ မကြောက်အောင် ကြိုးစားပြီး အားတင်းထားသော်လည်း ကျွန်တော့်၏လက်နှစ်ဖက်မှာ တုန်ယင်နေကြသည်။

**တယ်လီဖုန်းစုံစမ်းရေးသို့ ကျွန်တော်လှမ်းဆက်လိုက်၏။**

"ဟယ်လို. . . တယ်လီဖုန်းစုံစမ်းရေးကပါ"

"ဟုတ်ကဲ့. . . ဖုန်းနံပါတ်( )က ဦးကျော်သက်စိုးပိုင်ဆိုင်တဲ့ ဖုန်းလားလို့ကြည့်ပေးပါ ခင်ဗျာ"

"ခဏလေးစောင့်ပါ"

တစ်မိနစ်ခန့်ကြာသော် သူမက

"ဆောရီး. . . ဦးကျော်သက်စိုးဆိုတဲ့နာမည်နဲ့ ဖုန်းနံပါတ်တစ်ခုမှမရှိပါဘူးရှင်"

"ဗျာ မရှိဘူး. . . သေသေချာချာ ကြည့်ပါဦးခင်ဗျာ"

"သေသေချာချာ စစ်ဆေးပြီးပါပြီ။ ဖုန်းနံပါတ်စာရင်းထဲမှာ ဦးကျော်သက်စိုးဆိုတဲ့နာမည် တစ်ခုမှမရှိပါဘူး"

"ဒါဖြင့်. . . ဒေါ်နီလာကျော်ဆိုတဲ့ နာမည်နဲ့ရောခင်ဗျာ"

"ခဏလေးနော်"

ဟု အော်ကရေတာကပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်ခန့်ကြာသောအခါ သူမကထုံးစံအတိုင်းပင်

"စိတ်မကောင်းပါဘူး. . . ဒေါ်နီလာကျော်ဆိုတဲ့ နာမည်နဲ့ အဲဒီဖုန်းနံပါတ်မှာရော တခြားနံပါတ်တွေမှာရော မရှိပါဘူးရှင်"

"ဟုတ်ကဲ့. . . ကျေးဇူးပဲနော်"

ဖုန်းပြန်ချလိုက်စဉ် ကျွန်တော်၏နှလုံးသားမှာ လူရှိုင်းဗုံတစ်လုံး လိုခုန်နေသည်။ ဒါမဖြစ်နိုင်ဘူးဟု ကျွန်တော်တွေးလိုက်မိ၏။ တစ်နေရာ မှာတော့ ငါ့ကိုသိမယ့်လူတစ်ယောက်လောက်တော့ ရှိကိုရှိဦးမယ်။

ကျွန်တော်က လက်မလျှော့သေးဘဲ အစ်ကိုဝမ်းကွဲဖြစ်သူ လရိပ်ထံ ထပ်ဆက်ကြည့်လိုက်သည်။ ကိုလရိပ်၏ ဖုန်းမြည်သွားစဉ် ကျွန်တော်မသိသော တစ်စုံတစ်ယောက်က လာကိုင်ပြန်သည်။ ထို့ နောက် လရိပ်ဆိုတာ ဒီမှာမနေဘူးဟုပြောပြီး ဖုန်းချသွား၏။

ကိုလရိပ်လည်း ဒီလောကမှာရှိပုံမရတော့ချေ။ မေမေ. . . အန်တီနီလာကျော်. . . ဦးကျော်သက်စိုးနှင့် ကျွန်တော်သိသည့်လူအား လုံး မရှိကြတော့ပါ။

ဘယ်လိုလုပ်ပြီး ကျွန်တော့်ရဲ့မိသားစုတစ်ခုလုံး ပျောက်ကွယ် သွားရတာလဲ။

ယခုကျွန်တော်နှင့် သိကျွမ်းသည့်သူဆို၍ ပြည်ဂီတစ်ယောက် တည်းသာ ရှိတော့သည်။ သို့ရာတွင်သူမကို ကျွန်တော်ဘယ်လိုဆက် သွယ်ရမှန်းမသိချေ။

သူမဘယ်မှာနေမှန်းလည်း ကျွန်တော်မသိ။ ယုတ်စွအဆုံး သူမ၏ဖုန်းနံပါတ်ကလေးပင် ကျွန်တော်မသိချေ။

ထိုစဉ် အိမ်ရှေ့တံခါးက ဝုန်းကနဲပွင့်သွား၏။ ဘွားကိုယ်သူ မေမေဟုခေါ်သည့်မိန်းမကြီးက ဟင်းချက်စရာအထုပ်အပိုးများနှင့် အိမ် ထဲသို့ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖော်ထက်. . . သား. . . ဘာလို့ကျောင်းကနေ အိမ်ကို နေ့တစ်ဝက်နဲ့ပြန်လာတာလဲ"

"ခင်ဗျားအပူမပါပါဘူး"

ကျွန်တော်က စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောလိုက်၏။

"ဖော်ထက်. . . မိဘကို ဒီလိုပြန်မပြောရဘူးလေ"

ဟု မေမေဆိုသည့်မိန်းမကြီးက ဆူလိုက်၏။

ငါ ဒီမိန်းမကြီးကို ရိုင်းရိုင်းပျပျမဆက်ဆံသင့်ဘူးဟု စဉ်းစားလိုက်မိသည်။ သို့ရာတွင် ဘယ်လိုပြောပြော ဘာမှအကြောင်းမထူးပါ။ သူမက ကျွန်တော်၏အမေအစစ်မှ မဟုတ်ဘဲလေ။

ကျွန်တော်၏အမေအစစ်မှာ ဒီကမ္ဘာမြေပေါ်တွင် မရှိတော့ပြီ။

ထိုအတွေးနှင့်အတူ ကျွန်တော်ကြေကွဲဆို့နင့်စွာ ပုခုံးတွန့်လိုက်မိ၏။ ဒီလောကကြီးထဲတွင် ကျွန်တော်တစ်ယောက်တည်း အထီးကျန်တစ်ကောင်ကြွက်ဖြစ်နေလေပြီ။

ဘယ်သူ့ကိုမှလည်း ကျွန်တော်မသိ. . .။ ယခု လက်ရှိ မိဘများသည်ပင် ကျွန်တော့်အတွက် အရင်းနှီးဆုံးသူစိမ်းများ ဖြစ်နေကြလေသည်တကား။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သွားအိပ်တော့လေ. .. ကလေးလေး"

ကျွန်တော်၏ အမေဆိုသည့်မိန်းမကြီးက ချိုသာစွာပြော လိုက်၏။

တစ်ညနေခင်းလုံး ကျွန်တော်စိတ်ပျက်လက်ပျက်ဖြင့် တီဗွီရှေ့တွင် ထိုင်နေမိခဲ့သည်။ ဒသို့ရာတွင် တီဗွီအစီစဉ်များတွင်လည်း စိတ်မဝင်စားနိုင်ပဲ သည်အတိုင်းငူငူကြီး ထိုင်နေခြင်းသာဖြစ်သည်။

ထိုယောကျ်ားနှင့် မိန်းမကြီးအား ကျွန်တော်၏သွေးမတော်သားမစပ် မိဘနှစ်ပါးအဖြစ် တွေးမနေသင့်ကြောင်း နားလည်လိုက်သည်။ သူတို့၏အခန်းကဏ္ဍမှာ သည်ညတစ်ညကုန်လွန်လျှင် ပြီးဆုံးသွားမည်သာဖြစ်သည်။ နောက်တစ်နေ့တွင် သူတို့နှစ်ယောက်အား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထာဝရတွေမြင်ရတော့မည်မဟုတ်ပါ။

မနက်ဖြန်ရောက်လျှင် အဖြေတစ်ခုတော့ ရှာတွေ့လိမ့်မည်ဟု တွေးရင်း ကျွန်တော်အပေါ်ထပ်သို့ တက်လာခဲ့မိသည်။ ကျွန်တော်၏ ယခင် အိပ်ခန်းလေးမှာ စက်ချုပ်သည့်အခန်း ဖြစ်နေလေပြီ။ ဒီညလည်း ဧည့်သည်များအိပ်သည့်အခန်း၌သာ ကျွန်တော်ထပ်အိပ်ရဦးမည်။

"ဂွတ်နိုက် . . . သားသားလေး"

ကျွန်တော်၏မေမေဆိုသူက ညအိပ်ရာဝင်ချိန် နှုတ်ဆက်အနမ်း ပေးလိုက်၏။ သူမဘာကြောင့် ကျွန်တော့်ကို တစ်ချိန်လုံးနမ်းနေရသလဲဆိုတာ မတွေးတတ်တော့ပါ။

မေမေဆိုသူက ကျွန်တော့်အိပ်ခန်းမီးကို မှိတ်ပေးရင်းပြောသွားသေး၏။

"မနက်ကျမှ မေမေသားကိုလာနှိုးမယ်"

မနက်ခင်း . . .။ မနက်ခင်းရောက်လာမည်ကို ကျွန်တော်တွေးကြောက်နေမိသည်။

ယခုရက်ပိုင်းအတွင်း ကျွန်တော်၏နံနက်ခင်းများသည် ပို၍ထူးဆန်းရှုပ်ထွေးလာကြသည်။ ကျွန်တော့်မှာအိပ်ပျော်သွားမည့်အရေးကိုပင် တွေးကြောက်နေမိသည်။

မနက်လင်းလာလျှင် ကျွန်တော်ဘယ်လိုဖြစ်ဦးမှာလဲ၊ နံနက်ခင်းက ကျွန်တော့်အတွက်ဘာတွေယူဆောင်လာဦးမှာလဲ . . .။

ယခုလက်ရှိ သွေးမတော်သားမစပ် မိဘနှစ်ပါးလုံးကွယ်ပျောက်သွားလျှင်တော့ မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ယောက် နေရာတွင် မည်သူတွေက အစားထိုးဝင်ရောက်လာဦးမည်နည်း။

ကျွန်တော်အိပ်ရာနိုးလာချိန်တွင် ကမ္ဘာကြီးတစ်ခုလုံး ပျောက်ကွယ်သွားလျှင်လည်း သွားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိပ်ချင်စိတ်ကိုချိုးနှိမ်၍ မျက်လုံးကိုအတင်းဖွင့်ထားမိသည်။ ဘုရားသိကြားမလို့ အရာရာဟာ ပုံမှန်အတိုင်းပြန်ဖြစ်သွားပါစေဟု အခါခါဆုတောင်းနေမိသည်။

အကယ်၍သာ အရာရာသည် ပုံမှန်အတိုင်းပြန်ဖြစ်သွားမည်ဆိုလျှင် ကျော်မိုးဟန်နှင့်သက်နှင်းစံတို့ အနိုင်ကျင့်သည်ကိုပင် ကျွန်တော်ပြုံးပြုံးကြီး ခံလိုက်ချင်သေးသည်. . . . . .။

●

နောက်ဆုံးတော့ ကျွန်တော်အိပ်ပျော်သွားခဲ့သည်။ ကျွန်တော်မျက်စိနှစ်လုံးဖွင့်လိုက်ချိန်တွင် မိုးစင်စင်လင်းနေပြီဖြစ်သည်။

အိပ်ရာထဲတွင် ကျွန်တော် ခေတ္တမျှလဲလျောင်းနေမိသည်။ ဘာတွေပြောင်းလဲသွားပြီလဲ. . .။

အောက်ထပ်မှ ဆူဆူညံညံအသံများကို ကျွန်တော်ကြားနေရသည်။ သည်အိမ်ထဲတွင် အခြားလူများလည်းရှိနေသည်မှာ အသေအချာပင်။

လူတော်တော်များများ၏ ဆူညံသံများကို ကျွန်တော်ကြားနေရသည်။

ကျွန်တော်၏ရင်ဘတ်ထဲမှ နှလုံးသားသည် တဒိတ်ဒိတ်နှင့်ခုန်စပြုလာသည်။ သည်တစ်ခါ ငါ ဘယ်ဘဝရောက်နေပြန်ပြီလဲ. . .

တစ်စုံတစ်ယောက်က စန္ဒရားတီးနေသံကိုလည်း ကျွန်တော်ကြားနေရ၏။ သေချာတာတစ်ခုက ဟိုးကနဦးအစက မိသားစုဘဝလေးကို ပြန်မရသေးတာအမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပထမဆုံးလုပ်စရာရှိတာ စလုပ်ရမည်။ ဒီနေ့ ကျွန်တော်အသက် ဘယ်လောက်ဖြစ်နေပြန်ပြီလဲ။

လက်ဖဝါးနှစ်ဖက်ကို မျက်နှာရှေ့တွင် ဖြန့်ကြည့်လိုက်မိ၏။ ကျွန်တော့်လက်ဖဝါးများက နဂိုထက် သေးငယ်သွားကြပြန်သည်။

ကျွန်တော်က အိပ်ရာမှထပြီး ကြောက်ရွံ့တုန်လှုပ်နေသည့် စိတ်ကို ချုပ်ထိန်းရင်း ရေချိုးခန်းထဲသို့ဝင်လာခဲ့၏။ မနက်တိုင်း ကိုယ့်ကိုယ်ကိုတာဝန်တစ်ရပ်လို စစ်ဆေးကြည့်ရှုနေရသောဘာဝကို ကျွန်တော် စက်ဆုပ်ငြီးငွေ့စပြုလာသည်။

ရေချိုးခန်းထဲမှကြည့်မှန်က ကျွန်တော့်အရပ်ထက် အနည်းငယ် မြင့်လာသယောင်ခံစားမိသည်။

ကျွန်တော် ဆယ့်ခြောက်နှစ်သား မဟုတ်တော့ပြန်ပါ။ ကျွန်တော့်အသက်က ဆယ့်လေးနှစ်သားတစ်ယောက်ပုံစံ ပေါက်နေသည်။

တစ်ဆယ့်လေးနှစ် . . . ကျွန်တော်တွေးရင်း သက်ပြင်းချလိုက်မိ၏။

ဒါဆို ရှစ်တန်းကိုးတန်းအရွယ်ပေါ့။ မဆိုးပါဘူးလေ။ အနည်းဆုံး ကျောင်းစာတွေကိုတော့ လွယ်လွယ်ကူကူ လုပ်နိုင်မှာပါဟု တွေးရင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်မိသည်။

ရုတ်တရက် ကျွန်တော့်ကျောပြင်မှ စူးကနဲနာကျင်သွား၏။

အား . . . လက်သည်းချွန်ချွန်တွေ . . . တစ္ဆေတစ်ကောင်၏ လက်ချောင်းများကဲ့သို့ ချွန်ထက်စူးမြနေသော လက်သည်းများက ကျွန်တော့်ကျောပြင်တွင် စိုက်ဝင်နေလေပြီ။

ထိုလက်သည်းများက ကျောပြင်ကို ပိုမိုမြဲမြံစွာ [illegible] လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လည်း တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်မိသည်။

"အား"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အမှန်တွင် တစ်စုံတစ်ရာက ကျွန်တော့်ကုပ်ပိုးကို ခွစီးထားခြင်းဖြစ်သည်။

သေးငယ်၍ အမွေးအမျှင်ထူထပ်သော မျက်နှာတစ်ခုကို မှန်ထဲမှ လှမ်းမြင်လိုက်ရသည်။ ကျွန်တော့်ကျောကုန်းပေါ်သို့ သတ္တဝါတစ်ကောင် တက်ထိုင်နေခြင်းပါလား။

"လွှတ်. . . ငါ့ကိုလွှတ်"

ကျွန်တော် တုန်တုန်ယင်ယင်ဖြင့် အော်လိုက်၏။

"ခွီး. . . ခွီး"

ထိုသတ္တဝါကလည်း ပြန်အော်သည်။

ကျွန်တော်လည်း ကြောက်လန့်တကြားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်လာမိစဉ် လူထွားကြီးတစ်ယောက်၏ရင်ဘတ်ကို ဝင်တိုက်လိုက်မိ၏။

"ကျွန်တော့်ကျောပြင်ကအကောင်ကြီး ဖယ်ပေးပါ"

ထိုလူကြီးက ကျွန်တော့်ကျောပေါ်မှအကောင်ကို ဆွဲယူပြီး ဖယ်ပေးလိုက်၏။ ထို့နောက် သူက မကောင်းဆိုးဝါးတစ်ကောင်လို အသံနက်ကြီးဖြင့် အော်ရယ်နေလေသည်။

"ဘယ်လိုဖြစ်တာလဲ ဖော်ထက်၊ အခုမှ ကျောက်ခါင်ခါနဲ့ ညိုကြီးကို ကြောက်နေပါလား၊ အရင်က ဒီလိုမဟုတ်ပါဘူး"

ညိုကြီး. . . လူထွားကြီးက ထိုသတ္တဝါကို ထွေးပိုက်ကာ ချော့မြူနေ၏။ ထိုသတ္တဝါကား မျောက်အညိုတစ်ကောင်ဖြစ်လေသည်။

ထိုလူကြီးက ကျွန်တော့်ဆံပင်များကို လက်ဖြင့်သပ်ပေးရင်း. . .

"အဝတ်အစားလဲတော့ ကောင်လေး၊ ငါတို့ ဒီနေ့မနက် အစမ်းလေ့ကျင့်စရာရှိသေးတယ်လေ"

အစမ်းလေ့ကျင့်စရာ. . .။ သူ ဘာကို ဆိုလိုလိုက်တာလဲ။

ထိုလူထွားကြီးကို ကျွန်တော် နဝေတိမ်တောင်ဖြင့် ငေးကြည့်နေမိသည်။ ထိုလူကြီးမှာ ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ရှိသည်။ ရင်အုပ်များကပြန့်ကားပြီး ဆီလိမ်းထားသော အနက်ရောင်ဆံပင်များနှင့် ရှည်လျားသော နှုတ်ခမ်းမွေးများကို ပိုင်ဆိုင်သည်။ အထူးခြားဆုံးမှာ ဝတ်ဆင်ထားသည့် ဝတ်စုံဖြစ်သည်။ အနီရဲရဲတောက်တောက်ဝတ်စုံပေါ်တွင် ရွှေရောင်အစင်းများပါသော ဝတ်စုံကို ဝတ်ဆင်ကာ ရွှေခါ ပတ်ကြီးတစ်ခုကို ပြူးတူးပြဲတဲ ပတ်ထားသေးသည်။

ဟိုက်. . .သွားပါပြီ။ ကျွန်တော် စိတ်ဓာတ်ကျသွား၏။ ဒါ ကျွန်တော့်အဖေ. . . မဖြစ်နိုင်ဘူး ဟု စိတ်ထဲမှ ငြင်းဆန်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အောက်ထပ်မှ မိန်းမတစ်ယောက်၏အော်သံကို ကြားလိုက်ရ၏။

"ကိုသာဒင်"

ထိုလူကြီးက ကျွန်တော့်အား အဝတ်အစားတစ်စုံကို လက်ထဲသို့ ထည့်ပေးလိုက်ရင်း . . .

"အဝတ်အစားမြန်မြန်လဲ၊ ပြီးရင် မနက်စာစားဖို့ အောက်ထပ်ကိုဆင်းခဲ့. . . သား"

ကျွန်တော်သိလိုက်သည်။ ထိုလူကြီးမှာ ကျွန်တော့်အဖေပင်။ အနည်းဆုံး ဒီနေ့တစ်နေ့တာအတွက်တော့ သူသည် ကျွန်တော့်အဖေဖြစ်၏။ ကျွန်တော် ပိုင်ဆိုင်ခွင့်ရသော မိသားစုဘဝများသည် တစ်နေ့တစ်ခြား ပိုမိုဆိုးလာကြသလို စိတ်တွင် ခံစားရသည်။

"ကိုသာဒင်"

အောက်ထပ်မှမိန်းမကြီးက ကျယ်လောင်စွာ အော်ခေါ်လိုက်ပြန်သည်။

**ဒါ မေမေရဲ့အသံဖြစ်မယ်ဟု ကျွန်တော်တွက်ဆလိုက်သည်။** သူမ၏အသံက မသိသာဆိုးရွားလှသည်ဟု စိတ်မသက်မသာဖြင့် တွေးနေမိသည်။

အခြားအိပ်ခန်းများမှ ကလေးတစ်အုပ်တစ်မကြီး စုပြုံထွက်လာကြ၏။ ကလေးပေါင်းတစ်ဒါဇင်ခန့် ရှိမည်ထင်သည်။ အားလုံးတစ်နှစ်ကြီးတစ်နှစ်ငယ်တွေပင် ဖြစ်သည်။ သို့ရာတွင် ကျွန်တော် သေသေချာချာ ရေတွက်ကြည့်သောအခါ ကလေးခြောက်ယောက်သာ ရှိသည်ကိုတွေ့ရ၏။

ကျွန်တော် လတ်တလောသိလိုက်ရသော အချက်အလက်အားလုံးကို စုစည်းကာ ဆက်စပ်တွေးတောလိုက်သည်။ ယနေ့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်၏အသက်မှာ တစ်ဆယ့်လေးနှစ်ဖြစ်သည်။ ကျွန်တော့်တွင် တစ်နှစ်ကြီးတစ်နှစ်ငယ် ညီအစ်ကိုမောင်နှမ ခြောက်ယောက်ခန့်ရှိသည်။ ညိုကြီးဆိုသည့် အချစ်တော်မျောက်တစ်ကောင်လည်း ရှိသည်။ ကျွန်တော်၏အမေဖြစ်လာမည့်သူကို မမြင်ရသေးချေ။ ကျွန်တော်၏ တစ်ရက်တာအဖေလုပ်မည့်သူ၏ ပုံစံကတော့ တော်တော် စိတ်ပိန်စရာကောင်းလေသည်။

ငါလည်း သူ့လိုပဲ ပေါကြောင်ကြောင် အဝတ်အစားတွေ ဝတ်ရဦးမှာပါလားဟု အဝတ်အစားများကိုကိုင်ရင်း တွေးနေမိသည်။ ကျွန်တော်၏ဝတ်စုံမှာ အပြာရောင်ကိုယ်ကြပ်အင်္ကျီဖြစ်ပြီး အောက်ခြေတွင် အပြာခံပေါ်၌ အဖြူရောင်အစင်းကျားလေးများ ပါရှိသည်။ အင်္ကျီအပေါ်ဖက်တွင် ငွေရောင်ကြယ်ပွင့်လေးများက တလက်လက်တောက်ပနေကြသည်။

ဒီဝတ်စုံက ဘာအတွက် ဝတ်ဆင်ရမှာလဲဟု ကျွန်တော်စဉ်းစားနေမိသည်။ ပြီးတော့ ကျွန်တော့်ရဲ့ အစမ်းလေ့ကျင့်ခန်းကရော ဘာလဲ။

ပြဇာတ် (ဒါမှမဟုတ်) အငြိမ့်တို့လိုဟာမျိုးကြီးလား. . .။

ကျွန်တော်စဉ်းစားရင်း ဝတ်စုံကို ဝတ်ဆင်လိုက်၏။ ဝတ်စုံက ကိုယ်ခန္ဓာပေါ်တွင် အရေပြားကဲ့သို့ သေသပ်ကျနစွာ ကပ်လျက်ရှိသည်။ ကျွန်တော့်ပုံစံက အူကြောင်ကျားတစ်ယောက်နှင့် တူနေသလိုပင်။

ထို့နောက် ကျွန်တော်လည်း မနက်စာစားရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

မီးဖိုချောင်တစ်ခုလုံးမှာ သပွတ်အူနှင့် စာကလေးသိုက်လိုရှုပ်ပွနေ၏။ အခြားကလေးများက ရယ်မောရင်း တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မုန့်များဖြင့် ပစ်ပေါက်နေကြသည်။ ညီကြီးကတော့ ထမင်းစားစားပွဲနားတွင် မယောင်မလည်လုပ်ပြီး မုန့်များကို ခပ်တည်တည်ဖြင့် ခိုးစားနေ၏။

ထိုစဉ် ပိန်ပိန်ရှည်ရှည် မိန်းမကြီးတစ်ယောက်က ကျွန်တော့်အား နံပြားနှင့်ပဲပြုတ်ထည့်ထားသော ပန်းကန်ကို လှမ်းပေးလိုက်သည်။ သူမက ရှည်လျားသော ခရမ်းရောင်ဝတ်စုံကြီးကို ဝတ်ဆင်ထား၏။ သူမ၏ခေါင်းတွင် ငွေရောင်သရဖူငယ်ကလေးပင် တင်ထားသေးသည်။

သူမသည် ယနေ့အတွက် ကျွန်တော်၏အမေဖြစ်မည်။ ငါ့ရဲ့အမေကလည်း ရှင်စောပုဘုရင်မကျနေတာပဲဟု စိတ်အချဉ်ပေါက်စွာ တွေးလိုက်မိသည်။

သူမက ပန်းကန်ကိုလှမ်းပေးရင်း. ..

"မုန့်ကုန်မသွားခင် မြန်မြန်စားထား-ဖော်ထက်"

ဟု အော်လိုက်၏။

ကျွန်တော်က ပန်းကန်ကိုလှမ်းယူကာ မနက်စာကို စတင်စားလေသည်။ ကျွန်တော်၏ဘေးတွင် အစာလာတောင်းနေသော ညီကြီးကိုလည်း စားနေရင်း မောင်းမောင်းထုတ်နေရသေးသည်။

"ဒီသူ့ရဲကောင်းဝတ်စုံလေးနဲ့ဆိုတော့ ဖော်ထက်က ပိုချောလာတယ်နော်"

ကျွန်တော့်ထက် တစ်နှစ်ကြီးသည့် အစ်မဖြစ်ဟန်တူသည့် ကောင်မလေးတစ်ယောက်က စနောက်လိုက်၏။

"ချောလာတာမှ ငါးရှဥ့်တောင် လက်မြှောက်အရှုံးပေးရတယ်"

ကောင်လေးတစ်ယောက်က ပြန်ပြီး ငေါ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုကောင်လေးမှာ အသက်ဆယ့်ခြောက်နှစ်ခန့်ရှိပြီး ကျွန်တော့်ထက် နှစ်နှစ်ခန့်ကြီးသော အစ်ကိုဖြစ်နိုင်သည်။ သူက ညာဖက်လက်ဖြင့် ကျောပြင်ကိုပုတ်လိုက်ရာ အရှိန်ပြင်းလွန်းသဖြင့် ကျွန်တော့်ကိုယ်က ရှေ့သို့ ညွတ်ကိုင်းသွားပြီး စားပွဲခုံနှင့် နဖူးဆောင့်မိတော့မလိုဖြစ်သွားသည်။ သူက ကျွန်တော့်ကျောကို နောက်ထပ် နှစ်ချက်သုံးချက်ခန့် ပုတ်ရင်းပြောလိုက်ရာ အဆုတ်ပင် ကွာသွားမလားဟု ထင်မှတ်ရပြီး ကျောလည်းအောင့်သွား၏။

"လူချောလေး ဇော်ထက်လူ၊ ဆပ်ကပ်အဖွဲ့ကြီးရဲ့ ငွေကြယ်ပွင့်ကလေးပေါ့ကွာ"

ဆပ်ကပ်အဖွဲ့. . . ကျွန်တော် လန့်ဖျတ်ပြီး လက်ထဲမှဇွန်းကို လွှတ်ချလိုက်မိသည်။ ကြောက်ရွံ့တုန်လှုပ်မှုက ကျွန်တော်၏ကျောပြင်တစ်လျှောက် စိမ့်တက်လာ၏။ ငါက ဆပ်ကပ်အဖွဲ့သားတစ်ယောက်ဖြစ်နေပါလား. . .။

သည် ပေါကြောင်ကြောင် ပြောင်လက်လက်အဝတ်အစားများနှင့် မျောက်တစ်ကောင်။ ကျွန်တော်စဉ်းစား၍မရသော အရာအားလုံး ယခုတော့ ရှင်းလင်းသွားလေပြီ။

ကျွန်တော် ခေါင်းငိုက်စိုက်ချပြီး မျက်နှာကို လက်ဖြင့်အုပ်ထားမိသည်။ မောင်ဇော်ထက်လူဆိုတာ ဆက်ကပ်ထဲက ကောင်လေးဖြစ်နေပါရောလား။ ထိုအတွေးနှင့်အတူ ကျွန်တော် အော်ဟစ်ပြီး ငိုယိုပစ်ချင်စိတ်ပေါက်လာသည်။

ကျွန်တော်၏အစ်ကိုမှာ ကျွန်တော့်အား မနာလိုစိတ်ဝင်ကြောင်း စိတ်ထဲမှ ရိပ်စားမိလိုက်၏။ သူကလည်း ကျွန်တော့်လိုပင် ဆက်ကပ်ထဲ၌ အရေးပေးခံရသော ငွေကြယ်ပွင့်ကလေး ဖြစ်ချင်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသူ ဖြစ်ချင်ရင် ဖြစ်လို့ရပါသည်။ ကျွန်တော် ဂရု မစိုက်ပါ။ ကျွန်တော့်မှာလည်း ဆပ်ကပ်ထဲတွင် ငွေကြယ်ပွင့်ဖြစ်သည် မဆိုထားနှင့်။ ဖြစ်နိုင်လျှင် ဆပ်ကပ်ထဲမှာပင် နေချင်သူမဟုတ်ပါ။

"ဖော်ထက်ကို သွားစ,မနေကြနဲ့၊ တော်ကြာ စင်မြင့်ပေါ် ရောက်ရင် သူ အယောင်ယောင်အမှားမှားတွေ ဖြစ်နေဦးမယ်"

အမေလုပ်သူက ထိုအစ်ကိုနှင့်အစ်မအား ဆူပူကြိမ်းမောင်း လိုက်၏။

ကျန်မိသားစုဝင်များကို ကျွန်တော် လေ့လာအကဲခတ်လိုက် သည်။ လူတိုင်းလိုလိုပင် ပြောင်ပြောင်လက်လက် အဝတ်အစားများ ကို ဝတ်ဆင်ထားကြ၏။ ကျွန်တော်လည်း သူတို့လိုပင် ဆပ်ကပ် မိသားစုကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေလေသည်။

ကျွန်တော် စားလက်စပဲပြုတ်နှင့် နံပြားကိုပင် ဗိုက်ထဲ ရောက်အောင် ဘယ်လိုမျိုချလိုက်မိမှန်း မသိတော့ပါ။ ဆပ်ကပ်ပွဲကို ကျွန်တော် ဘယ်တုန်းကမှ သဘောကျနှစ်ခြိုက်ခဲ့ခြင်း မရှိဖူးချေ။ ယုတ်စွအဆုံး ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ဆပ်ကပ်ဆို လျှင် ခါးခါးသီးသီးမုန်းသည်။

သို့ရာတွင် ယခုအခါ ဆပ်ကပ်အဖွဲ့သည် ကျွန်တော် ရှင် သန်ရာဘဝ ဖြစ်နေလေပြီ။ ကျွန်တော်က ဆပ်ကပ်အဖွဲ့ထဲတွင် မျက် နှာသာပေးခံရသော လူတစ်ယောက်ပင်ဖြစ်နေသေးသည်။ ကံကြမ္မာ၏ နောက်ပြောင်လှည့်စားမှုများသည် ရယ်စရာကောင်းသော်လည်း ကိုယ်တိုင်ခံစားရသော ကျွန်တော့်မှာတော့ မရယ်နိုင်ပါ။

"ကဲ. . . အစမ်းလေ့ကျင့်ချိန်ရောက်ပြီဟေ့"

ကျွန်တော့်အဖေက အော်လိုက်ခြင်းပင်။ သူက ငွေမှုန်များ ထဲကဖောက်ကောင်လို အနက်ရောင်ဦးထုပ်ချွန်တစ်လုံးဆောင်းထားပြီး

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကားထစ်များပေါ်တွင်ရပ်ကာ ကျောပွတ်ကို လေထဲသို့ ရွှမ်းကန် ‌ထွေးယမ်းလိုက်သည်။

"သွားကြစို့"

ကျွန်တော်တို့အားလုံး ပန်းကန်များကို ထမင်းစားစားပွဲပေါ်တွင် တင်ထားရစ်ခဲ့ပြီး အိမ်ရှေ့တွင်ရပ်ထားသော ဒေါ့ဂျ်စ် (Dodge) ကားကြီးပေါ်သို့ စုပြုံတိုးတက်ကြလေသည်။ လူအားလုံးစုံသည်နှင့် အဖေဦးသာဒင်က ကားအိုကြီးကို လေယာဉ်ပျံလို တရကြမ်း မောင်းထွက်လာခဲ့၏။ ခနော်နီခနော်နဲ့နှင့် ဒေါ့ဂျ်စ်ကားအိုကြီးမှာ ခပ်ကြမ်းကြမ်းမောင်းသည့်အရှိန်ကြောင့် သံစုံတီးဝိုင်းတစ်ခုလို အသံမျိုးစုံ ထွက်နေလေသည်။

ကျွန်တော်၏ ညီအစ်ကိုမောင်နှမများမှာလည်း ကားပေါ်၌ တွန်းထိုးစ,နောက်ရင်း လိုက်ပါလာကြ၏။ ညီမအငယ်လေးတစ်ယောက်က ကျွန်တော့်အား သူ့လက်ကလေးများဖြင့် သိုင်းချုပ်ထားစဉ် နောက်တစ်ယောက်က ကျွန်တော့်ကို လက်သီးဖြင့် တစ်ချိန်လုံးထုနေ၏။

"တော်ကြစမ်း"

ကျွန်တော်က ဒေါသတကြီး အော်ငေါက်လိုက်သည်။ ဘာကြောင့်များ ဘဝတွေ ဘယ်လောက်ပြောင်းပြောင်း ကျွန်တော့်အပေါ် ကောင်းမွန်ကြင်နာတဲ့ ညီအစ်ကိုမောင်နှမတွေကို ပိုင်ဆိုင်ခွင့်မရ တာလဲ။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ဒေါ့ဂျ်စ်ကားကြီးသည် ကစားကွင်းတစ်ခုထဲသို့ မောင်းဝင်လာပြီး ကြီးမားသော အပ်ကပ်ရုံ တဲကြီးတစ်ခုရှေ့တွင် ထိုးရပ်လိုက်၏။

"ကိုင်း. . . အားလုံးဆင်းကြဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အဖေက အမိန့်ပေးလိုက်သည်။

ကျွန်တော်လည်း ကျွန်မောင်နှမများနှင့်အတူ ကားပေါ်မှ တိုးတိုးဖွေ့ဖွေ့ ဆင်းလိုက်သည်။ ထို့နောက် ဆပ်ကပ်ရုံအတွင်းသို့ သူတို့၏နောက်မှ မယောင်မလည်နှင့် လိုက်ဝင်သွားလိုက်သည်။

ဆပ်ကပ်ရုံထဲတွင်တော့ ရင်သပ်ရှုမောဖွယ်မခန်းပင်။ အခြား ဖျော်ဖြေတင်ဆက်စရာများအား လေ့ကျင့်နေကြလေပြီ။ ဝါယာကြိုး တန်းပေါ် လမ်းလျှောက်နေသောလူတစ်ယောက်ကို တွေ့ရ၏။ ဆင် တစ်ကောင်က နောက်ခြေနှစ်ချောင်းပေါ်ရပ်ပြီး 'က'နေလေသည်။ နှာခေါင်းနီနီနှင့် လူရွှင်တော်များက ရယ်စရာကားသေးသေးများကို မောင်းကာ ဟွန်းတပွမ်ပွမ် တီးနေကြလေ၏။

ကျွန်တော်ကရော ဘာလေ့ကျင့်ရမှာလဲ။ ကျွန်တော်၏ညီ လေးနှစ်ယောက်ကတော့ ထောင်ထားသော လှေကားရှည်ကြီး အတိုင်း ရှဉ့်ကလေးများလို သွက်သွက်လက်လက် တက်သွားကြ သည်။ ထို့နောက် ကောင်းကင်ဘား လေ့ကျင့်ရန် ပြင်ဆင်နေကြသည်။

သူတို့ကို ကျွန်တော်ငေးကြည့်ရင်း တုန်လှုပ်ချောက်ချားမှုဖြင့် ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးရပ်နေမိသည်။ သူတို့က ငါ့ကို ကောင်းကင်ဘားလွှဲခိုင်းလို့တော့ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ပါ။

ကောင်းကင်ဘားလွှဲနေသည်ကို ကြည့်ရင်း ကျွန်တော့်မျက် သုံးများပင် ပြာဝေလာသည်။

ကျေးဇူးပြုပြီး ကျွန်တော့်ကို ကောင်းကင်ဘား လေ့ကျင့် ခိုင်းပါစေနဲ့ဟု စိတ်ထဲမှ အထပ်ထပ်အခါခါ ဆုတောင်းနေမိသည်။

"လာ. . . ဖော်ထက်၊ အလုပ်စကြရအောင်"

ကောင်းကင်ဘားမလွှဲချင်ဘူး. . . ကောင်းကင်ဘား မလွှဲချင် ဘူး ကျွန်တော်က ဆီမန်းမန်းသလို စိတ်ထဲမှ တတွတ်တွတ်ရွတ်နေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ဖေဖေက ကျွန်တော့်ကို ကောင်းကင်ဘားလေ့ကျင့်နေရာမှ ဝေးရာသို့ခေါ်သွား၏။ ကျွန်တော့်ရင်ထဲတွင် အလုံးကြီးကျသွားပြီး သက်ပြင်းကို ဟူးကနဲ မှုတ်ထုတ်လိုက်မိသည်။ တခြား ဘာပဲလုပ်ရ လုပ်ရ ကောင်းကင်ဘားလွှဲရတဲ့ အလုပ်လောက်တော့ ဆိုးရွားမှာ မဟုတ်ဘူး။ တော်သေးတာပေါ့ဟု တွေးလိုက်မိသည်။

တကယ်ပော့ ကောင်းကင်ဘားလွှဲရသည့်အလုပ်ကမှ အများကြီး သက်သာနိုင်ကြောင်း အဲသည်တုန်းက ကျွန်တော် မတွေးခဲ့မိပါ။

အဖေဦးသာဒင်က ကျွန်တော့်အား ဆပ်ကပ်ရုံအနောက်ဘက်သို့ ခေါ်သွား၏။ တိရစ္ဆာန်များ စားသောက်ထားကြသည့် စားကြွင်းစားကျန်များရနံ့က လေထဲတွင် ထောင်းကနဲပျံ့လွင့်လာသည်။တိရစ္ဆာန် လှောင်အိမ်များအကြားတွင် ဖြတ်လျှောက်သွားသော အဖေ၏နောက်မှ ကျွန်တော် ကုပ်ကုပ်ကလေး လိုက်လာမိသည်။

ဦးသာဒင်က လှောင်အိမ်တစ်ခု၏ရှေ့တွင် မတ်တတ်ရပ်လိုက်ပြီး လှောင်အိမ်တံခါးကို ဖွင့်လိုက်၏။

"ကဲ. . . ရောက်ပြီ သား၊ လှောင်အိမ်ထဲဝင်တော့"

သူက ဝမ်းခေါင်းသံကြီးဖြင့် ပြောလိုက်၏။

ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကိုယ့်မျက်လုံးများပင် ကိုယ်မယုံနိုင်။

"အ. . . အထဲ. . . ဝင်ရမယ်. . . ဒါ. . . ဒါပေမဲ့. . . အထဲမှာ ခြင်္သေ့တစ်ကောင်ရှိတယ်လေ"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ငြင်းဆန်လိုက်၏။

လှောင်အိမ်ထဲမှ ခြင်္သေ့ကြီးက ပါးစပ်ကြီးကို ဖြဲကြောက်မက်ဖွယ်ကောင်းစွာ ဟလိုက်၏။ ကျွန်တော့်ကျောထဲမှ စိမ့်ကနဲဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓနောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများပင် ထောင်ထလာ၏။

"လှောင်အိမ်ထဲကို ကိုယ့်အသိစိတ်နဲ့ကိုယ် ဝင်သွားမှာလား။ ဒါ မင်းကို လှောင်အိမ်ထဲ တွန်းပို့ပေးရမှာလား"

ကျွန်တော့်အဖေက စိတ်မရှည်သည့်ဟန်ဖြင့် ကျာပွတ်ကို လက်ထဲတွင် တဆဆလုပ်ရင်း မေးလိုက်၏။

ကျွန်တော့်ခြေထောက်အစုံက ကြောက်စိတ်ဖြင့် ထုံထိုင်းတောင့်တင်းနေကြသည်။ ကျွန်တော်မဝင်နိုင်ဘူးဟု စိတ်ထဲမှ ငြင်းဆန်နေမိသည်။ ကြောက်ရွံ့စိတ်က ဖိစီးထားသဖြင့် စကားလုံးများက လည်ချောင်းဝတွင် တစ်ဆို့နေကြ၏။

ထို့နောက် အဖေက ကျွန်တော့်ကို ခြသေ့်လှောင်အိမ်ထဲသို့ဆောင့်တွန်းပို့ပြီး လှောင်အိမ်တံခါးကို ပိတ်လိုက်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ကျွန်တော်က ကြောက်အားလန့်အားဖြင့် လှောင်အိမ်နံရံကို ကျောဖြင့် ဖိကပ်ထားမိသည်။ ဖိကပ်ထားလွန်းသဖြင့် အေးစက်သော သံမဏိချောင်းများပင် ကျွန်တော့်ကိုယ်ထဲသို့ ထွင်းဖောက်မြုပ်ဝင်လု မတတ်။ ကျွန်တော့်ဒူးနှစ်ဖက်က တဆတ်ဆတ်နှင့် တုန်ယင်နေကြ လေသည်။ နေရာ၌ပင် ညွတ်ခွေပြီး လဲကျတော့မလိုမျိုး တစ်ကိုယ်လုံး ပျော့ခွေနေသည်။

ခြင်္သေ့ကြီးက ကျွန်တော့်ကိုစိုက်ကြည့်ရင်း လေထဲတွင် ခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ အနံ့ခံနေ၏။

တိရစ္ဆာန်များသည် ကြောက်ရွံ့မှုကို အာရုံခံနိုင်သည်ဟု ကျွန် တော်ကြားဖူးသည်။ သည်ခြင်္သေ့ကြီး၏ အနံ့ခံကောင်းပုံများနှင့်ဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင်တော့. . . ဘုရား. . . ဘုရား. . . ကျွန်တော် ဆက်မတွေးရဲတော့။

ကျွန်တော်၏အဖေဖြစ်သည့် ခြသေ့ံထိန်းသူကတော့ လှောင်အိမ်ဘေးတွင် အေးအေးလူလူရပ်နေ၏။ သူက ကျွန်တော့်ကို အားတက်သရော လှမ်းပြောလိုက်သည်။

"ဒီနေ့ ဖေဖေတို့ပရိသတ်အကြိုက် ပြကွက်အသစ်တစ်ခု လေ့ကျင့်မယ် ဖော်ထက်၊ မင်းက ခြသေ့ံကြီးကို စီးပြရမယ်"

အဖေဦးသာဒင်၏စကားက ကျွန်တော့်အရိုက်တည့်တည့်ကို လက်သီးဖြင့် ခပ်ပြင်းပြင်း ထိုးလိုက်သလိုပင်။ မျက်လုံးများ ပြာဝေသွားပြီး အသက်ရှူပင်ကြပ်လာသည်။ ကျွန်တော်က ဒီခြသေ့ံကြီးကို စီးပြရမယ်တဲ့။

အောင်မလေးဗျာ. . .။

ဒီအဖေက တစ်မျိုးပဲဟု ကျွန်တော် တွေးလိုက်မိသည်။ ကိုယ့်သားသမီးကိုကိုယ် ခြသေ့ံစာကျွေးသော အဖေဆို၍ သူတစ်ယောက်တည်းရှိမည်ထင်သည်။ ကျွန်တော်ကလည်း ကံဆိုးစွာဖြင့် သည်ဘဝကျမှ သူ့ရဲ့သားဖြစ်ရတယ်လို့။

ထိုစဉ် ခြသေ့ံက မတ်တတ်ထရပ်လိုက်၏။ ကျွန်တော်က ခြသေ့ံကြီးကို မျက်စိဒေါက်ထောက်ပြီး သေချာကြည့်နေမိသည်။ ကျွန်တော်၏တစ်ကိုယ်လုံးကတော့ ကြောက်ရွံ့မှုဖြင့် နတ်ဝင်သည်လို တုန်ယင်နေကြသည်။

"ဝေါင်း"

ခြသေ့ံကြီးဟိန်းဟောက်လိုက်စဉ် သူ၏အာခံတွင်းမှ အာငွေ့က ကျွန်တော့်မျက်နှာကို လာဟပ်သည်။ ကြောက်လွန်း၍ ကျွန်တော့်ဆံပင်မွေးညှင်းများ ထောင်ထသွားကြ၏။

ခြသေ့ံက ကျွန်တော့်ဆီသို့ ခြေတစ်လှမ်းတိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေက ရွှမ်းကနဲ ကျာပွတ်သံတစ်ချက်ပေးရင်း အော်လိုက်၏။

"ဟိတ်"

ကျာပွတ်သံကြောင့် ခြသေ့ကေ နောက်သို့ပြန်ဆုတ်သွားပြီး နှုတ်ခမ်းများကို လျှာဖြင့်သပ်နေ၏။

"လုပ်လေကွာ၊ 'ကေသရာ' ကျောကုန်းပေါ်ကိုတက်၊ ပြီးရင် သူ့ပုခုံးသားတွေကို ခြေထောက်နဲ့ညှပ်ထား၊ ကေသရာက လှောင်အိမ်ထဲမှာ လှည့်ပတ်ပြီး လမ်းလျှောက်နေအောင် အဖေ အပြင်ဘက်က ကျာပွတ်သံပေးမယ်"

အဖေက ကျွန်တော့်ကို စိတ်မရှည်စွာ အော်ဟစ်ညွှန်ကြားလိုက်သည်။ ကျွန်တော်က သူ့ကို မယုံကြည်နိုင်သောမျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေမိသည်။

"ဘာလို့ မင်း ငါ့ကို ဒီလိုမျိုးစိုက်ကြည့်နေတာလဲ၊ အရင်က မင်း ကေသရာကို မကြောက်ပါဘူး. . . မဟုတ်ဘူးလား"

"ကြောက်တယ်. . . ဟုတ်လား"

ကျွန်တော်က ထစ်ငေါ့တုန်ယင်စွာ ရေရွတ်လိုက်၏။ ကြောက်ရွံ့သည်ဆိုသည့်စကားက ကျွန်တော့်အတွက် မပြည့်စုံပါ။ အမှန်တော့ ကြောက်ရွံ့မှုဖြင့် ကျောက်သားရုပ်လို အေးစက်တောင့်တင်းနေခြင်း ဖြစ်သည်။ ကြောက်ရွံ့မှု၊ သွေးပျက်မှု၊ တုန်လှုပ်ချောက်ချားမှုတို့ဖြင့် ကြက်သေသေနေခြင်းသာ ဖြစ်သည်။

အဖေဦးသာဒင်က ကျာပွတ်ကို ဒေါသတကြီး ဝှေ့ယမ်းရင်း. . .

"ငါ့သားသမီးထဲမှာ သွေးကြောင်တတ်တဲ့သူမရှိဘူးကွ၊ ခြသေ့ကျောပေါ်အခုတက်. . . ဒါပဲ"

ထို့နောက် အဖေက ကျွန်တော့်ဘေးနားလာရပ်ကာ တီးတိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။

"ခြသေ့်ကို သေသေချာချာစိုက်ကြည့်နေရင်တော့ မင်းကို ကိုက်မှာမဟုတ်ဘူး၊ မင်းအစ်ကိုဖာနည်ဆိုရင် ဘယ်လောက်သနားစရာကောင်းလဲ၊ သူ့ခမျာ ခုချိန်ထိ ဘယ်လက်တစ်ဖက်တည်းနဲ့ စာရေးဖို့ ကြိုးစားနေရတုန်းပဲ"

ထို့နောက် အဖေဦးသာဒင်က ကျွန်တော့်ခြေထောက်တည့်တည့်ကို ကျာပွတ်ဖြင့် ရွမ်းကနဲမြည်အောင် ရိုက်လိုက်သည်။

ကျွန်တော် ခြသေ့်ကျောပေါ်ခွစီးဖို့ လုံးဝမဖြစ်နိုင်ပါ။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။

ပြီးတော့ ခြသေ့်လှောင်အိမ်ထဲတွင်လည်း နောက်ထပ် တစ်စက္ကန့်လေးမှ ထပ်မနေနိုင်တော့ပါ။

အဖေက ကျွန်တော့်ခြေထောက်ကို ကျာပွတ်ဖြင့် ထပ်ရိုက်လိုက်ပြန်သည်။ ကျွန်တော်က ခုန်ရှောင်ရင်း အော်ဟစ်လိုက်၏။

"မလုပ်နဲ့"

လှောင်အိမ်တံခါးကို ကျွန်တော့်ကိုယ်လုံးဖြင့် ဆောင့်တွန်းပြီး ဖွင့်လိုက်၏။ ထို့နောက် ခြသေ့်လှောင်အိမ်မှ ဝေးရာသို့ လျင်မြန်စွာ ထွက်ပြေးလာခဲ့သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် အဖေဦးသာဒင်မှာ ဘာဖြစ်သွားမှန်းပင်မသိလိုက်ဘဲ နဝေတိမ်တောင်ဖြင့် ကျန်ခဲ့လေသည်။

ဆပ်ကပ်ရုံထဲမှ ကျွန်တော် သုတ်ခြေတင်ပြေးလာခဲ့မိတော့ ကျွန်တော့်ဦးနှောက်က တစ်နေရာရာတွင် ပုန်းအောင်းနေသင့်ကြောင်း သတိပေးနေသည်။

ယာဉ်ရပ်နားသည့်နေရာတွင် ကုန်တင်ကားကြီးနှစ်စီးကို ရွေးလိုက်ရ၏။ ကျွန်တော်က ကုန်တင်ကားကြီးတစ်စီးပေါ်သို့ တက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရန် ပြေးလာစဉ် ပြသိဂီနှင့် ဝင်တိုက်မိပြန်သည်။

"နင်နဲ့ဝင်တိုက်မိပြန်ပြီ"

ကျွန်တော် ဒုက္ခရောက်သည့်အချိန်တိုင်း သူမနှင့် တွေ့ရသည်မှာ ထူးဆန်းသလိုပင် စိတ်တွင် အောက်မေ့မိသည်။

"ပြသိဂီ. . . ငါ တစ်နေရာရာမှာ ပုန်းနေမှဖြစ်မယ်၊ ငါ ဒုက္ခရောက်နေတယ်၊ ဟဲ့. . . ငါ ဇော်ထက်လူပါ"

"ဘာတွေပြဿနာတက်လာတာလဲ ဇော်ထက်"

"ငါ ခြသေ့်စာဖြစ်တော့မယ်ဟ၊ ငါ့ကိုကယ်ပါဦး"

ပြသိဂီက ကုန်တင်ကားနောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။ သို့ရာတွင် ကုန်တင်ကား၏နောက်ခန်းတံခါးတွင် သော့ခလောက်တစ်ခုက ခတ်လျက်သား။

"ဟာ. . . ဒုက္ခပါပဲ"

ကျွန်တော်က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

"ဟိုက်. . . ဟိုမှာကြည့်စမ်း"

ကုန်တင်ကားအရှေ့ဘက်သို့ ကျွန်တော် လက်ညှိုးညွှန်ပြလိုက်၏။ အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်က ကျွန်တော့်ထံသို့ ပြေးလာနေသည်။

သူတို့ကို ကျွန်တော် အရင်ကတည်းက မြင်ဖူးပြီးသားဖြစ်သည်။ အနက်ရောင်ဝတ်စုံနှင့် အတ္တဘောကြီးနှစ်ယောက်။

သူတို့နှစ်ယောက်က ကျွန်တော့်နောက်သို့ လိုက်နေခြင်းပင်။

ကျွန်တော်လည်း ချာခနဲလှည့်ပြေးတော့သည်။ ကျွန်တော့်အတွက် သည်အနီးအနားတစ်ဝိုက်တွင် ပြေးစရာ ပုန်းစရာဟူ၍ ဘာမှမရှိပါ။ ဆပ်ကပ်ရုံကြီးထဲသို့သာ ပြန်ဝင်ပြေးစရာရှိသည်။

ဆပ်ကပ်ရုံအနောက်ဘက်သို့ ကျွန်တော် ပြန်ဝင်ပြေးလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆပ်ကပ်ရုံအနောက်ဘက်မှာ မှောင်မည်းနေ၏။ ကျွန်တော်က အသက်ကို မနည်းရှူရင်း အမှောင်ထဲတွင် ကျင့်သားရအောင် မျက်လုံးများဖြင့် စိုက်ကြည့်နေမိသည်။

ထိုစဉ် လူနက်ကြီးတစ်ယောက်၏ အော်သံကို ကျွန်တော် ကြားလိုက်ရသည်။

"ဒီကောင် ဆပ်ကပ်ရုံထဲ ဝင်ပြေးသွားတယ်ကွ"

ကျွန်တော်လည်း တုံ့ဆိုင်းမနေတော့ဘဲ အမှောင်ထဲ၌ စမ်းတဝါးဝါးဖြင့် ပြေးလာခဲ့ပြီး ပုန်းခိုစရာနေရာကို ရှာနေမိသည်။

"တွေ့ပြီ . . . သူ့ကို မိအောင်ဖမ်း"

အနက်ရောင်လူနှစ်ယောက်က ဆပ်ကပ်ရုံအတွင်းသို့ ဝင်ပြေးလာစဉ် ကျွန်တော့်ကိုတွေ့သွားပြီး အချင်းချင်း အော်ဟစ်သတိပေးနေကြသည်။

ကျွန်တော်လည်း အမှောင်ထဲ၌ နောက်လှည့်မကြည့်ဘဲ စွတ်စွတ်ရွပ်ရွပ်ပြေးလာရာ ခြသေ့်လှောင်အိမ် ရှေ့တည့်တည့်သို့ ပြန်ရောက်လာပြန်သည်။ အနောက်မှ လူနက်ကြီးနှစ်ယောက်ကလည်း ကျွန်တော့်အား မီလာပြီ . . .။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကျွန်တော်က မထူးဇာတ်ခင်းကာ လှောင်အိမ်ထဲသို့ ပြန်ဝင်ပြေးပြီး သံတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်၏။ အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်က ကြိတ်မနိုင်ခဲမရဖြင့် ထိုသံတိုင်တံခါးကို ဆုပ်ကိုင်ကာ လှုပ်ယမ်းနေကြသည်။

"မင်း. . . ငါတို့လက်ထဲက ပြေးမလွတ်တော့ပါဘူး"

ဟု လူနက်ကြီးတစ်ယောက်က အော်လိုက်၏။

ကျွန်တော့်အဖေ ဦးသာဒင်ကလည်း ဘယ်ရောက်သွားမှန်း မသိချေ။ ကျွန်တော့်မှာ လှောင်အိမ်ထဲတွင် ကေသရာဇ်နှင့် တစ်ယောက်တည်း။

"အေးဆေး. . . အေးဆေး"

www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်နံရံတစ်ဖက်သို့ ကျွန်တော်က တဖြည်းဖြည်း တိုးကပ်ရင်း ပါးစပ်က ခပ်တိုးတိုးရွတ်နေမိ၏။ လှောင်အိမ်အလယ် ဗဟိုတွင်ရပ်နေသော ခြင်္သေ့ကြီးကေသရာကတော့ ကျွန်တော့်ကို သေသေချာချာလိုက်ကြည့်နေလေသည်။

အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်က သံတိုင်တံခါးကို လက်နှင့် ဆွဲကိုင်လှုပ်ယမ်းလိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်တော့ လှောင်အိမ်တံခါးက ဝုန်းကနဲ ပြန်ပွင့်သွား၏။ ထိုလူနှစ်ယောက်က ကျွန်တော့်ကို စိန်းစိန်းဝါးဝါးစိုက်ကြည့်ရင်း ခြင်္သေ့လှောင်အိမ်ထဲသို့ ဝင်လာသည်။

"မင်း. . . ဒီလို လွယ်လွယ်နဲ့မလွတ်နိုင်ပါဘူး"

အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်က ကျွန်တော့်ကို လှမ်းပြောလိုက်၏။

ခြင်္သေ့ကြီးက ထိုလူနှစ်ယောက်ကို ဟိန်းဟောက်လိုက်၏။

"အလကား ဆပ်ကပ်ပြတဲ့ ခြင်္သေ့အိုကြီးပါကွာ၊ သူ ငါတို့ ကို မကိုက်ပါဘူး"

လူနက်တစ်ယောက်က သူ့အဖော်ကို ပြောလိုက်ခြင်းပင်။

ပြောမည့်သာပြောရသည်။ သူတို့၏စကားကို သူတို့ကိုယ် တိုင် ယုံကြည်မှုမရှိကြောင်း ကျွန်တော် အသေအချာသိလိုက်သည်။

ကေသရာက နောက်ထပ် ပိုမိုကျယ်လောင်စွာ ဟိန်း ဟောက်လိုက်ပြန်၏။ အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်လုံး၏ ခြေလှမ်းများ တုံ့ကနဲ ရပ်သွားကြသည်။

လှောင်အိမ်နံရံကို ကပ်လျက် အတွင်းဘက်သို့ ကျွန်တော် မသိမသာ ဆုတ်လာခဲ့မိသည်။

ခြင်္သေ့ကြီးကို ကျွန်တော်နှင့် ထိုလူနှစ်ယောက်၏ အလယ်

www.burmeseclassic.com

www.burmeseclassic.com



တွင်ထားမှ ဖြစ်မည်။ ယင်းမှာ ကျွန်တော့်အတွက် တစ်ခုတည်း သော အခွင့်အရေးဖြစ်သည်။

လူနက်ကြီးတစ်ယောက်က သတိကြီးစွာထား၍ ရှေ့သို့ မရဲတရဲတိုးလိုက်၏။ ခြင်္သေ့ကြီးက သူ့ကို ဟိန်းဟောက်လိုက်ပြန်သည်။

ထိုလူက နောက်သို့ ပြန်ဆုတ်သွား၏။

ထို့နောက် ခြင်္သေ့ကြီးက ကျွန်တော့်ကိုတစ်လှည့် ထိုလူ နှစ်ယောက်ကိုတစ်လှည့် စိုက်ကြည့်နေသည်။ ဘယ်သူ့အသားက ပိုချိုမလဲလို့ ရွေးချယ်နေတာဖြစ်မယ်ဟု ကျွန်တော် တွေးလိုက်မိ သည်။

"ခင်ဗျားတို့နှစ်ယောက် ဒီကထွက်သွားရင်ကောင်းမယ်၊ ကေ သရာ့ကို ဒီနေ့ အစာမကျွေးရသေးဘူးနော်"

ထိုလူနှစ်ယောက်က ခြင်္သေ့ကြီးကို ပြူးတူးပြဲတဲနှင့် စိုက် ကြည့်လိုက်ကြသည်။

"ခြင်္သေ့က ကျွန်တော့်ကိုတော့ ကိုက်မှာမဟုတ်ဘူး၊ ကျွန် တော်က သူ့ရဲ့သခင်ပဲလေ၊ ဒါပေမဲ့ ခိုင်းလိုက်ရင်တော့ ခင်ဗျားတို့ နှစ်ယောက်ရဲ့ လည်ချောင်းသွေးကို ဖောက်သောက်လိုက်မှာ သေ ချာတယ်"

အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်က တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ တစ်ယောက်က . . .

"ဒီကောင်ညာနေတာ"

ကျန်တစ်ယောက်ကတော့ ဝေခွဲမရဖြစ်နေပုံရသည်။

"ငါ ညာနေတာမဟုတ်ဘူး၊ ဒီက အခုချက်ချင်းထွက်သွား၊ မထွက်သွားရင် ကေသရာ့ကို ကိုက်ခိုင်းလိုက်တော့မယ်"

ကျွန်တော်က ထပ်မံခြိမ်းခြောက်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်က လှောင်အိမ်တံခါးသို့ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ နောက်တစ်ယောက်က ထိုလူ၏လက်မောင်းကို ပြန်ဆွဲပြီး ဒေါသတကြီးပြောလိုက်၏။

"သွေးမကြောင်စမ်းပါနဲ့"

"ကိုက်စမ်း. . . ကေသရာ၊ သူတို့ကို ကိုက်လိုက်စမ်း"

ကျွန်တော့်စကားသံကြောင့် ကေသရာက ရက်စက်ကြမ်းကြုတ်စွာ ဟိန်းဟောက်လိုက်၏။ ထို့နောက် လူနက်နှစ်ယောက်ကို ခုန်အုပ်လိုက်လေတော့သည်။

အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်လုံး ကြောက်အားလန့်အားဖြင့် လှောင်အိမ်အပြင်ဘက်သို့ ထွက်ပြေးသွားကြ၏။ ကေသရာက အပြင်သို့ ခုန်ထွက်ရန်ကြိုးစားစဉ် သူတို့နှစ်ယောက်က သံတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်ကြသည်။

"မင်း ပြေးလို့မလွတ်ပါဘူးကွာ၊ ငါတို့ ပြန်လာခဲ့မယ်"

အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်က လှောင်အိမ်အပြင်ဘက်မှ လှမ်းအော်လိုက်၏။

"မင်းတို့ ငါ့နောက်ကို ဘာလို့လိုက်နေကြတာလဲ၊ ငါ ဘာလုပ်ခဲ့မိလဲ၊ ငါ ဘာလုပ်ခဲ့မိလို့လဲ"

ကျွန်တော်က သူတို့နှစ်ယောက်ကို ပြန်အော်ပြောလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အမှန်တော့ ခြသေ့်ကြီးကေသရာမှာ မည်သူ့ကိုမှ ကိုက်သတ်စားချင်ပုံမရပါ။ သူက လှောင်အိမ်ထဲမှ လွတ်မြောက်ချင်နေခြင်းသာ ဖြစ်သည်။

ခြသေ့်လှောင်အိမ်အပြင်ဘက်သို့ ပြန်ထွက်လာစဉ် ကေသရာက ကျွန်တော့်အား တစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွား၏။ ဆပ်ကပ်ပွဲ၏ အစမ်းလေ့ကျင့်မှုများ ပြီးသွားချိန်အထိ ကျွန်တော်သည် ဒေါ့ဂျစ်ကားကြီးထဲတွင် တိတ်တိတ်ကလေး ပုန်းအောင်းနေမိသည်။

"တစ်နေကုန် မင်း ဘယ်တွေလျှောက်သွားနေတာလဲ"

အဖေက ကျွန်တော့်ကိုတွေ့သွားစဉ် ဆူပူကြိမ်းမောင်းလိုက်၏။ ကျွန်တော်က ဘာမှပြန်မဖြေ။ မိသားစုဝင်အားလုံး ဒေါ့ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်တက်ပြီးချိန်မှာတော့ အိမ်သို့ ပြန်မောင်းလာခဲ့သည်။

"ကျွန်တော် ဖျားချင်သလိုလိုဖြစ်နေလို့ တစ်နေရာမှာသွားပြီး လှဲနေတာ"

"ဒီနေ့ မလေ့ကျင့်ဖြစ်တဲ့ ပြကွက်ကို မနက်ဖြန်တော့ မင်း လေ့ကျင့်ဖြစ်အောင် လေ့ကျင့်ရမယ် ဖော်ထက်၊ ဒီတစ်ခါတော့ မင်း ရှောင်ပြေးလို့မရတော့ဘူး"

အဖေ ဦးသာဒင်က ကားမောင်းရင်း ကျွန်တော့်ကို လှမ်း ပြောလိုက်သည်။

ကျွန်တော်ကတော့ သမ်းဝေလိုက်၏။ အဖေနှင့်ကျွန်တော့် အကြားတွင် မနက်ဖြန်ဆိုတာမရှိမှန်း သူသိပါလေစ။ မနက်ဖြန်ဆို လျှင် ဆပ်ကပ်မိသားစုတစ်ခုလုံး ရှိတော့မည်မဟုတ်ပါ။

မနက်ဖြန်သည် ကျွန်တော့်အတွက်တော့ တုန်လှုပ်ချောက် ချားစရာအသစ်တစ်ခုကို ယူဆောင်လာလိမ့်ဦးမည်။ သို့တည်းမဟုတ် တံကောင်းခြင်းတစ်ခုကို ဖန်တီးပေးကောင်းပေးလိမ့်မည်။

အိမ်ပြန်ရောက်သောအခါ ကျွန်တော် စောစီးစွာ အိပ်ရာ ဝင်ခဲ့မိသည်။ ဆပ်ကပ်မိသားစုထဲတွင် လူဖြစ်ရခြင်းအတွက် ကျွန် တော် စိတ်ပျက်မိသောကြောင့်ပင်။ သည်ညမှာ အချိန်တန်လျှင် ပြီး ဆုံးသွားမည်ဆိုတာ သိသည့်တိုင်အောင် ကျွန်တော် မစောင့်စား နိုင်တော့ပါ။

ကျွန်တော်၏ ဆပ်ကပ်မောင်နှမများကတော့ ယခင်အိပ်ခန်း လေး၏ နံရံများပေါ်သို့ မျောက်နှင့်အပြိုင် တွယ်ကပ်ကုတ်တက်နေ ကြသည်။ ထိုအိပ်ခန်းလေးထဲတွင် ကျွန်တော် အိပ်၍မဖြစ်နိုင်တော့။ သို့ဖြစ်ရာ ဧည့်သည်များအိပ်သည့် အိပ်ခန်း၌သာ တစ်ယောက်တည်း တိတ်တဆိတ် လာအိပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်တော့်မှာ အိပ်မပျော်နိုင်ဘဲ အခက်တွေ့နေ၏။ နောက်တစ်နေ့မှာ ငါ ဘယ်ဘဝရောက်သွားမှာလဲဟူသည့်အတွေးက ကျွန်တော့်ကို ထပ်တလဲလဲ ဖိစီးနှိပ်စက်နေသည်။ မနက်လင်း၍ မျက်စိနှစ်လုံးဖွင့်လိုက်စဉ် ဘယ်ကမ္ဘာလောကသို့ ရောက်နေမှန်း မသိသောအဖြစ်က သင့်ကိုလည်း အိပ်စက်၍မရအောင် ခြောက်တည် ရာမရ ဖြစ်စေလိမ့်မည်။

ကျွန်တော်က အသက်ကိုမှန်မှန်ရှူပြီး တစ်မှနေ၍ တစ် ထောင်အထိ စိတ်ထဲ၌ ရေတွက်နေမိသည်။ သို့ရာတွင် ထိုနည်းက အလုပ်မဖြစ်ပါ။ မျက်စိပင် ပိုကျယ်လာသေးသည်။

သို့နှင့် ကျွန်တော်လည်း မနက်လင်းလျှင် ဖြစ်နေစေချင် သော အကောင်းဆုံးဘဝများကိုသာ စိတ်ကူးယဉ်ပြီး လျှောက်စဉ်း စားနေလေတော့သည်။

နောက်တစ်နေ့မနက်တွင် လက်ရွေးစဉ်ဘောလုံးအသင်း၏ အသင်းခေါင်းဆောင်၊ နိုင်ငံကျော်ဘောလုံးသမားတစ်ယောက် ဖြစ် နေလျှင်ကောင်းမည်။

သို့တည်းမဟုတ်. . .

လိုချင်တာမှန်သမျှကို ဝယ်ယူနိုင်သော ကျိကျိတက်ချမ်း သာသည့် သူဌေးတစ်ယောက်ဖြစ်နေလျှင် ကောင်းမည်။

သို့တည်းမဟုတ်. . .

နောင်လာမည့် နှစ်ပေါင်းငါးရာခန့်စောသော ကမ္ဘာကြီးတွင် အာကာသသူရဲကောင်းတယောက် ဖြစ်နေလျှင်ကောင်းမည်။

သည်လို ကောင်းပေ့ညွှန့်ပေ့ဆိုသည့် ဘဝတွေကို ကျွန်တော် ဘာလို့ ဖြစ်ခွင့်မရတာပါလိမ့်။

သို့ရာတွင် ကျွန်တော်၏ အဖြစ်ချင်ဆုံးဆန္ဒမှာ မနက်လင်း

www.burmeseclassic.com



လာလျှင် ကျွန်တော်၏ နဂိုမိသားစုဘဝလေးထဲသို့ ပြန်ရောက်သွားချင်မိခြင်း ဖြစ်သည်။ ကျွန်တော့်ရဲ့ တကယ့်မိသားစုစစ်စစ်။ ထိုမိသားစုဘဝတွင် စိတ်ညစ်စရာများ ရှိကောင်းရှိမည်။ သို့သော် ထိုမိသားစုဘဝလေးကိုသာ ကျွန်တော် ခင်တွယ်နေမိသည်။ ကျော်မိုး ဟန်၊ သက်နှင်းစံ၊ မေမေနှင့် ဖြူလုံးတို့အား ကျွန်တော် သတိရလွမ်းဆွတ်နေမိသည်။

နောက်ဆုံးတွင် အရှုဏ်မတက်မီ ကျွန်တော် မှေးကနဲ အိပ်ပျော်သွား၏။

•

ကျွန်တော်နိုးထလာစဉ် နံနက်စောစော ဝေလီဝေလင်းပင်ရှိသေးသည်။ အခန်းပတ်ပတ်လည်ကို ကျွန်တော် ဝေ့ဝဲကြည့်လိုက်သည်။ အရာရာတိုင်းသည် မပီပိုးတဝါး။

အခု ငါ ဘာဖြစ်သွားပြီလဲဟု တွေးနေမိသည်။ ကျွန်တော့်၏အိပ်ခန်းကတော့ ပုံမှန်အတိုင်းပင်။ တစ်အိမ်လုံး ခြောက်သွေ့တိတ်ဆိတ်နေပြီး မည်သည့်ဆူညံသံမျှ မကြားရ။ ထို့ကြောင့် ဆပ်ကပ်မိသားစုတော့ ကွယ်ပျောက်သွားပြီဟု သိလိုက်သည်။

ကျွန်တော်က ထိုအတွေးဖြင့် စိတ်သက်သာရရစွာ အိပ်ရာမှ ထလိုက်၏။ အိပ်ရာမှ ကျွန်တော် ခုန်ထလိုက်စဉ် ခြေထောက်များက စိတ်၏အလိုဆန္ဒကို အပြည့်အဝ လိုက်လျောနိုင်စွမ်းမရှိချေ။ ကျွန်တော်၏ခြေထောက်များက အရက်မသောက်ရသေးသော အရက်ချိုးတစ်ယောက်လို တုန်တုန်ရီရီဖြစ်နေကြသည်။

ကျွန်တော်လည်း တုန်တုန်ချိချိဖြင့် ရေချိုးခန်းထဲသို့ ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိသည်။ ထို့နောက် မှန်ထဲသို့ လှမ်းကြည့်လိုက်၏။

မဟုတ်ဘူး. . . ဒါ မဖြစ်နိုင်ဘူး။

ကျွန်တော် သွေးပျက်တုန်လှုပ်စွာ အော်ဟစ်လိုက်၏။ ကြောက်ရွံ့မှုကြောင့် ဘာအသံမှထွက်မလာ။

ဒီတစ်ခါ အဆိုးဆုံးဖြစ်လိမ့်မည်။ အဆိုးတကာ့ အဆိုးဆုံး ဘဝကို ပိုင်ဆိုင်လိုက်ရခြင်းပင်. . .။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ကျွန်တော်မှာ အသက်ကိုးဆယ်ကျော် အဖိုးကြီးတစ်ယောက် ဖြစ်နေ၏။

"ဒါ. . . မဖြစ်နိုင်ဘူး"

ကျွန်တော် တုန်လှုပ်ချောက်ချားစွာ အော်လိုက်မိပြန်သည်။ သို့ရာတွင် ကျွန်တော့် ပါးစပ်မှ မပီမသစကားသံတစ်ချို့သာ ထွက်ပေါ်လာကြသည်။ ဒီဘဝကို ကျွန်တော် လက်ခံနိုင်စွမ်းမရှိပါ။ ကျွန်တော်လည်း ခြေထောက်များက သယ်နိုင်သလောက်ပင် တုန်တုန်ချိချိဖြင့် ရေချိုးခန်းထဲမှ ပြေးထွက်ကာ ကုတင်ပေါ်သို့ ပြန်တက်လာခဲ့သည်။

ကုတင်ပေါ်တွင် စောင်ကို ခေါင်းမြီးခြုံပြီး မျက်လုံးများကို

www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်စွာ မှိတ်ထားမိ၏။ ကျွန်တော် ချက်ချင်းပြန်အိပ်ပျော်သွားမှဖြစ်မည်။ သည်လို အိုကြီးအိုမ အဖိုးကြီးဘဝဖြင့် တစ်နေ့လုံး ကျွန်တော်မနေနိုင်ပါ။ ကျွန်တော့်အသက် ဆယ့်ခြောက်နှစ်သာရှိသေးချိန်တွင် အသက်ကိုးဆယ်ကျော် အဘိုးကြီးတစ်ယောက်၏ ကိုယ်ခန္ဓာကြီးကို မပိုင်ဆိုင်ချင်ပါ။

ကျွန်တော်လည်း မှေးခနဲပြန်အိပ်ပျော်သွားမိသည်။ ကျွန်တော် အိပ်ရာနိုးလာချိန်တွင် နေရောင်ခြည်က အိပ်ခန်းထဲတွင် လင်းထိန်လျက်ရှိနေလေပြီ။ ကျွန်တော် မျက်လုံးကို ဖျတ်ခနဲဖွင့်ကြည့်လိုက်ပြီးမှ ကမန်းကတန်း ပြန်မှိတ်ထားလိုက်သည်။ စိတ်ထဲမှလည်း ငါ အဖိုးကြီးတစ်ယောက် မဖြစ်ပါစေနဲ့ဟု ထပ်တလဲလဲ ဆုတောင်းနေမိ၏။ မျက်လုံးပြန်ဖွင့်လိုက်ချိန်တွင် အရာရာသည် သဲကွဲပီသခြင်းမရှိ။ အနည်းငယ် ဝေသီမှုန်ဝါးနေဆဲပင်။

ကျွန်တော် ပင့်သက်ရှိုက်ရင်း ညာဖက်လက်ကို လေထဲသို့ ဖြည်းဖြည်းချင်း မြှောက်ကြည့်လိုက်မိသည်။ တုန်တုန်ချိချိဖြင့် အရေပြားများတွဲကျသော ကျွန်တော့်လက်တစ်ဖက်ကို ပြန်မြင်ရ၏။ သွားပြီ. . . သည်နေ့တစ်နေ့လုံး အဖိုးကြီးဘဝနဲ့ နေရတော့မှာပဲဆိုသည့် အသိဖြင့် ကျွန်တော် သက်ပြင်းချလိုက်မိသည်။

ထိုစဉ် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်ဟု စိတ်ထဲကထင်မိသည်။ ပထမတော့ တံခါးထ,မဖွင့်ပေးဘဲ အိပ်ရာထဲတွင် ပေကပ်ပြီးအိပ်နေမည်ဟု ကြံလိုက်သေးသည်။ သို့ရာတွင် မည်သူများပါလိမ့်ဆိုသည့် သိချင်စိတ်ကြောင့် ကျွန်တော် ကိုယ်ကျွန်တော် အနိုင်နိုင်သယ်ရင်း အောက်ထပ်သို့ တုန်တုန်ချိချိဖြင့် ဆင်းလာခဲ့မိ၏။

အိမ်ရှေ့တံခါးကိုဖွင့်လိုက်စဉ် အင်္ကျီအပြာနှင့် ဘောင်းဘီ

www.burmeseclassic.com

www.burmeseclassic.com



အပြာဝတ်ဆင်ထားသော ယောကျ်ားတစ်ယောက်နှင့်အတူ အင်္ကျီအဖြူ ထမီအပြာဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ယောက်အား တွေ့လိုက်ရသည်။

"ဘာကိစ္စလဲ"

ကျွန်တော်က သူတို့ကို တအံ့တသြဖြင့်ကြည့်ရင်း မေးလိုက်၏။ ကျွန်တော့်ပါးစပ်မှ စကားသံတစ်ချို့က ဗလုံးဗထွေးနှင့် ထွက်လာကြသည်။

"ကျွန်တော်တို့က သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေး အသင်းက လူမှုဝန်ထမ်းတွေပါ **အဘိုး**၊ အဘိုးက သည်အိမ်မှာ မြုစုစောင့်ရှောက်မယ့်သူမရှိဘဲ တစ်ယောက်တည်း နေ့နေရတယ် ကြားလို့ ကျွန်တော်တို့ရဲ့ ဘိုးဘွားရိပ်သာမှာထားဖို့ အဘိုးကို လာခေါ်တာပါ"

"ဘိုးဘွားရိပ်သာ. . . မလိုက်ဘူး. . . မလိုက်ဘူး. . . ကျုပ်ဘာသာကျုပ် အေးအေးဆေးဆေး နေပါရစေကွယ်"

ကျွန်တော်က ထိတ်လန့်တုန်လှုပ်စွာ မပီမသဖြင့် ငြင်းဆန်လိုက်၏။

"သေသေချာချာစဉ်းစားပါဦး အဘိုး၊ ဒီမှာ တစ်ယောက်တည်းနေရတာထက်စာရင် ဘိုးဘွားရိပ်သာမှာ အဖော်တွေနဲ့ သိုက်သိုက်ဝန်းဝန်းနေရတာ ပိုကောင်းမှာပေါ့"

ထိုလူမှုဝန်ထမ်းက စိတ်ရှည်လက်ရှည် ဖျောင်းဖျနေသည်။

"ဟာ. . . ကျုပ်. . . ကျုပ် မလိုက်ချင်ဘူး"

ကျွန်တော် အကြောက်အကန်ငြင်းဆန်လိုက်၏။ ထိုလူ၏ မျက်ဝန်းများက မသိမသာကျဉ်းမြောင်းသွားသလိုပင်။ ထိုလူက မလျှော့ဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါ အဘိုးရာ၊ ဒီမှာ အဘိုးနေမကောင်းရင် ဘယ်သူက လာပြီးပြုစုမလဲ"

မင်းကြီးဒေါ်ကြီး လာပြုစုမှာပေါ့ဟု စိတ်ထဲမှ အချဉ်ပေါက်ပေါက်နှင့်တွေးမိသည်။ ကျွန်တော်ကတွေးရင်း သူတို့ကို အကဲခတ်လိုက်၏။ သူတို့ပုံစံက မလိုက်လည်း ဖွတ်အတင်းခေါ်မည့်ပုံစံရှိသည်ဟု စိတ်ထဲက ထင်မိသည်။ ထို့ကြောင့် အလိမ္မာသုံး၍ပ,ထုတ်ရန် ဆုံးဖြတ်လိုက်၏။

"အေး. . . ဒါဆိုလည်းလိုက်ခဲ့မယ်ကွယ်၊ မင်းတို့ ဒီမှာ ခဏနေကြဦး၊ ကျုပ် အဝတ်အစားသွားလဲလိုက်ဦးမယ်"

ကျွန်တော့်အား အစွမ်းကုန်စေတနာဗလပွဖြင့် ကူညီချင်သူ သုံးယောက်၏ မျက်ဝန်းများက လက်ခနဲဖြစ်သွားပြီး အသီးသီး ခေါင်းညိတ်ပြလိုက်ကြသည်။

ကျွန်တော်လည်း သူတို့သုံးယောက်ကို အိမ်ရှေ့တံခါးဝမှာပင် စောင့်ခိုင်းထားကာ မီးဖိုချောင်ထဲသို့ဝင်၍ နောက်ဖေးတံခါးမှ အသာလေး လစ်ထွက်လာခဲ့သည်။ သည်နေ့ ဘိုးဘွားရိပ်သာမှာ သွားနေရမှာထက်စာရင် လမ်းပေါ်မှာလျှောက်သွားနေရတာမှ ပိုကောင်းဦးမယ်ဟု တွေးလိုက်မိ၏။

ဒီနေ့ ဘိုးဘွားရိပ်သာလိုက်သွားမိလို့ နောက်နေ့ကျရင် ငါက အဘိုးကြီးတစ်ယောက်မဟုတ်တော့တာ တွေ့သွားလို့ကတော့ အုတ်အော်သောင်းတင်း ဖြစ်နေကြမှာပဲဟု တွေးရင်း ကြိတ်ပြုံးမိသည်။

လမ်းမပေါ်တွင် ညဝတ်အင်္ကျီကြီး ဖိုးယိုဖားယားဖြင့် အပြေးတစ်ပိုင်းလျှောက်လာရင်း တစ်ယောက်တည်းပြုံးနေသည့် ကျွန်တော့်ကို လမ်းသွားလမ်းလာများက ဒီအဘိုးကြီး သူငယ်ပြန်နေပြီထင်တယ်ဟု အဓိပ္ပါယ်ရသော မျက်ဝန်းများဖြင့် ကြည့်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သည့်လို လမ်းပေါ်လျှောက်သွားနေရင် ငါ့ကို ခုနကလူတွေ တွေ့သွားပြီး ခေါ်သွားကြတော့မှာပဲဟုတွေးရင်း ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ကာ ပုန်းအောင်းစရာနေရာကို ရှာဖွေမိသည်။

ထိုစဉ် ကျွန်တော့်ထံသို့ ခပ်သွက်သွက်လျှောက်လာနေသော ပြည်ဒီကိုကို တွေ့လိုက်ရ၏။ ပြည်ဒီကိုက တဖြည်းဖြည်းနှင့် ကျွန်တော့်အနားသို့ ရောက်လာသည်။ ကျွန်တော်က ဝမ်းသာအားရဖြင့်. . .

"ပြည်ဒီကို. . . ငါ့ကို ကယ်ပါဦးဟာ၊ ငါ ဘိုးဘွားရိပ်သာ မသွားချင်ဘူး"

ဟု ဗလုံးဗထွေးပြောလိုက်၏။

ပြည်ဒီကိုက ကျွန်တော့်အား ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်ရင်း သူ့မ၏နောက်သို့လိုက်ခဲ့ရန် အမူအရာလုပ်ပြလိုက်သည်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ပြည်ဒီကိုနောက်မှ လိုက်လာခဲ့၏။

သူမက ငါ့အတွက် ပုန်းခိုစရာနေရာ လိုက်ပြပေးတာဖြစ်မယ် ဟု တွေးလိုက်မိသည်။ အရာရာကို ကြိုသိနေတတ်သည်မှာ ပြည်ဒီကို၏ အရည်အချင်းတစ်ရပ်ပဲဟု တစ်ဆက်တည်း တွေးလိုက်မိ၏။ ဘာပြောပြော ကျွန်တော့်ကို ကူညီဖော်ရသည့်အတွက် ပြည်ဒီကိုကို ကျေးဇူးတင်မိသည်။

ကျွန်တော်က ဘယ်ကိုသွားနေတာလဲဟု မေးလိုက်ချင်သော်လည်း မမေးဖြစ်ချေ။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့သည် မြို့စွန်ရှိ အိမ်ပျက်ကြီးတစ်လုံး၏ရှေ့သို့ ရောက်လာခဲ့သည်။ ထိုအိမ်ပျက်ကြီးမှာ သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဖုံးနေ၏။ ခြံဝရှေ့တွင်ရပ်နေလျှင်ပင် ထိုအိမ်ကြီးကို ကောင်းစွာမမြင်ရပေ။

တော်တော်လုံခြုံတဲ့နေရာပဲဟု ကျွန်တော် တွေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာကို ပြသီဂီက ဘယ်လိုများရှာတွေ့ထားပါလိမ့်။

ပြသီဂီက အိမ်ရှေ့တံခါးကို အသာအယာတွန်းဖွင့်လိုက်၏။ ထို့နောက် ကျွန်တော့်အား အိမ်အတွင်းသို့ဝင်သွားရန် အမူအရာလုပ်ပြသည်။

ကျွန်တော်လည်း မရဲတရဲဖြင့် အိမ်ထဲသို့ လှမ်းဝင်လိုက်၏။ အမှောင်ထဲတွင်ရပ်နေသော လူရိပ်နှစ်ခုက ကျွန်တော့်မျက်စိရှေ့တွင် ဘွားကနဲပေါ်လာကြလေသည်။

မဟုတ်ဘူး. . . ဒါ မဖြစ်နိုင်ဘူး။

သူတို့နှစ်ယောက် မဖြစ်ပါစေနဲ့။

ကျွန်တော့်ဆုတောင်း မပြည့်ရှာပါ။

အမှောင်ထဲ၌ရပ်နေသူများမှာ အနက်ရောင်ဝတ်ဆင်ထားသည့် လူနှစ်ယောက်ပင်ဖြစ်လေသည်။

ထိုစဉ် တစ်ယောက်က လှမ်းပြောလိုက်၏။

"ကျွန်တော်မျိုးတို့ဆီ သူ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သခင်မ ပြသီဂီ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"နင်. . . နင် လုပ်ရက်တယ်ဟာ၊ ငါက နင့်ကို ငါ့သူငယ်ချင်းလို့ပဲ ထင်ထားခဲ့တာ"

ကျွန်တော်က ကြေကွဲဝမ်းနည်းစွာဖြင့် စိတ်ပျက်လက်ပျက် ပြောလိုက်၏။

ပြည်သီဂီနှင့် အနက်ရောင်ဝတ်စုံဝတ်ထားသော လူနှစ်ယောက်က တည်ငြိမ်စွာ ရှေ့သို့တိုးလာကြသည်။ ကျွန်တော်လည်း အိမ်ထဲမှ ထွက်ပြေးရန် ပြေးပေါက်ရှာနေမိသည်။

အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်က ကျွန်တော့်၏အကြိကို ရိုပ်မိသည့်အလား တံခါးပေါက်ကို ကိုယ်ဖြင့် ပိတ်ကွယ်ထား၏။ သူ့ကိုကျော်ပြီး အိမ်အပြင်ထွက်ပြေးရန် မဖြစ်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်အေးအေးထားပါ ဇော်ထက်လူ၊ ငါတို့ မင်းကို ကူညီမလို့ပါ၊ တကယ်ပြောတာ. . ."

ပြည်ဂီက နူးညံ့ချိုသာစွာ ပြောလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်က ရှေ့သို့ ခြေတစ်လှမ်းစီတိုးလိုက်ပြန်သည်။ ကျွန်တော်လည်း ယောင်ယမ်းပြီး နောက်သို့ ဆုတ်လိုက်မိသည်။ သူတို့နှစ်ယောက်၏ပုံစံက ကူညီမည့်ပုံစံ မပေါက်ပါ။

"မင်းတို့. . . မင်းတို့. . . ဘယ်သူတွေလဲ၊ ငါ့ဆီက ဘာလိုချင်လို့ ဒုက္ခလိုက်ပေးနေကြတာလဲ"

ကျွန်တော်က ကြောက်ကြောက်ဖြင့် နောက်ဆုတ်ရင်း ထိုင်ခုံတစ်လုံးကို နောက်ပြန်ဝင်တိုက်မိပြီး ဖင်ထိုင်လျက်လဲကျသွား၏။

"မကြောက်ပါနဲ့ ဇော်ထက်လူ၊ မင်းကို ငါ အစအဆုံး ရှင်းပြပါ့မယ်"

သူမက ပြောပြောဆိုဆိုနှင့် ကျွန်တော့်ရှေ့တွင် ထိုင်ချလိုက်သည်။ ကျွန်တော်၏ကြောက်စိတ်ကို ဖြေဖျောက်ရန် တရင်းတနှီး ဆက်ဆံနေမှုန်း ကျွန်တော် ရိပ်စားမိလိုက်၏။ အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်ကတော့ သူမကို ဘေးတစ်ဖက်တစ်ချက်စီ ခြံရံ၍ ရပ်နေကြသည်။

"အင်း. . . ပြောပါဦး၊ ငါ့ဘဝက ဘာတွေဖြစ်နေတာလဲလို့၊ မင်းသိမယ်ထင်တယ် ပြည်ဂီ"

ကျွန်တော်က သူမအားရှင်းပြရန် တောင်းဆိုလိုက်သည်။

"အသေအချာသိတာပေါ့ ဇော်ထက်လူ၊ ဒါတွေအားလုံးကို ဖန်တီးခဲ့တာ တစ်ခြားသူဟုတ်ရိုးလား"

ပြည်ဂီ၏စိတ်ထဲတွင် ကျွန်တော်လည်း သူမလိုပင် သိနေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်သည်ဟု ထင်မှတ်နေသလားမသိ။ သူမ၏လေသံက တစ်နဲ့တစ် ပေါင်းရင် နှစ်ဖြစ်တာ မသိဘူးလားဟု မေးနေသည့်ပုံစံမျိုး။

"ဒါ. . . ဒါတွေအားလုံး မင်းဖန်တီးခဲ့တာလား၊ မင်းက ဘယ်သူလဲ မှော်ဆရာမလေးလား"

ကျွန်တော်က ခပ်ငေါ့ငေါ့ဖြင့်မေးလိုက်သည်။

"ဟော့ကောင်. . . ကောင်းကောင်းနားထောင်စမ်း၊ နောက် မနေစမ်းနဲ့၊ မင်းကြောင့် ငါတို့ ဘယ်လောက်ဒုက္ခရောက်တယ်မှတ်လဲ"

ပြသိဂီ၏ဘယ်ဘက်မှ အနက်ရောင်ဝတ်စုံနှင့်လူက ကျွန်တော့်အား ဟိန်းဟောက်လိုက်၏။

ပြသိဂီက ထိုလူအား ရှုးရှုးရှားရှားဖြင့် အော်ငေါက်လိုက်သည်။

"တိတ်တိတ်နေစမ်း ယက္ခ၊ ဒီကိစ္စကို ငါ့ဘာသာဖြေရှင်းမယ်"

ထို့နောက် ပြသိဂီက ကျွန်တော့်ဘက်သို့ပြန်လှည့်ကာ နူးညံ့ချိုသာသော သူမ၏ပုံမှန်အသံဖြင့် . . .

"ငါက ဘယ်သူလဲဆိုတော့ 'ပြသိဂီ' ပဲပေါ့"

ပြသိဂီ. . .။

ကျွန်တော့်ခေါင်းထဲတွင် ဖျတ်ကနဲ အတွေးတစ်ခုဝင်လာ၏။ သူမ၏နာမည်ကို ကြားဖူးနေသလို စိတ်ထဲ၌ ထင်နေမိသည်မှာကြာပြီ။ ယခုမှ ရွှေစည်းခုံဘုရား၏ စနေထောင့်တွင် ပြသိဂီဆိုသည့်အမည်ဖြင့် နတ်သမီးရုပ်တုတစ်ခုကို မြင်တွေ့ခဲ့ဖူးသလိုလို စိတ်တွင် မပီဝိုးတဝါး ထင်မှတ်မိသည်။

"မင်း. . . မင်းက ပြသိဂီဆိုတဲ့ နတ်သမီးလား"

ကျွန်တော်က အံ့ဩတုန်လှုပ်စွာမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ီဂီက ကျွန်တော့်အမေးကို မဖြေ။ သူမက ကျွန်တော့်ကို စိုက်ကြည့်ရင်း နှုတ်ခမ်းထောင့်ဖျားလေးကို သက်တန့်လေးကိုင်း သဏ္ဍာန် ညွတ်ကွေး၍ ပြုံးလိုက်၏။

ကျွန်တော်က ပြည်ီဂီ၏ဘေးနှစ်ဖက်တွင် ခြံရံထားသည့် အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း သူမကို မေးလိုက်ပြန်သည်။

"သူတို့နှစ်ယောက်ကရော ဘယ်သူတွေလဲ"

သည်တစ်ခါတွင်လည်း ပြည်ီဂီက ကျွန်တော့်အမေးကို မဖြေဘဲ ပြုံးမြဲပြုံးနေလေသည်။ သို့ရာတွင် သူတို့နှစ်ယောက်မှာ ပြည်ီဂီကို စောင့်ရှောက်သည့် ဘီလူးလိုလို၊ နာနာဘာဝလိုလို အကောင်ဖြစ်မယ်ဟု စိတ်တွင် မှန်းဆကြည့်လိုက်ရင်း ကြက်သီးထသွား၏။

ထိုစဉ် ပြည်ီဂီက . . .

"ကဲ. . .မင်းနဲ့မဆိုင်တာတွေ အသာထားလိုက်ပါ. . . ဖော်ထက်လူ၊ မင်းနဲ့ တိုက်ရိုက်ပတ်သက်တာကိုပဲ ပြောကြတာပေါ့"

ကျွန်တော်က သူမ ဘာပြောမလဲဟု နားစွင့်ထားမိသည်။ သူမ၏စကားထဲတွင် ကျွန်တော့်အတွက် အဖြေတစ်ခုခုရလိမ့်မည်ဟု မျှော်လင့်နေမိ၏။

ပြည်ီဂီက ဆက်ပြောသည်။

"ဒီလို ဖော်ထက်လူ၊ မင်းတို့ ငါတို့ နေထိုင်ကြတဲ့ ဟောဒီ စကြာဝဠာကြီးထဲမှာ လူတွေမသိတဲ့ လျှို့ဝှက်ချက်တစ်ခုရှိတယ်၊ အဲဒီ လျှို့ဝှက်ချက်က ဘာလဲဆိုတော့ ဒီစကြာဝဠာကြီးထဲမှာ လူတစ်ယောက် အတွက် တစ်ချိန်တည်းတစ်ပြိုင်တည်းမှာ ဖြစ်လာနိုင်တဲ့ဘဝတွေ အများကြီး အဆင်သင့်ရှိပြီးသားဆိုတာပဲ၊ ဥပမာ. . . လူတစ်ယောက် ဆိုမှာ သူဌေးဘဝ၊ ဆင်းရဲသားဘဝ၊ ဆရာဝန်ဘဝ၊ စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝ၊ ဆိုက်ကားသမားဘဝ၊ ရုပ်ရှင်မင်းသားဘဝ စတဲ့ ဘဝပေါင်းများစွာကို သူ့အတွက် ပြင်ဆင်ထားပြီးသားရှိတယ်''

ကျွန်တော်က သူမ၏စကားကို စိတ်ဝင်တစား နားထောင်နေမိသည်။ ပြသိဂီက စိတ်ရှည်လက်ရှည် ဆက်ရှင်းပြ၏။

''အဲဒီဘဝတွေ အများကြီးထဲမှာမှ လူသားတွေဟာ သူ့ရဲ့ အတိတ်ဘဝက ကုသိုလ်ကံ အကျိုးပေးအလျောက် ထိုက်တန်တဲ့ဘဝ တစ်ခုထဲမှာ လာပြီး လူဖြစ်ခွင့်ရကြတယ်၊ အတိတ်ဘဝက ကုသိုလ်ကံ အကျိုးပေးကောင်းခဲ့တဲ့လူတွေဟာ အခုဘဝမှာ ပြည့်စုံကောင်းမွန်တဲ့ လူ့ဘဝကို ပိုင်ဆိုင်ရတယ်၊ အတိတ်ဘဝ ကုသိုလ်ကံ အကျိုးပေး ညံ့ဖျင်းတဲ့လူတွေကျတော့ နိမ့်ကျနွမ်းပါးတဲ့ လူ့ဘဝကိုပဲ ပိုင်ဆိုင်ကြရတယ်၊ အဲဒါဟာ လူ့ဘဝရဲ့သံသရာပဲ''

ကျွန်တော့်အား ရှည်ရှည်လျားလျား ရှင်းပြလိုက်ရသဖြင့် ပြသိဂီမှာ အနည်းငယ် မောသွားဟန်ရှိသည်။ သို့ရာတွင် သူမပြောချင်သည့်အကြောင်းအရာကို ကျွန်တော် ယခုချိန်ထိ သဘောမပေါက်သေးပါ။ ထို့ကြောင့် ကျွန်တော်က ထပ်မေးလိုက်၏။

''အဲဒီသံသရာက ငါနဲ့ ဘယ်လိုပတ်သက်လဲ၊ ပြီးတော့ ပြည့်စုံကောင်းမွန်တဲ့ ဘဝဆိုတာရော တကယ်ရှိလို့လား ပြသိဂီ''

ပြသိဂီက စိတ်ရှည်လက်ရှည်ဖြင့်ပြုံးရင်း . . .

''အေး. . . အဲဒါ မင်းရဲ့ အကြီးမားဆုံးပြဿနာပဲ၊ လူတွေဟာ ငှက်ဖြစ်ချင်ပြီးတော့ ငှက်တွေကလည်း မိုးတိမ်ဖြစ်ချင်ကြသတဲ့၊ မင်းလည်း အဲဒီလိုပဲ၊ မင်းရဲ့ လက်ရှိနေရတဲ့ဘဝကို မကျေနပ်နိုင်ဘူးဖြစ်နေတယ်၊ အဲဒါကြောင့် မင်းရဲ့ လက်ရှိဘဝနဲ့ တစ်ခြားဘဝတွေကို ချိန်ထိုးနှိုင်းဆလို့ရအောင် မင်းကို ဘဝတွေတစ်ခြားတစ်ခု ပြောင်းပေးလိုက်တာပဲ၊ ဒါမှ မင်းရဲ့ နေထိုင်နေရတဲ့ လက်ရှိဘဝဟာ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပဲဆိုတာ မင်း လက်ခံယုံကြည်သွားမှာ''

ကျွန်တော်က အံ့သြစွာဖြင့် သူမကိုငေးရင်း. . .

''ဘယ်လိုလုပ်ပေးလိုက်တာလဲ''

''မင်း ညှော်သည်တွေထားတဲ့အိပ်ခန်းထဲက ကုတင်မှာ သွား အိပ်တိုင်း မနက်လင်းရင် ဘဝတစ်ခုပြောင်းပြောင်းသွားတာ ဘာကြောင့် လဲမသိဘူးလား။ မနက်ခင်းတိုင်းမှာ အသစ်အသစ် ရင်ဆိုင်ကြုံတွေ့ နေရတဲ့ ဘဝတွေဟာ မင်းအတွက် ဖြစ်လာနိုင်ချေရှိတဲ့ဘဝတွေချည်းပဲ၊ အခု လက်ရှိဘဝမှာ လူဖြစ်မလာခဲ့ရင် အဲဒီဘဝတွေထဲက တစ်ခုကို မင်း ပိုင်ဆိုင်ရမှာပဲ''

●

ကျွန်တော်၏မျက်ဝန်းထဲတွင် တစ်ဘဝပြီးတစ်ဘဝ ပြောင်း လဲသွားသောအဖြစ်အပျက်များကို ပြန်မြင်ယောင်လာမိသည်။ ပြသိဂီ နှင့် စတွေ့ပုံကိုလည်း ပြန်အမှတ်ရမိသည်။ ကျွန်တော့်စိတ်ထဲတွင် ရှုပ်ထွေးနေသော အရာအားလုံး ရှင်းလင်းသွားသလို ခံစားရသည်။

ကျွန်တော်က ပြသိဂီအား. . .

''ဪ. . . ဒါကြောင့် ငါဘဝတစ်ခုပြောင်းတိုင်း မင်းနဲ့ လာလာတွေ့နေတာကိုး၊ ငါဘဝပြောင်းတိုင်းလည်း မင်းက မှတ်မိ နေတာ ဒါကြောင့်ကိုး၊ ဒါပေမဲ့ ငါ အဲဒီတခြားဘဝတွေမှာ မပျော်ဘူး ပြသိဂီ၊ ငါ့အရင်ဘဝဟောင်းလေးကို ပြန်ရအောင်လုပ်ပေးလို့ မရ ဘူးလားဟင်''

ပြသိဂီက ကျွန်တော့်အား ကလေးငယ်တစ်ယောက်လို ကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com


"စိတ်မပူပါနဲ့. . . ဘဝဟောင်းကို ပြန်သွားခွင့်ရမှာပါ၊ ဒါပေမဲ့ မသွားခင် မင်းရဲ့မှတ်ဉာဏ်ထဲက ငါတို့နဲ့ တွေ့ခဲ့တဲ့အဖြစ်အပျက်တွေကို ပြန်ဖျောက်ပစ်ရလိမ့်မယ်"

သူမ၏စကားကြောင့် ကျွန်တော်က တုန်လှုပ်ချောက်ချားစွာဖြင့်. . .

"မလုပ်ပါနဲ့ ပြည်္သီဂီ၊ ငါ မင်းတို့နဲ့ တွေ့ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ လျှောက်မပြောပါဘူး၊ ငါပြောလည်း ဘယ်သူမှ ယုံကြမှာမဟုတ်ဘူး၊ ငါပြောတာလက်ခံပါ ပြည်္သီဂီ"

ပြည်္သီဂီက တည်ငြိမ်အေးဆေးစွာ ခေါင်းကိုခါယမ်းရင်း. . .

"စိတ်မကောင်းပါဘူး ဇော်ထက်လူ၊ ငါတို့ လုပ်စရာရှိတာတော့ လုပ်မှဖြစ်မယ်"

ကျွန်တော်က သူမကို သွေးပျက်ချောက်ချားစွာ စိုက်ကြည့်လိုက်မိ၏။

"မင်း. . . မင်း မလုပ်ရဘူး"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၏။

"စိတ်ချ. . . ငါတို့ လုပ်ကိုလုပ်မှာ၊ အခန့်မသင့်ရင် မင်းက လူ့ဘဝထဲကနေ အပြီးတိုင် အနားရရင်ရသွားဦးမှာ"

ယက္ခက ခပ်မြူးမြူးဝင်ပြောလိုက်၏။

"ကြာပါတယ်ကွာ၊ မှတ်ဉာဏ်မဖျောက်အဲ သူ့ကိုပဲ လက်စတုံးဖျောက်ဖျက်လိုက်ကြရအောင်"

ဂုမ္ဘာန်ကလည်း ဝင်ထောက်ခံလိုက်သည်။

"မလုပ်နဲ့"

ကျွန်တော်က ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရင်း တံခါးဝသို့ထွက်ပြေးရန် ခြေလှမ်းပြင်လိုက်သည်။ သို့ရာတွင် ယက္ခနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂုမ္ဘာန်က ကျွန်တော့်အား နည်းနည်းလေးမှ အလွတ်မပေးချေ။ သူတို့နှစ်ယောက်က ကျွန်တော့်လက်မောင်း တစ်ဖက်တစ်ချက်စီကို ကိုင်ပြီး ချုပ်ထားလိုက်ကြသည်။ သူတို့၏လက်များက ရေခဲတမျှ အေးစက်နေကြ၏။

"မင်း. . . ဘယ်မှထွက်မပြေးရဘူး"

ယက္ခကပြောလိုက်သည်။

"ငါ့ကို လွှတ်. . . လွှတ်"

ကျွန်တော်က ကြောက်အားလန့်အားဖြင့် ရုန်းကန်အော်ဟစ်လိုက်၏။

ပြဿဂီက ရှေ့သို့ တစ်လှမ်းခြင်းတိုးလာသည်။ ထို့နောက် သူမက လက်တစ်ဖက်ကို ကျွန်တော့်မျက်နှာရှေ့သို့ မြှောက်လိုက်၏။

ကြောက်ရွံ့စိတ်က ဖိစီးနေသောကြောင့် ကျွန်တော် အသံကုန်အော်ဟစ်လိုက်မိသော်လည်း စကားလုံးများက လည်ချောင်းဝ မှ ပြန်လည်ပြုတ်ကျသွားကြသည်။

ထို့နောက် ပြင်းပြသိပ်သည်းသော အအေးငွေ့တစ်ချက်က ကျွန်တော့် တစ်ကိုယ်လုံးကို လွှမ်းခြုံသွား၏။ ထိုအအေးဓာတ်သည် ဦးခေါင်းအရေပြားအောက်ထဲအထိ ထိုးဖောက်ဝင်ရောက်လာသည်ဟု ကျွန်တော် ခံစားမိလိုက်သည်။

ကျွန်တော့်မျက်လုံးတွေ ချာချာလည်သွား၏။ ဘာကိုမှ မမြင်ရတော့. . .။ နက်ရှိုင်းသော အေးစက်မှုတစ်ခုထဲသို့ တစ်ကိုယ်လုံး ရေနစ်သလို နစ်မြုပ်ဝင်သွားသယောင်. . .။

ကျွန်တော့်ဦးခေါင်းတစ်ခုလုံး အေးခဲဆို့နင့်လာသည်။ နှလုံးသားအတွင်းပိုင်းတစ်ခုလုံးလည်း အေးခဲသွားသလိုပင်။

ကျွန်တော့်အသိဉာဏ်တွေအားလုံး မိုက်ကနဲမှောင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ဦးခေါင်းထဲတွင် အဖြူရောင်အလင်းတွေ ချာချာလည်နေသလိုမျိုး. . .။

အဖြူရောင်အလင်းစက်များက တစ်စထက်တစ်စ ကျယ်ပြန့်လာပြီး အလင်းလှိုင်းများအောက်သို့ ကျွန်တော့် နစ်မြုပ်သွားလေသည်။

နောက်ဆုံး ကျွန်တော် ဘာကိုမှမသိတော့။

"အား. . ."

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကျွန်တော် မျက်စိကိုဖွင့်ကြည့်လိုက်သည်။ ဖြူဖွေးစူးရှသော အလင်းရောင်ကြောင့် မျက်စိကျိန်းသွား၏။ နွေးထွေးလင်းပသော နေ ရောင်ခြည်က မျက်နှာပေါ်သို့ ဖြာလဲ့စီးကျနေခြင်းပင်။

ကျွန်တော် ဘေးဘီဝဲယာကို လှဲ့ည့်ပတ်အကဲခတ်လိုက်သည်။ တိုလီမိုလီများဖြင့် ရှုပ်ပွနေသော ကျွန်တော့်အိပ်ခန်းကျဉ်းလေးထဲတွင် အိပ်ပျော်နေခြင်းပင်။

ကျွန်တော်၏ ယခင်အိပ်ခန်းဟောင်းလေး။ ကျွန်တော့်ဗိုက် ထဲတွင် တစ်စုံတစ်ရာကို စဉ်းစားမိပြီး ကြက်သီးများ ဖြန်းကနဲထ သွား၏။

အရိပ်များ. . . အဖြူရောင်အလင်း. . . အော်သံ. . . အရာ အားလုံးသည် အိပ်မက်ဆန်ဆန် မပီပိုးတဝါး။

www.burmeseclassic.com

www.burmeseclassic.com



ငါ့အရင်ဘဝလေးကို ပြန်ရောက်နေတာပဲဟုတွေးရင်း ရင်ခုန်သံမြန်လာ၏။

သိလိုစိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ရေချိုးခန်းထဲသို့ ဝင်ပြေးလာခဲ့မိသည်။

ရေချိုးခန်းရှိမှန်ထဲတွင် အသက်ဆယ့်ခြောက်နှစ်အရွယ် ကျွန်တော်၏ပုံရိပ်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်လိုက်ရလေသည်။ ငါ့ဘဝကို ပြန်ရပြီကွ။

ကျွန်တော်၏ အရင်ဘဝဟောင်းကို ပြန်ပိုင်ဆိုင်လိုက်ရလေပြီ။

"ဟူး. . . ဟူး. . . ဟူး"

ကျွန်တော်က ရွှင်မြူးစွာ ဟစ်ကြွေးလိုက်၏။

ထိုစဉ် ဖြူလုံးက တံခါးကို နှုတ်သီးဖြင့်တွန်းဖြင့်ရင်း အိပ်ခန်းထဲသို့ ချွတ်နင်းဝင်လာသည်။ ကျွန်တော့်ကိုတွေ့သွားသောအခါ ဖြူလုံးက စူးစူးဝါးဝါး ထိုးဟောင်လိုက်သည်။

"ဖြူလုံး"

ကျွန်တော် ဝမ်းသာအားရ .အော်ဟစ်လိုက်၏။ ထို့နောက် ကျွန်တော်က ကိုယ်ကိုငုံ့ကိုင်း၍ ဖြူလုံးကို အားရပါးရဖက်ထားလိုက်သည်။ ဖြူလုံးကတော့ ကျွန်တော့်ရင်ခွင်ထဲတွင် တဂူးဂူးဖြင့် မာန်ဖီနေလေ၏။

အရင်အတိုင်းပါပဲလား ဖြူလုံးရယ်။

"ဇော်ထက်"

အောက်ထပ်မှလှမ်းအော်သော မေမေ့အသံကို ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော့်မေမေအစစ်ရဲ့ အသံပါပဲ။

"ဇော်ထက်. . . ဖြူလုံးကို သူ့ဟာသူနေပါစေ၊ သူ့ကို သွား

www.burmeseclassic.com

www.burmeseclassic.com



စ မနေနဲ့ဦး"

"သား. . . သူ့ကို စနေတာမဟုတ်ဘူး"

ကျွန်တော်က အောက်ထပ်သို့ ပြန်လှမ်းအော်လိုက်သည်။ မေမေက တစ်ခုခုဆိုလျှင် ကျွန်တော့်ကိုပဲ အရင် အပြစ်တင်တတ်သည်။

သို့သော်လည်း ကျွန်တော် စိတ်မကောင်းမဖြစ်ပါ။ ကျွန်တော်၏ နဂိုဘဝလေးကိုပြန်ရသည့် ပျော်ရွှင်မှုအား မည်သည့်အရာကမှ မဖျက်ဆီးနိုင်ပါ။

ကျွန်တော်က နံနက်စာစားရန် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

အောက်ထပ်ရှိ ထမင်းစားစားပွဲတွင် သူတို့ ထိုင်နေကြလေသည်။ မေမေ၊ ကျော်မိုးဟန်နှင့် သက်နှင်းစံ. . . အရင်အတိုင်းပါပဲ. . .။

"သိပ္ပံရှူးကလေးဟာ အာဟာရဖြည့်တင်းဖို့အတွက် မီးဖိုခန်းထဲကို ဝင်လာပါတယ်ခင်ဗျာ၊ သိပ္ပံရှူးကလေး ဘာတွေစားသလဲ? ကျွန်တော်တို့ စောင့်ကြည့်လေ့လာကြပါစို့"

ကျော်မိုးဟန်က သူ၏ အသံဖမ်းစက်ထဲသို့ ပြောလိုက်၏။

"ကျော်မိုး"

ကျွန်တော်က ကျော်မိုးဟန်ကို ဝမ်းသာအားရခေါ်ရင်း သူ့လည်ပင်းကို ပြေးဖက်ထားလိုက်သည်။

"ဟေ့ကောင်. . . ငါ့ကိုလွှတ်. . . အရူးလေး"

ကျော်မိုးဟန်က အံ့အားသင့်စွာ ကျွန်တော်ကို တွန်းထုတ်သည်။

"ပြီးတော့. . . သက်နှင်း"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ပြောရင်း သက်နှင်းစံကိုလည်း ပြေးဖက်လိုက်၏။

"ဘယ်လိုဖြစ်နေတာလဲ ဖြူတ်ဦးနှောက်ဓလေး၊ ဩော်. . . ဒါသိပြီ၊ နင့်ကို ညက ငြိုဟ်သားတွေ ပြန်ပေးဆွဲသွားတယ်မဟုတ်လား၊ သူတို့က နင့်ဦးနှောက်ကို ဆေးကြောပေးလိုက်တာပဲဖြစ်မယ်"

သက်နှင်းစံက ပွစိပွစိဖြင့်ပြောလိုက်သည်။

သူမ၏ပြက်လုံးကို ကျွန်တော် လျစ်လျူရှုထားလိုက်သည်။ ထို့နောက် သူမ၏ခေါင်းပေါ်မှဆံပင်များကို လက်ဖြင့် ထိုးဖွလိုက်၏။

"ဟဲ့. . . တော်စမ်း"

သက်နှင်းစံကရယ်ရင်း ကျွန်တော့်လက်ကို ပုတ်ထုတ်လိုက်သည်။

ထို့နောက် ကျွန်တော်က မေမေ့ကို လိုက်လိုက်လှဲလှဲ ဖက်ထားလိုက်မိ၏။

"မေမေ့အချစ်ဆုံးလေး"

မေမေက ကျွန်တော့်ကျောပြင်ကို ပြန်ပွတ်သပ်ပေးရင်း ကြည်နူးစွာပြောလိုက်သည်။ တစ်ခါတစ်ရံ မေမေက သည်လိုစိတ်ကောင်းဝင်တတ်ပါသေးသည်။

"ကဲ. . . မုန့်ဟင်းခါးစားလိုက်ဦး ဖော်ထက်၊ မေမေ အလုပ်နောက်ကျတော့မယ်"

ကျွန်တော်က ဝမ်းသာအားရဖြင့် မေမေ့ကိုခွာလိုက်ပြီး မုန့်ဟင်းခါးကို အားရပါးရစားရန် ဟန်ပြင်လိုက်၏။

ယခုအခါ အရာအားလုံးသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေပြီ၊ ကျွန်တော် သည်လိုဖြစ်သွားသည်ကို ဘယ်သူမှ သတိထားမိပုံမရချေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မိုက်မဲရူးနှမ်းလှတဲ့အခန်းကို နောက်တစ်ခါ သွားမအိပ်တော့ဘူးဟု စိတ်ပိုင်းဖြတ်လိုက်သည်။ လုံးဝပဲ။ ကျွန်တော်၏အခန်းကျဉ်းလေးမှာ ပစ္စည်းပစ္စယများဖြင့် မည်မျှပင် ရှုပ်ပွပါစေ၊ ထိုအိပ်ခန်းကျဉ်းလေးမှာပဲ စိတ်လက်ချမ်းသာစွာ အိပ်တော့မည်။

"ရွှမ်"

ထိုစဉ် လည်ပင်းကို တစ်စုံတစ်ခုက ဖျတ်ကနဲလာထိသည်။ လန့်ပြီး ကြက်သီးမွေးညင်းများ ထသွား၏။

"ဟင်. . ."

ကျွန်တော်က နောက်သို့ ဆတ်ကနဲလှည့်ကြည့်လိုက်သည်။ ပြုံးဖြဲဖြဲနှင့်ကြည့်နေသော ကျော်မိုးဟာန်ကို တွေ့လိုက်ရလေ၏။ သူ့လက်တွင် အအေးပိုက်တစ်ချောင်းကို ကိုင်ထားပြီး လှုပ်ယမ်းပြနေသည်။

ထို့နောက် သူက အသံဖမ်းစက်ဖြင့် စကားပြောပြန်သည်။

"စက္ကူဖိနပ်တွဲဖန်တုံးတစ်တုံးနဲ့ သိပ္ပံရူးကလေးကို ပစ်ကြည့်ရင် ဘယ်လိုနေမလဲသိပါသလား၊ သူ ဘယ်လိုတုံ့ပြန်မယ်ထင်ပါသလဲ"

"ကလေးလေးလို ငိုမှာပေါ့"

သက်နှင်းစံက ဖြေလိုက်၏။

ကျွန်တော်က ပုခုံးတွန့်ရုံသာတွန့်ပြလိုက်ပြီး မုန့်ဟင်းခါးဆက်စားနေရင်း ပြောလိုက်၏။

"နင်တို့ ငါ့ကို စိတ်အနှောင့်အယှက် မပေးနိုင်ပါဘူး၊ ငါ အခု အရမ်းပျော်နေတယ်"

သက်နှင်းစံနှင့် ကျော်မိုးဟာန်တို့က တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဖလှယ်လိုက်ကြသည်။ သက်နှင်းစံက သူမ၏နားထင်ကို လက်ညှိုးတစ်ချောင်းဖြင့်ထောက်ပြပြီး ထိုလက်ညှိုးကို

www.burmeseclassic.com

www.burmeseclassic.com


လှည့်ပြ၏။ ဒီအဓိပ္ပါယ်ကတော့ ကလေးတစ်ယောက်ပင်သိပါသည်။ 'သူ ရှုံးသွားပြီ' ဟု ဆိုလိုခြင်းဖြစ်သည်။

"ဒီ သိပ္ပံရှုံးက တစ်ခုခုတော့ ထူးခြားနေတယ်ကွ"

ကျော်မိုးဟန်က တွေးတွေးဆဆဖြင့် အော်လိုက်၏။

"ဟုတ်ဖ. . . သိပ္ပံရှုံးက အချိုးတွေပြောင်းနေတယ်"

သက်နှင်းစံကလည်း ထောက်ခံလိုက်သည်။

●

သည်နေ့ ကျောင်းတက်ရသည်မှာလည်း ပျော်စရာကောင်းသည်။ အရင်သူငယ်ချင်းများနှင့် ဆယ်တန်းပြန်တက်ရသည့်ခံစားမှုက ပေါ့ပါးဆွတ်ပျံ့နေသည်။ တက္ကသိုလ်တက်ရသည်ထက် အများကြီး ပိုမို လွယ်ကူလှပါသည်။

အားကစားကွင်းထဲတွင် သူငယ်ချင်းများနှင့် ဘောလုံးကန်ကြသည်။ ကျွန်တော်က ဂိုးတွေဘာတွေပင် သွင်းလိုက်သေး၏။

ကျွန်တော် အိမ်ထဲသို့လှမ်းဝင်လိုက်စဉ် မေမေက ဆီးကြို နှုတ်ဆက်လိုက်၏။

"ဟော. . . သား ကျောင်းကပြန်လာပြီ"

"မေမေ. . . ဘယ်လိုဖြစ်ပြီး အိမ်ကို အစောကြီးပြန်ရောက် နေတာလဲ"

သည်အချိန် မေမေ့ကို အိမ်တွင်တွေ့လိုက်ရသည့်အတွက် ကျွန်တော် အံ့အားသင့်သွား၏။ ယခင်ကဆို ကျွန်တော် ကျောင်းမှ ပြန်လာချိန်တိုင်း မေမေ အိမ်မှာမရှိပါ။

မေမေက ကျွန်တော့်ကိုပြုံး၍ကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဒီနေ့ အလုပ်နားလိုက်တယ်သားရဲ့၊ အိမ်မှာ လုပ်စရာလေးတွေ နည်းနည်းပါးပါးရှိနေလို့၊ ဟိုရှင်းဒီရှင်းပေါ့"

"ဪ"

ကျွန်တော်က ဘာမှမပြောတော့ဘဲ တီဗွီဖွင့်လိုက်၏။

မေမေက တီဗွီကို ချက်ချင်းပြန်ပိတ်လိုက်သည်။ ထို့နောက် သူမက. . .

"မေမေ တစ်နေ့လုံး ဘာတွေလုပ်နေသလဲဆိုတာ သား မသိချင်ဘူးလား"

"ဗျာ. . . ဘာကိုသိချင်ရမှာလဲ မေမေ"

"မေမေ တစ်နေ့လုံး ဘာလုပ်ထားသလဲဆိုတာပေါ့"

မေမေ့စကားကြောင့် ကျွန်တော်က ဧည့်ခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်၏။ အရာအားလုံးကို ပုံမှန်အနေအထားအတိုင်းသာ တွေ့ရသည်။

"သား. . . မသိဘူး. . . ပြောပါဦး၊ မေမေ ဘာတွေလုပ်ထားလို့လဲ"

မေမေက ပြုံးလိုက်ပြန်သည်။ သူမကိုကြည့်ရသည်မှာ တစ်စုံတစ်ခုအတွက် စိတ်လှုပ်ရှားပျော်ရွှင်နေပုံရသည်။

"သားမေ့နေပြီလား၊ ဒီတစ်ပတ်ထဲမှာ သားမွေးနေ့ရှိတယ်လေ"

အိုး. . . ဟုတ်သားပဲ. . . ကျွန်တော်မေ့နေလိုက်တာ၊ ကိုယ့်ဘာသာကိုယ် အာရုံတွေများနေတာနဲ့ မွေးနေ့ကို သတိမထားမိလိုက်ပါ။

ဘဝတွင် အိပ်မက်ဆိုးတွေ ဆက်တိုက်မက်နေရလျှင် မွေးနေ့အကြောင်း ဘယ်လိုလုပ်ပြီး ခေါင်းထဲထည့်ထားနိုင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



"သား. . . အံ့ဩသွားမယ့်လက်ဆောင်တစ်ခု မေမေပေးမယ်၊ လာ. . . အပေါ်ထပ်ကို လိုက်ကြည့်၊ ဘာလက်ဆောင်လဲလို့"

မေမေက ပြောပြောဆိုဆိုနှင့် ကျွန်တော့်ကို အပေါ်ထပ်သို့ ခေါ်သွား၏။ ကျွန်တော်လည်း မေမေ့နောက်သို့လိုက်လာရင်း စိတ်လှုပ်ရှားနေမိသည်။ ဘယ်လို အံ့ဩစရာမွေးနေ့လက်ဆောင်မျိုးလဲ။

ကျွန်တော့်မွေးနေ့အတွက် မေမေ၏လက်ဆောင်မှာ တော်ရုံတန်ရုံပစ္စည်းမျိုးတော့ ဟုတ်ပုံမရပါ။ ကျွန်တော့်အတွက် အထူးစပါယ်ရှယ်လက်ဆောင်ဖြစ်၍သာ မေမေ သည်လိုပြောခြင်း ဖြစ်သည်ဟု ကျွန်တော် ရိပ်မိလိုက်သည်။

ကျွန်တော့်အိပ်ခန်းရှေ့တွင် မေမေက ခြေစုံရပ်လိုက်လိုက်၏။

"အံ့ဩစရာက သားရဲ့ အိပ်ခန်းလေးထဲမှာလား"

ကျွန်တော်က သိလိုစိတ်ကို မချုပ်တည်းနိုင်ဘဲ မေးလိုက် သည်။

"ဟုတ်ချင်ဟုတ်မှာပေါ့"

မေမေက ပြန်ဖြေရင်း အိပ်ခန်းတံခါးကို ဆွဲဖွင့်ပြလိုက်သည်။

ကျွန်တော်က အခန်းထဲသို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော့်အခန်းထဲတွင် စက္ကူသေတ္တာများဖြင့် ပြည့်နှက်နေသည်ကို တွေ့လိုက်ရ၏။ စက္ကူသေတ္တာများကို ကြမ်းပြင်မှ မျက်နှာကြက်ထိသည်အထိ စီစီရီရီထပ်ထား၏။

မိုက်တယ်ကွာ. . . အများကြီးပဲ။

"အဲ့ဒါ. . . အဲ့ဒါ. . . သားအတွက် မွေးနေ့လက်ဆောင်တွေ ထည့်ထားတာလားဟင်"

ကျွန်တော်က ဝမ်းသာအားရဖြင့် မေးလိုက်၏။

ကျွန်တော့်စကားကြောင့် မေမေကရယ်ရင်း. . .

"လက်ဆောင်. . . အဲဒီသေတ္တာတွေထဲမှာ မဟုတ်သေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွယ့်''

သေသေချာချာပြန်ကြည့်မှ မေမေပြောသလို မွေးနေ့လက်ဆောင်တွေမဟုတ်မှန်း သိလိုက်ရသည်။ ကျွန်တော်က သိလိုစိတ်ဖြင့်. . .

''အင်း. . . ဒါဖြင့် အံ့ဩစရာမွေးနေ့လက်ဆောင်က ဘယ်မှာလဲ မေမေ''

''သား. . . ဟိုတစ်နေ့က သားပြောတဲ့အိပ်ခန်းကိစ္စကို စဉ်းစားနေတာ၊ နောက်တော့ သားပြောတာမှန်တယ်လို့ မေမေ လက်ခံလိုက်တယ်၊ သားရဲ့အိပ်ခန်းက တကယ့်ကို ကျဉ်းလွန်းတယ်၊ အဲဒါနဲ့ သားရဲ့အိပ်ခန်းကျဉ်းလေးကို မေမေက ဒီနေ့ပဲ အထည်အလိပ်ပစ္စည်းတွေ လှောင်တဲ့ စတိုခန်းလုပ်ပစ်လိုက်ပြီ''

ဟု မေမေက ကျွန်တော့်ကိုရှင်းပြလိုက်သည်။ ကျွန်တော်က ထိတ်လန့်အံ့ဩစွာဖြင့်

BURMESE CLASSIC

''ဗျာ. . . မေမေ. . . ဘယ်လိုလုပ်လိုက်တယ်''

''လာ. . . လိုက်ကြည့်''

မေမေက အိမ်အတွင်းပိုင်းသို့ ဆက်လျှောက်သွား၏။

ထို့နောက်သူမက ဧည့်သည်များအတွက် အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်ရင်း ခပ်မြုံးမြုံးပြောလိုက်သည်။

''ကဲ. . . မွေးနေ့လက်ဆောင်က ဒီမှာ''

ဟင်. . . မဟုတ်တာ။ မဟုတ်သေးဘူး. . . မေမေ။

ဒါ. . . မဖြစ်နိုင်ဘူး။

''ပျော်စရာမွေးနေ့ဖြစ်ပါစေ. . . သား၊ သားရဲ့ အိပ်ခန်းအသစ်က ကြိုဆိုနေပါတယ်၊ အဲဒါ သားအတွက် မေမေ့ရဲ့ မွေးနေ့လက်ဆောင်''

www.burmeseclassic.com

www.burmeseclassic.com


"အာ. . . အာ. . . အာ"

ကျွန်တော့်ပါးစပ်မှ စကားတစ်လုံးမျှ ထွက်မလာနိုင်တော့ ပါ။ အေးစက်သော ကြောက်ရွံ့မှုက တစ်ကိုယ်လုံးကို လွှမ်းခြုံပစ် လိုက်သည်။

ကျွန်တော့်ကုတင်၊ ကျွန်တော့်ဗီရို၊ ကျွန်တော်၏ နံရံကပ် ဗီစတာအားလုံးနှင့် စာအုပ်များသည် ငြိမ်သည်များထားသည့် အိပ်ခန်း (တစ်ဖြစ်လဲ) ကျွန်တော့်အိပ်ခန်းအသစ်ထဲတွင် အသီးသီး နေသားတကျဖြစ်နေလေပြီ။

"ဖေ့ာ်ထက်. . . သား ဘာဖြစ်သွားတာလဲ၊ သားပဲ ဒီအိပ်ခန်းမှာ နေချင်တယ်လို့ မေမေ့ကိုပြောပြီးတော့"

မေမေက ထိတ်လန့်အံ့သြနေသော ကျွန်တော့်ကိုကြည့်ရင်း နားမလည်နိုင်စွာ မေးလိုက်၏။

BURMESE CLASSIC

ကျွန်တော်လည်း ဘာမှမပြောနိုင်ဘဲ ပါးစပ်ဟောင်းလောင်း ဖြစ်လျက် ကြက်သေသေနေမိသည်။ နောက်မှ သတိဝင်လာပြီး ဒေါသူပျက်တုန်လှုပ်စွာ အသံကုန်အော်ဟစ်လိုက်မိတော့သည်။

●

အရုဏ်မလင်းမီ မှောင်ရီပိုးတဝါး. . .။ ပိုးမွှားကောင်တို့၏ အော်သံသဲ့သဲ့ကို ကြားရတတ်သည်မှအပ ညသည် မရဏဆန်ဆန် တိတ်ဆိတ်ခြောက်သွေ့လွန်းနေသည်။

လေပြည်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်သွားသောကြောင့် ဝါကျင့်ကျင့် မီးလုံးမှ ထိုးကျနေသော ရှည်မျော့မျော့ အရိပ်တစ်ခုသည် ယိမ်းထိုးတုန်ခါသွား၏။ ကုတင်ပေါ်တွင် ကျွန်တော်၏မျက်လုံး အစုံကို ဖွင့်လျက်သား ငုတ်တုတ်ထိုင်နေမိသည်။ မနက်လင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကို တစ်ညလုံး မအိပ်ဘဲ တိတ်ဆိတ်စွာ စောင့်စားနေခဲ့ခြင်း ပင်ဖြစ်သည်။ ကျွန်တော် သွေးပျက်ချောက်ချားနေခြင်း မဟုတ်ပါ။

ပဟေဠိတစ်ခုကို အဖြေရှာနေမိခြင်းဖြစ်သည်။

တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်လျှင် ကံဆိုးမိုးမှောင်ကျမှု များက အလုံးအရင်းဖြင့် ဝင်ရောက်လာမည်ဆိုပါက ထိုတံခါးကို သင်တွန်းဖွင့်မည်လား။

တံခါးရှေ့တွင် ကျွန်တော့်လို တိတ်တိတ်လေး စောင့်စား နေမည်လား. . .။

ကျေးဇူးပြု၍ ကျွန်တော့်ကို ဖြေပေးကြစေလိုပါသည်။

■

BURMESE CLASSIC

ခွန်းချိုငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၅

# ချမ်းချိုငြိမ်းချမ်း

## သတိ! ချောက်လှန့်တတ်သည်

BURMESE CLASSIC

အကာလညတစ်ည. . .။

လကွယ်ညဖြစ်ပြီး ကြယ်တစ်ချို့တလေသာရှိသဖြင့် ကောင်းကင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေသည်။ တိမ်ညိုတိမ်မည်းများက တရွေ့ရွေ့မျောလွင့်နေကြ၏။

"အူး. . . ဝူး. . . ဝူး"

မနီးမဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ကင်းတဲပေါ်တွင်မီးကင်းစောင့်နေသော အောင်ဘမှာ ကြက်သီးမွေးညင်းထကာ ခေါင်းနားပန်းကြီးသွားသည်။

"ဟင်"

အောင်ဘ အလန့်တကြား ရေရွတ်လိုက်၏။ အမှောင်ထဲတွင် သူ့ထံသို့ တည့်တည့်လျှောက်လာနေသော အရိပ်မည်းမည်းကြီးနှစ်ခု ကို မြင်တွေ့လိုက်ရသောကြောင့်ပင်။

သံရဲကြောက်တတ်သော အောင်ဘတစ်ယောက် [illegible] တော့။

www.burmeseclassic.com

www.burmeseclassic.com

မီးဖိုရန်စဉ်းစားမိသော်လည်း ကြောက်လွန်းသဖြင့် ကင်းတဲပေါ်မှ အောက်သို့လည်းမဆင်းရဲ။ ကြက်သီးများတဖျန်းဖျန်းထလာပြီး အပေါ်သွားချင်သလိုလို အလေးသွားချင်သလိုလိုဖြစ်လာသည်။

အရိပ်မည်းမည်းကြီးနှစ်ခုက သူ့ထံသို့ တရွေ့ရွေ့လျှောက်လာနေဆဲ။

အောင်ဘ မျက်စိစုံမှိတ်ပြီး ပါးစပ်ထဲပေါ်လာသမျှဘုရားစာကို အမြီးအမောက်မတည့်စွာ တဖွဖွရွတ်နေမိ၏။ စွပ်ကျယ်လက်ပြတ်နှင့် ကိုယ်ကိုလည်းကျုံ့ကွေးထားမိသည်။

အချိန်မည်မျှကြာအောင် ရွတ်နေမိသည်မသိ။ ဘုရားစာရွတ်ရလွန်းသဖြင့် ပါးစပ်မှ အမြှုပ်ထွက်မတတ်မောလာ၏။

အောင်ဘမရဲတရဲဖြင့် မျက်လုံးအစုံကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။ ခုနက သူတွေ့မြင်နေရသော အရိပ်မည်းမည်းကြီးနှစ်ခု ဘယ်ရောက်သွားပြီလဲ။

အရိပ်မည်းမည်းကြီးနှစ်ခုကား ပျောက်ခြင်းမလှပျောက်သွားလေပြီ။ အောင်ဘ စိတ်သက်သာရာရစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ တော်ပါသေးရဲ့။ ငါ မျက်စိအမြင်မှားတာပဲဖြစ်မယ်။

အတွေးမဆုံးခင်မှာပင် . . .

"ဘတ်"

"အား . . . ကယ်ကြပါဦးဗျ"

BURMESE CLASSIC

မကြာမီမျှော်

www.burmeseclassic.com